

www.burmeseclassic.com
ကလေးများအတွက်
ရတနာပန်းခြင်း
ရုပ်စုံမဂ္ဂဇင်း
BURMESE CLASSIC
2015
www.burmeseclassic.com

www.burmeseclassic.com

မောင်ခေတ်ထွန်း
စီစဉ်သည်

# ရတနာပန်းခြင်း

ရုပ်စုံ မဂ္ဂဇင်း



အတွဲ ၂၀၊ အမှတ် ၁၁၊ ဇန်နဝါရီလ၊ ၂၀၁၆ ခုနှစ်

**အုပ်ချုပ်ရေးမှူး**
ဒေါ်မြင့်မြင့်ရီ

**အယ်ဒီတာချုပ်**
မောင်ခေတ်ထွန်း
B.A. (Psy.), D.B.L, D.I.L,
Dip. in Global English, Cert, in B.D.S
D.L.P, WIPO (Switzerland)

**အယ်ဒီတာအဖွဲ့**
ဒေါ်မြင့်မြင့်ရီ၊ ပွင့်ဇာဖြူ

**မဂ္ဂဇင်းတိုက်တည်နေရာ**
၈၀ (အေ)၊ အပေါ်ဆုံးထပ်၊ ၁၂၄-လမ်း
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။
ဖုန်း- ၂၉၉၉၄၂၊ ၀၉ ၅၁ ၇၄၅၂၁

**ထုတ်ဝေသူ**
ဦးဝင်းမောင် (၀၀၉၁၈)
ရတနာပန်းခြင်းရုပ်စုံမဂ္ဂဇင်း
၈၀ (အေ)၊ အပေါ်ဆုံးထပ်၊ ၁၂၄-လမ်း
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။

**ပုံနှိပ်သူ**
ဦးဝင်းအောင် (၀၀၀၈၂)
သန်းထိုက်ရတနာပုံနှိပ်တိုက်
၈၄/၈၆၊ လမ်း-၅၀၊ ၁-ရပ်ကွက်
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။

**မျက်နှာဖုံးရိုက်**
ဒေါ်ရွှေ (၀၀၇၁၉)၊ သုခပုံနှိပ်တိုက်
၁၂၈၊ ၄၆-လမ်း၊ ရန်ကုန်။
တန်ဖိုး - ၁၀၀ ကျပ်
အုပ်ရေ - ၅၀၀

## ■ ကဗျာ

| | | |
|---|---|---|
| ဆောင်းလရာသီ | အဖျောက်မြေမောင်ဆွေမွန် | ၄ |
| ပြောကြပါဦး ဘယ်သူတုံး | မောင်ယဉ်မှူး | ၁၂ |
| အလင်းရှင် | မောင်မောင်မိုးအောင် | ၆၈ |
| သဘာဝက ပေးတဲ့ဆု | ရဲမြင့်နောင် | ၈၈ |
| စားသုံးသမှု သတိပြု | ကေမင်းညီ | ၁၁၂ |

## ■ သုတနှင့် ဉာဏ်စမ်းပဟေဠိ

| | | |
|---|---|---|
| ငှက်ကလေးကို လှောင်အိမ်ဆီ ပို့ပေးပါ | | ၅ |
| ကလေးတို့မျက်စိဘယ်လောက်လျင်သလဲ | ကောင်းထက်အောင် | ၆ |
| သိမှတ်စရာ ဗဟုသုတအတိုအထွာ | မောင်ခေတ်ထွန်း | ၈ |
| ပုံတူကူးဆွဲပေးပါ | | ၉ |
| ကမ္ဘာ့ပုဂ္ဂိုလ်ထူးများ | မောင်ခေတ်ထွန်း | ၁၀ |
| အဖြေညှိကြည့်လိုက်ပါလား | ဦးဦးပဟေဠိ | ၃၉ |
| ရှေးဟောင်းတရုတ်ပြည် | မောင်ခေတ်ထွန်း | ၄၄ |
| ကမ္ဘာ့အကြီးဆုံးရေခဲမုန့် | | ၆၁ |
| စကားလုံးတွေကို မှန်အောင်ဖြည့်ပါ | | ၆၇ |
| ခမောက် | ဒေါ်အုန်းကြည်သား | ၇၂ |
| ဉာဏ်စမ်းကလေးတွေ ဖြေကြည့်ကြစို့ | ကိုရွှေတောသား | ၇၃ |
| ထူးခြားသော တူရိယာပစ္စည်းများ | ပွင့်ဇာဖြူ | ၇၇ |
| အရသာအမည်တွေကို ရှာပါ | | ၈၄ |
| လုပ်ကြည့်တော့ လွယ်လွယ်လေး | မှတ်စုမောင် | ၈၅ |
| စကားထာပဟေဠိ အဖြေညှိရအောင် | ဦးကောင်းထူး | ၁၀၅ |
| ရှေးအကျဆုံး သက်တမ်းရှည်သစ်ပင် | | ၁၀၆ |
| လပေါ် ပထမဆုံးလမ်းလျှောက်ခဲ့သူ | | ၁၁၁ |
| လူငယ်နှင့် ကျန်းမာကြံ့ခိုင်ရေး | မောင်ဝင်းဟန် | ၁၁၃ |
| တူတဲ့ပန်းနှစ်ပွင့်ကို ရွေးပေးပါ | | ၁၁၈ |
| သားပိုက်ကောင်သား | | ၁၂၀ |
| ကံကောင်းသည့် ရွက်သင်္ဘော | | ၁၂၀ |

www.burmeseclassic.com


[illegible] ၁၂၃
[illegible] [illegible] ၁၂၂
[illegible] ၁၃၁
[illegible] ၁၃၁
[illegible] ၁၄၄
[illegible] ကျော်ရည်မြင့် ၁၅၅
[illegible] ၁၃၆


■ ကလေးများအတွက်အင်္ဂလိပ်စာ



[illegible] (အင်္ဂလိပ်-မြန်မာ) ကိုကြွယ် ၂၂
Letter Writing Moe Yan Myint ၅၇
အသိဉာဏ်ကြွယ်ကြွယ် ပြောကြမယ် အောင်ကြည်ညွန့်(ဇာတ္တသိုလ်) ၆၃
Essay Writing ဦးဦးကျော် ၁၄၇


■ စာစီစာကုံး


ကျွန်တော့်ရည်မှန်းချက် မြန်စာမိုး ၆၂


■ ရုပ်ပြ


မောင်တီထွင်၏ အိုကေစက် ကာတွန်းသစ်ထွဏ်း ၁၇
အနော်ရထာ သရုပ်ဖော်လှုဇော် ၂၅


အဘွဲနှင့် သူ့ခါမြေး ကာတွန်းငွေးအောင်အောင် ၄၉
မေဗွာ သရုပ်ဖော်ဝိုင်းမော် ၉၇
ညီညာမှ ပြည်သာမည် ကာတွန်းသိက္ခာ ၁၂၉
ဆုံးကလေး၏ စာသင်ခန်းထဲမှာ ကာတွန်းရန်ကြီးအောင် ၁၅၀


■ ကလေးရုပ်ရှင်နှင့် ဗွီဒီယို


The Good Dinosaur ဝေရက်


■ ကလေးဟာသ


ကလေးဟာသများ ကျော်မြင့်အေး ၁၁၀


■ ပြိုင်ပွဲ


ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ (၁) ၆၄
ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ (၂) ၁၀၉
ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ (၃) ၄၆
ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ (၄) ၀၁၄
ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ (၅) ၅၀
ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ (၆) ၁၅၇
ဉာဏ်စမ်းပဟေဠိပြိုင်ပွဲအဖြေများနှင့် အဖြေမှန်သူများစာရင်း ၁၅၄


■ သူ့လက်ရာ


မောင်ရဲဝင်းမောင် ၁၅၂


■ ဇာတ်နိပါတ်တော်နှင့် မြန်မာ့ရိုးရာပုံပြင်


အပင်အောက်ကြေမှ စားချင်သည် တေဇာရွှေတောင် ၁၁
ကြက်မင်းနှင့် စွန်ရဲ ထွဏ်းအောင်ကျော် ၉၂


■ တိုင်းရင်းသားရိုးရာပုံပြင်


အစ္စမအောင်ခလိုင် အခံ့မအောင်ခလိုင် (ကရင်) မောင်သာမြွေး ၆၅


■ စကားပုံ ပုံပြင်


အိုးစရည်း၏ မာန ငှက်ခါး ၇၄


■ ဂန္ထဝင်ပုံပြင်


ကောင်းကင်၌ ပြည့်သော ရှုပ်မင်း ၁၂၄




www.burmeseclassic.com

www.burmeseclassic.com

## ■ နိုင်ငံတကာပုံပြင်များ


| | | |
|---|---|---|
| ပုံပြင်အတိုအထွာ | မောင်ခေတ်ထွန်း | ၁၇ |
| ဆင်နှာမောင်းအစ မိကျောင်းက | အောင်စည်ချမ်းသာ | ၄၁ |
| သူရဲကောင်းငါးဖော် | ဒေါက်တာခင်မောင်ညို | ၅၉ |
| သိုးကျောင်းသားရဲ့ ဘဏ္ဍာတိုက် (ပါရှန်) | ဝေလင်းထွန်း | ၆၉ |
| ပန်းတွေကို ပွင့်စေသူ (ဂျပန်) | ဝေလင်းထွန်း | ၇၉ |
| သူဌေးကလေး မောင်မောင်ကြွက် | အောင်ချစ်စိုး(လသာ) | ၁၁၇ |
| ဗစ်တာဟူးဂိုး ပြောတဲ့ ပုံပြင်တစ်ပုဒ် (ပြင်သစ်) | ဝေလင်းထွန်း | ၁၁၉ |
| နှာချေသံတစ်ချက်က မယားတစ်ယောက်ရ | အောင်ချစ်စိုး(လသာ) | ၁၃၇ |


## ■ ဝတ္ထုတို


| | | |
|---|---|---|
| ခြားနားခြင်းနေ့ရက် | မင်းတည်တံ့ | ၄၇ |
| စေတနာမှန်လျှင် အကျိုးပေးမည် | ဖျာပုံသိန်းသန်းအောင် | ၈၁ |
| ဖေဖေနှောင်တာ သားနှောင်တာ | ချစ်မှန်းငြိမ်း | ၁၁၅ |
| ငါးသုံးကောင် | အောက်တိုဘာအောင်ကြီး | ၁၄၁ |


□


**ပန်းချီကာတွန်းပညာရှင်များ**
အောင်ရှိန်၊ ဆန်းထွန်း၊ မြေဇာ၊ သစ်ထွဏ်း၊
ဖေသစ်တည်၊ ဌေးအောင်အောင်၊
မိုးကျော်(C.U)၊ အာကာ၊ နိုင်လင်း၊
ပေါ်ကာ၊ ကာတွန်းမြူးညီ၊ သန့်ဇော်သစ်၊
ကာတွန်းဝိုင်းမော်၊ ကာတွန်းသိကွာ

**မျက်နှာဖုံးပန်းချီ**
ပန်းချီ တင်လှဝင်းထင်

**မျက်နှာဖုံးကာလာခွဲ**
Alpha

**အတွင်းဖလင်**
ဦးထွန်းဆိုင်

**ကွန်ပျူတာစာစီ**
တင်မိုးခိုင်

**ဒီဇိုင်းအပြင်အဆင်**
ကျော်စည်ငြိမ်း

**ဖြန့်ချိရေး**
ရွှေမင်းသမီးစာပေ၊ အမှတ် ၂၀၀(မြေညီထပ်)၊
၃၁ လမ်း(အထက်လမ်း)၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၄၃၀၇၃၁၅၂၊ ၀၁-၄၀၀၆၇၄






www.burmeseclassic.com

# ဆောင်းလရာသီ

■ အဖျောက်မြေ မောင်ဆွေမွန်

● ငွေနှင်းစိုစို လပြာသို
ဆောင်းလရောက်ပြီကိုး။
ပျို့ပျို့အိုအို မများ
နွေးထည် ဝတ်လို့ထား။

● ဘိုးဘိုး ဘွားဘွား ဒေါ်ဒေါ်တွေ
ဦးဦး မကျန်ပေ။
သည်ဆောင်းကိုလေ ကာကွယ်မှု
အလေးဂရုပြု။

● ပုစုခရု ကလေးပါ
ဂရုစိုက်ကြတာ။
နွေးထည်ကိုသာ ခြုံကာလွှမ်း
ဆောင်းလကို ဖြတ်သန်း။

● ဆောင်းချမ်းမြမြ သည့်ရာသီ
လမ်းလျှောက်ထွက်ကြပြီ။
ကိုယ် ့ကိုယ်စီ သတိထား
ဆောင်းနိုင်ငံအများ
သူတို့လည်းပဲ လူလိုဗျား။




www.burmeseclassic.com

## ငှက်ကလေးကို လှောင်အိမ်ဆီပို့ပေးပါ

ကလေးတို့ရေ ..

ငှက်ကလေးတစ်ကောင်ဟာ သူ့လှောင်အိမ်ဆီသွားဖို့ လမ်းပျောက်နေပါတယ်။ ကလေးတို့က ငှက်ကလေးကို လှောင်အိမ်ဆီရောက်အောင် ပို့ပေးကြပါကွယ်။



www.burmeseclassic.com

www.burmeseclassic.com


# ကလေးတို့မျက်စိ ဘယ်လောက်လျင်သလဲ

## CAN YOU FIND THESE HIDDEN PICTU

ကလေးတို့ရေ . .

ကလေးတို့မျက်စိ ဘယ်လောက်လျင်သလဲဆိုတာ သိရအောင် တစ်ဖက်မှာ ဖော်ပြထားတဲ့ ပုံကြီးထဲက ကလေးတို့နဲ့ ယဉ်ပါးနေပြီဖြစ်တဲ့ မှိုပွင့် mushroom ၊ သကြားလုံးတုတ် candy cane ၊ လက်အိတ် glove ၊ သစ်တော်သီး pear ၊ အော်လံ megaphone ၊ မေပယ်ရွက် maple leaf ၊ စုန်းမဦးထုပ် witch hat ၊ ဟော်ကီရိုက်တံ hockey stick ၊ လွှ saw ၊ ဝက်အူချောင်းညှပ်ပေါင်မုန့် hot dog ၊ သွားပွတ်တံ toothbrush ၊ ကျူးလစ်ပန်း tulip စတဲ့ ရုပ်ပုံ (၁၂)ခုကို ရှာလို့မလွယ်အောင် မြှုပ် ဆွဲထားပါတယ်။ အဲဒီပစ္စည်းတွေကို ရှာလို့ရအောင်လည်း ပုံကြီးထဲမှာ မြှုပ်ဆွဲထားတဲ့ ပုံသဏ္ဌာန်အရွယ်အစားအတိုင်း အမျိုးအမည် (၁၂)မျိုးစလုံးကို စုပေါင်းဖော်ပြပေးထားပါတယ်။ ကလေးတို့က စိတ်ရှည်ရှည်၊ မျက်စိလျှင်လျှင်ထားပြီး ရှာဖို့သာလိုပါတယ်။ အဲဒီလို ရှာတဲ့နေရာမှာလည်း တစ်ဦးတစ်ယောက်တည်းရှာတာထက် နှစ်ဦး၊ သုံးဦး ဝိုင်းရှာတာက ပိုပြီးပျော်စရာကောင်းပါလိမ့်မယ်။ ကဲ . . စမ်းကြည့်ကြပေါ့ကွယ်။

ကောင်းထက်အောင်






www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

■ မောင်ခေတ်ထွန်း

# သိမှတ်စရာ ဗဟုသုတအတိုအထွာ


## မိုးကြိုးပစ်အပူစွမ်းအား

လူတစ်ဦး မိုးကြိုးပစ်ခံရပါက သူ့အသားအရေသည် နေမျက်နှာပြင်ထက် အပူရှိန်ပိုပြင်းသည့် ဒဏ်ခံရကာ အပူရှိန် ၂၈၀၀၀ ဒီဂရီစင်တီဂရိတ်အထိ လောင်ကျွမ်းစေသည့် အပူရှိန်ရှိလေသည်။



## လူ့အသက်ခုနစ်သောင်းရှည်မှ ရောက်မည့်ဂြိုဟ်

ခေတ်သစ် အာကာသယာဉ်များသည် ကမ္ဘာနှင့် အနီးဆုံး ကြယ်ဂြိုဟ်ဆီသွားပါက ကြယ်ဆီသို့ရောက်ရန် ပင် နှစ်ပေါင်းခုနစ်သောင်းကြာ သွားရပေမည်။



## ခရုခွံရောင်းသည့်ဆိုင်မှ ပေါ်ထွန်းလာသည့် ရေနံကုမ္ပဏီကြီး

ကမ္ဘာကျော် ရှယ်ရေနံကုမ္ပဏီ The Shell Oil Company သည် မူလအစက လန်ဒန်မြို့တွင် ဖွင့်လှစ်ခဲ့သည့် ခရုခွံ Seashell ရောင်းသည့် ဆိုင်ကလေးဖြစ်သည်။






www.burmeseclassic.com

www.burmeseclassic.com


## လိင်တူမွေးဖွားသည့်သတ္တဝါ

လက်တင်အမေရိကဒေသတွင် တွေ့ရသည့် သင်းခွေချပ်ကဲ့သို့ အကြေးခွံမာများဖြင့် ဖုံးလျက်ရှိပြီး အန္တရာယ်ရှိက ခွေလုံးနေတတ်သော အမာဒီလို အမသတ္တဝါ Armadillos သည် တစ်ကြိမ်မွေးလျှင် လေးကောင်နှုန်း မွေးကာ လေးကောင်စလုံးသည် လိင်မကွဲဘဲ အစဉ်အမြဲ လိင်တူချည်းဖြစ်ကြလေသည်။



## ကျောဆန့်ထ သမ်းဝေသည့် ပုရွက်ဆိတ်

ပုရွက်ဆိတ်များသည် အိပ်နေရာမှ နိုးလာသည့်အခါ ကျောဆန့်ထပြီး တစ်နေ့တာအလုပ်မလုပ်မီ လူများ သမ်းဝေသည့် အပြုအမူအတိုင်း သမ်းကြလေသည်။




[ Illustrated book of Amazing Facts စာအုပ်မှ • •]

မောင်ခေတ်ထွန်း


❐

### ပုံတူကူးဆွဲပေးပါ

ကလေးတို့ရေ ••

ပုံသေး ကုလားအုတ်ပုံကို ပေးထားတဲ့ ဇယားကွက်ထဲမှာ ကူးဆွဲပေးရမယ်။ သူ့ဇယားကွက်အတိုင်း လိုက်ပြီးကူးဆွဲရင် အလွယ်တကူရေးဆွဲနိုင်မှာ ဖြစ်ပါတယ်။

### ENLARGE THE DRAWING





www.burmeseclassic.com

www.burmeseclassic.com

■ မောင်ခေတ်ထွန်း

# ကမ္ဘာ့ပုဂ္ဂိုလ်ထူးများ

## သီချင်းပေါင်းမြောက်မြားစွာ သီဆိုနိုင်သူ



သီချင်းပေါင်းမြောက်မြားစွာသီဆိုကာ 'ပက်မာဗီဖူရှန်' သီချင်းဆုကိုရရှိခဲ့သည့် အသံကောင်းအဆိုတော်တစ်ဦးမှာ အိန္ဒိယနိုင်ငံမှ အဆိုတော်တေးသံရှင်အမျိုးသမီးကြီး 'အက်ရှာဘိုဆလီ' Asha Bhosle ဖြစ်သည်။ သူသည် ဘောလီးဝုဒ်ရုပ်ရှင်မြို့တော်၌ ရုပ်ရှင်နောက်ခံတေးသီချင်းများစွာကိုလည်း သီဆိုပေးခဲ့ရသူ ဖြစ်သည်။ သူသည် တေးသီချင်းများကို ၁၉၄၃ ခုနှစ်မှ စတင်သီဆိုခဲ့ရာ သူ့သီချင်းဓာတ်ပြားနှင့် သီချင်းခွေများစွာ ရောင်းခဲ့ရသည်။ သူသည် ဘောလီးဝုဒ်မှထုတ်လုပ်သော ရုပ်ရှင်ကားပေါင်း ၉၅၀ တွင် နောက်ခံသီချင်းများ သီဆိုပေးခဲ့သည်။ 'အက်ရှာဘိုဆလီ'သည် နာမည်ကျော်အဆိုတော် 'လာတာ မန်ဂက်ကာ' Lata Mangeshkar ၏ ညီမလည်းဖြစ်သည်။



## အဝေးကြည့်မှန်ပြောင်းကို တီထွင်သူ

ကမ္ဘာ့အဝေးကြည့်မှန်ပြောင်းကို တီထွင်ခဲ့သူမှာ 'ဂယ်လီလီယို' Galileo ဖြစ်သည်။ သို့သော် ကိရိယာပစ္စည်းတော့ မဟုတ်ပေ။ ဂယ်လီလီယို ကြံဆခဲ့သည့် အဝေးကြည့်မှန်ပြောင်း တီထွင်ကြံဆမှုကို ပီပြင်ကောင်းမွန်အောင် ဆောင်ရွက်ခဲ့သူနှစ်ဦးမှာ ဒတ်ချ်လူမျိုး 'လစ်ပါဟီး' နှင့် 'ဇာချာရီရာစ်ဂျန်ဆန်' တို့ ဖြစ်ကြသည်။

ဂယ်လီလီယိုသည် ခေတ်သစ်နက္ခတ်တာရာ စူးစမ်းရှာဖွေရေး၏ ဖခင်ကြီးဖြစ်သကဲ့သို့ ခေတ်သစ်ရူပဗေဒနှင့် သိပ္ပံပညာ၏ ဖခင်ကြီးလည်းဖြစ်ပေသည်။

[ Let me know WHO စာအုပ်မှ · · ]

မောင်ခေတ်ထွန်း

❐



www.burmeseclassic.com

www.burmeseclassic.com

# အပင်အောက်ကြွေမှ စားချင်သည်

□ တေဇာရွှေတောင်

အကျိုးလိုလို့ ညောင်ရေလောင်းဆိုတဲ့ စကား တစ်ခု ရှိပါတယ်။ ပြုခြင်းရဲ့အကျိုးတရားကို လိုလားလို့ လုပ်ကြတာပါ။ မိုးရွာနေတုန်း ညောင်ရေသွန်းလောင်း နေတာ၊ ဆင်းတုတော်ကို ရေသပ္ပာယ်နေတာ၊ နေပူကျဲ ကျဲမှာ ဖယောင်းတိုင်မီး သက်စေ့ပူဇော်နေတာတွေကို ကလေးတို့ တွေ့မိမြင်မိနေကြမှာပါ။ ဖြစ်သင့်မဖြစ်သင့် မစဉ်းစားတော့ပဲ မိမိလိုအပ်ချက်တွေ ပြည့်ချင်လွန်းပြီး လောဘသားတွေပီပီ အဆင်ခြင်ဉာဏ်မဲ့ လုပ်နေတာ တွေ အများကြီးပေါ့။ နေ့ခင်းကြောင်တောင် နေပူပူကြီး ထဲ ဖယောင်းတုင်မီး သက်စေ့ပူဇော်တာတွေမြင်တိုင်း ဦးဦးပြောတဲ့ ဆတ်လေးတစ်ကောင်အကြောင်း သတိရ စေချင်လွန်းလို့ ပြောပြလိုက်တာပါ။ ဆင်ခြင်တုံတရားရှိ စေဖို့ လက်ဆောင်ပေးလိုက်တဲ့ ပုံပြင်လေးတစ်ပုဒ်ပေါ့။

အဲဒီ ဆတ်ဆိုတဲ့သတ္တဝါဟာ တကယ်တော့ ဘုရားအလောင်းတော်ပါ။ တောတစ်တောထဲမှာနေပြီး သစ်သီးကြီးငယ်တွေစားလို့ ကျက်စားနေပါတယ်။ တစ် နေ့တော့ ယမနေသီးတွေကိုစားပြီး နေပါတယ်။

ရွာမှာနေတဲ့ မုဆိုးတစ်ယောက်ဟာ ယမနေပင် မှာ လင့်စင်ထိုးပြီး ယမနေသီးစားဖို့လာတဲ့ သားကောင် တွေကို လှံနဲ့ထိုးဖို့ စောင့်နေပါတယ်။ ရွာကနေလာပြီး လင့်စင်ပေါ်မှာ အသင့်တက်နေတာပါ။

ဘုရားလောင်းဆတ်ဟာလည်း ထုံးစံအတိုင်း ယမနေသီးစားဖို့ ယမနေပင်ရှိရာကို လာပါတယ်။ ဒါပေ မယ့် မစားခင် အန္တရာယ်ရှိမရှိကို စုံစမ်းပါတယ်။ မုဆိုး ကလည်း ဆတ်ရဲ့ပါးနပ်မှုကြောင့် အပင်အောက်မဝင် တာကိုသိလို့ ဆတ်ရဲ့ရှေ့ကိုရောက်အောင် ယမနေသီး တွေကို ပစ်ပစ်ပေးနေပါတယ်။

ဆတ်ကလည်း သဘာဝမကျတာကိုသိလို့ အပင်ကိုလေ့လာတဲ့အခါ လိုချင်တပ်မက်မှုကြီးကြီးနဲ့ ကြိုးစားနေတဲ့မုဆိုးကြီးကို မြင်ပါတယ်။ မမြင်ယောင်ပြု ပြီး ယမနေပင်ကိုပြောသလို ပြောပါတယ်။

"အို ႋ ယမနေပင် သင်သည် ယခင်က ယမ နေသီးတို့ကို အပင်အောက်တည့်တည့်ကိုသာ ကြွေစေ ၏။ ယခုမူ အသင်သည် အပင်၏သဘာဝတရားကို စွန့်လွှတ်လျက် ငါ့ရှေ့၌ပင် အသီးကိုကျစေလေပြီ။ တ ရားမရှိတော့သော သင့်အသီးကို ငါမစားလိုတော့ပါ"

ပြောလည်းပြော ယမနေပင်က ထွက်ခွာပါတော့ တယ်။ မုဆိုးလည်း လှံနဲ့လှမ်းပစ်တာပေါ့။

"ဟယ် ႋ တိရစ္ဆာန် ကံကောင်းလို့လွတ်တယ် မှတ်ပါ"


"မုဆိုးကြီး ငါကားလွတ်၏။ သင်ကားမလွတ်။ ငရဲကြီးရှစ်ထပ် တစ်ဆယ့်ရှစ်ရပ်သော ဥဿဒငရဲတို့က သင့်အား မလွတ်အောင် စောင့်ကြိုနေလေပြီ"

ဆိုလည်းဆို မုဆိုးနှင့်ဝေးအောင်လည်း ပြေးသွား လေတော့၏။

[ ငါးရာ့ငါးဆယ်ဇာတ်ဝတ္ထု ကုရင်္ဂဝဂ်၊ ကုရင်္ဂမိဂ ဇာတ်အား ခံစားဖွဲ့သီခြင်းဖြစ်၍ အခြားမဂ္ဂဇင်းစာစောင် များသို့ တစ်ပြိုင်နက်မပို့ထားပါကြောင်း ဝန်ခံကတိပြုပါ သည်။ ]

တေဇာရွှေတောင်

□





www.burmeseclassic.com

www.burmeseclassic.com

# ပြောကြပါအုံး(ဦး) ဘယ်သူတုံး


မောင်ယဉ်မှူး

ကျားကြီးပါဝါ သူ့ဆရာ
ဘယ်သူတုံးထင်တာ။

■ ညှောင်ညှောင်သံစာ အကောင်သေး
ကြောင်လေး ပီစီကွေး။

■ ကြောင်ကလေးရဲ့ သူ့ဆရာ
ဘယ်သူများထင်တာ။

■ ကြွက်ကလေးပါ အိမ်ခေါင်ပုန်း
ကြွက်ဆရာက ဘယ်သူတုံး
ပြောပြကြပါအုံး(ဦး)။ ။





www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ပုံပြင်အတိုအထွာ

## မောင်ခေတ်ထွန်း

### အပြာရောင် ခွေးအ

တစ်ခါက ခွေးအတစ်ကောင်သည် တောခွေးအချို့၏ရန်မှ ပြေးလာခဲ့သည်။ ထို့နောက် ခွေးအသည် အရိုန်လွန်ကာ မဲနယ်ဆေးဆိုးရန်ဖော်စပ်ထားသည့် ဆိုးဆေးအိုးပိုင်းပြတ်ထဲသို့ ချော်ကျသွားလေသည်။ ထိုအခါ သူ့ကိုယ်ရောင်သည် အပြာရောင်ဖြစ်သွားလေသည်။

တောထဲရှိ တိရစ္ဆာန်အားလုံးက ခွေးအကို တောထဲသို့ အသစ်ရောက်ရှိလာသည့် အင်အားကြီးသော တိရစ္ဆာန်တစ်ကောင်ဟု ထင်မှတ်ကြလေသည်။ ခွေးအလည်း စိတ်ကြီးဝင်ကာ မော်ကြွားစွာဖြင့် -

"ငါ့ကို ဒီတောကိုအုပ်ချုပ်ဖို့ ဘုရားသခင်က စေလွှတ်လိုက်လို့ ရောက်လာတာပါ"ဟု ပြောဆိုလေသည်။

ထို့ကြောင့် တိရစ္ဆာန်များက ခွေးအကို ဘုရင်အဖြစ် တင်မြှောက်ကြကာ ကောင်းစွာပြုစုကြလေသည်။

သို့သော် တစ်နေ့တွင် ခွေးအတစ်အုပ်သည် သူ့နားကို ဖြတ်သန်းသွားလေရာ အပြာရောင်ခွေးအလည်း သူ့ဗီဇကို မဖျောက်နိုင်ဘဲ အူသံပေးလိုက်လေသည်။

သူ့ထံခစားနေသည့် တိရစ္ဆာန်များလည်း အပြာရောင်ခွေးအအား ရိုးရိုးသာမန်ခွေးအမှန်း သိရှိသွားကြကာ ခွေးအအား တောထဲမှ မောင်းထုတ်လိုက်ကြလေသည်။

[ 365 Animal Tales စာအုပ်မှ The Blue Jackal. ]


□





www.burmeseclassic.com

www.burmeseclassic.com



## သန်းနှင့် ကြွက်

တစ်နေ့တွင် သန်းတစ်ကောင်သည် ခြသေ့်ကို ကိုက်လိုက်လေသည်။ ခြသေ့်က ခွေးအအချို့ကိုခေါ်ကာ သန်းကိုသတ်ရန် ပြောကြားလိုက်သည်။ သန်းလည်း ထိတ်လန့်သွားသည်။ သူ့အနားတွင် ကြွက်ကလေးတစ်ကောင်ကို တွေ့မြင်ရာ ကြွက်အား -

"ကျေးဇူးပြုပြီး ဒီနေရာမှာပုန်းအောင်းပါရစေ"ဟု ခွင့်တောင်းလေသည်။

ကြွက်လည်း သန်းကိုခွင့်ပြုလိုက်သည်။ သန်းက "တစ်နေ့ကျရင် ခင်ဗျားရဲ့ ကျွန်တော့်အပေါ် ကြင်နာသနားမှုအတွက် ကျေးဇူးပြန်ဆပ်ပါ့မယ်"ဟု ပြောဆိုလေသည်။

မကြာမီ ကြွက်သည် ခွေးအတစ်ကောင်၏ ဖမ်းဆီးမှုကိုခံရသည်။ ခွေးအသည် ကြွက်ကို စားမည်ပြုလိုက်သည့်အခါ သန်းက လျင်မြန်စွာဖြင့် ခွေးအ၏လက်ကိုအားကုန် ကိုက်ထည့်လိုက်လေသည်။ ခွေးအလည်း နာကျင်လွန်းစွာအော်ပြီး လက်တွင်ဖမ်းထားသည့်ကြွက်ကို လွှတ်ချလိုက်၍ ကြွက်လည်း ခွေးအလက်မှ လွတ်မြောက်သွားကာ တွင်းအတွင်းသို့ ပြေးဝင်သွားလေသည်။

ထိုသို့ဖြင့် သန်းသည် သူပြောထားသည့်အတိုင်း ကြွက်ကို တုန့်ပြန်ကျေးဇူးဆပ်ခဲ့လေသည်။

**[ 365 Animal Tales စာအုပ်မှ The Flea and the Mouse. ]**

❑



www.burmeseclassic.com

www.burmeseclassic.com

# တိရစ္ဆာန်အိုလံပစ်အားကစားပြိုင်ပွဲ

တောတွင်းရှိ တိရစ္ဆာန်များအားလုံး တိရစ္ဆာန်အိုလံပစ်အားကစားပြိုင်ပွဲနှင့် ပတ်သက်ရာ ရင်ခုန်စိတ်လှုပ်ရှားလျက်ရှိကြသည်။ သို့သော် ကျားသစ်နှင့်လိပ်တို့နှစ်ဦးသာ ဝမ်းနည်းလျက်ရှိကြသည်။ လိပ်က -

"ကျွန်ုပ်က အလွန်နှေးကွေးပါတယ်။ အစွမ်းကုန်ကြိုးစားရင်တောင် ဘယ်လိုနည်းနဲ့မှ နိုင်နိုင်မယ်မထင်ပါဘူး" ဟု ဆိုလေသည်။

ခြင်္သေ့က ခေတ္တမျှစဉ်းစားကာ -

"မင်းက ပြိုင်ပွဲစမယ့်နေရာက အချက်ပေးသေနတ်ပစ်ဖောက်ရမယ်" ဟု ပြောဆိုလိုက်လေတယ်။

ကျားသစ်က -

"ကျွန်ုပ်က အပြေးသန်ဆုံးမို့ နိုင်မှာသေချာပါတယ်။ ဒါပေမယ့် ပြိုင်ပွဲက ရယ်စရာကောင်းမှာမဟုတ်ဘူး"

ထို့နောက် ခြင်္သေ့က -

"မင်း အိုလံပစ်မီးရှူးတိုင်သယ်ဆောင်ရမယ်" ဟု တာဝန်ပေးသည်။

ထိုသို့ဖြင့် ကျားသစ်နှင့်လိပ်တို့နှစ်ကောင်သည် တိရစ္ဆာန်များ၏ အိုလံပစ်အားကစားပြိုင်ပွဲတွင် တာဝန်အသီးသီး ရယူထမ်းဆောင်ကြရ၍ အားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မှု မပြုနိုင်ကြတော့ပေ။

**[ 365 Animal Tales စာအုပ်မှ The Animal Olympics. ]**


❒





www.burmeseclassic.com

www.burmeseclassic.com



## ကြွက်များနှင့် ဆင်များ

တစ်ခါက ကြွက်မိသားတစ်စုသည် သစ်ပင်တစ်ပင်အောက်တွင် ငြိမ်းချမ်းပျော်ရွှင်စွာ နေထိုင်ကြလေသည်။ တစ်နေ့တွင် ဆင်အုပ်တစ်စုသည် သစ်ပင်အနီးအနားမှ ဖြတ်သန်းသွားရာ ကြွက်များ၏အိုးအိမ်များကို မတော်တဆ တိုက်မိကြပြီး အိုးအိမ်များ ပျက်စီးကုန်ကြလေသည်။

ထိုအခါ ကြွက်များ၏ခေါင်းဆောင်က ဆင်များထံလာပြီး ဆင်အကြီးအကဲအား -

"ဆင်ကြီးခင်ဗျား ကျွန်ုပ်တို့ကြွက်တွေရဲ့အိမ်တွေ ပျက်စီးကုန်လို့ ဆင်ကြီးရဲ့ ဆင်တွေကို တခြားလမ်းက ခေါ်ဆောင်သွားဖို့ မေတ္တာရပ်ခံလာပြောရခြင်းဖြစ်ပါတယ်" ဟု ပြောကြားလေသည်။

ဆင်ခေါင်းကြီးလည်း ကြွက်ခေါင်းဆောင်ပြောကြားချက်ကို သဘောတူကာ နောက်နောင်တွင် သူ့ဆင်များကို ကြွက်များနေထိုင်ရေးအနီးမှ မဖြတ်စေဘဲ တခြားလမ်းမှ ဖြတ်သန်းစေလေသည်။

တစ်နေ့တွင် ဆင်များသည် မုဆိုးထောင်ထားသည့် ပိုက်ကွန်များအတွင်း ဖမ်းမိကုန်ကြလေသည်။ ထိုသတင်းကို ကြွက်များကြားသည့်အခါ ဆင်များထံသို့ အပြေးရောက်ရှိလာကာ ဆင်များလွတ်မြောက်စေရန် ပိုက်ကွန်များကို ကိုက်ဖြတ်ကြလေသည်။ ထိုသို့ဖြင့် ဆင်များအားလုံး မုဆိုး၏ပိုက်ကွန်တွင်းမှ လွတ်မြောက်သွားကြလေသည်။ ဆင်များလည်း ကြွက်များကို ကျေးဇူးတင်စကားဆိုကာ -

"ကောင်းတဲ့အလုပ်ဟာ အကျိုးတရားကို ရရှိစေပါတယ်" ဟု ပြောကြားလိုက်လေသည်။


**[ 365 Animal Tales စာအုပ်မှ The Mice and the Elephants. ]**

❐



www.burmeseclassic.com

www.burmeseclassic.com



## ကျီးနှင့် ပင်လယ်

ကျီးအုပ်စုတစ်စုသည် တောထဲတွင် နေထိုင်ကြ၍ ပင်လယ်ကိုမမြင်ဘူးကြပေ။ တစ်နေ့တွင် သူတို့သည် ပျံသန်းရင်း အလွန်ဝေးလံသော အရပ်ဒေသသို့ ရောက်ရှိသွားကြကာ ပင်လယ်ကမ်းခြေအနီးတွင် ရပ်နားကြသည်။ သူတို့သည် ပင်လယ်လှိုင်းလုံးကြီးများကို တစ်ခါမျှ မမြင်ဖူးကြ၍ အလွန်အံ့သြနေကြလေသည်။

ထို့နောက် ကျီးတစ်ကောင်က -

"ရေတွေက ငါတို့ကိုကစားဖို့ခေါ်နေတယ်"ဟု ဆိုလိုက်လေသည်။

ထိုအချိန်တွင် ကြီးမားသော လှိုင်းလုံးတစ်ခုက ကမ်းခြေသို့ ရောက်ရှိလာကာ အဆိုပါလှိုင်းလုံးကြီးသည် ကျီးများပေါ်သို့ အုပ်မိုးဖုံးလွှမ်းသွားလေသည်။ လှိုင်းလုံးကြီးသည်တစ်ချို့ ကျီးများကို ရေထဲသို့ဆွဲခေါ်သွား၏။ တချို့ ကျီးများသည် ရေများမွန်းကာ သူတို့တောင်ပံများကို တဖျတ်ဖျတ်ခါရင်း ကမ်းခြေတွင် ကျန်ရစ်ခဲ့ကြသည်။

ထိုအခါ ကျီးများသည် ဒေါသထွက်ကြပြီး -

"ငါတို့ကို ဒုက္ခပေးတဲ့ ဒီပင်လယ်ကြီးကို အပြစ်ပေး ရမယ်"ဟုဆိုကာ ကျီးတစ်ကောင်ချင်းသည် ပင်လယ်ရေများကို သောက်နိုင်သလောက် သောက်ကြလေသည်။ သို့သော် ပင်လယ်ရေများကား ယုတ်လျော့သွားခြင်းမရှိပေ။ နောက်ဆုံးတွင် ကျီးများသည် မောပန်းလာကြကာ တိတ်ဆိတ်စွာဖြင့် သူတို့အရပ်ဒေသသို့ ပြန်လာခဲ့ကြလေတော့သည်။

**[ 365 Animal Tales စာအုပ်မှ The Crow and The Sea. ]**

မောင်ခေတ်ထွန်း

❐



www.burmeseclassic.com

www.burmeseclassic.com

[ အင်္ဂလိပ် - မြန်မာ ]

# ခြင်္သေ့ နှင့် ဖား

■ ကိုကြွယ်



တစ်ခါတုန်းက တောအုပ်တစ်ခုရဲ့ ဂူတစ်ဂူထဲမှာ ခြင်္သေ့တစ်ကောင် နေထိုင်သတဲ့ကွယ်။ သူ့ဆီကို တောတွင်းတိရစ္ဆာန်တွေ အားလုံးက သားကောင်တစ်ကောင် နေ့စဉ်ပို့ပေးရတယ်။

အခုလို သားကောင်ပို့ပေးတော့ ခြင်္သေ့က ဘဝင်မြင့်လာတယ်။ တောတွင်းမှာ ဘုရင်တစ်ဆူ ဖြစ်လာတယ်။ သားကောင်တွေ အဆင်သင့်စားနေရတာကိုလည်း ငြီးငွေ့လာတယ်။ ဒါကြောင့် အပြင်ထွက်



www.burmeseclassic.com

www.burmeseclassic.com

ချင်လာတယ်။

"ဟော့ကောင် ‥ မြွေခွေး၊ ငါကိုယ်တော်တောတွင်းကို တိုင်းခန်းလှည့်လည်မယ်ဆိုတဲ့အကြောင်း မောင်းထုကြေညာလိုက်"

ဆိုပြီး ခိုင်းသတဲ့ကွယ်။ မြွေခွေးကလည်း တောတွင်းတိရစ္ဆာန်တွေ အားလုံးကို မောင်းထုပြီး အကြောင်းကြားလိုက်တယ်လေ။

နောက်နေ့မှာ ခြင်္သေ့က တိုင်းခန်းလှည့်လည်တယ်။

သူသွားရာ လမ်းတစ်လျှောက်မှာ တောတွင်းတိရစ္ဆာန်တွေအားလုံးက မြေပြင်မှာ ဝပ်နေရတယ်။ သူ့နောက်မှာ မြွေခွေးက ရိုရိုသေသေ လိုက်ပေးရတယ်။ ခြင်္သေ့က ပီတိဝင်မြင့်လာတယ်။

အလွန်လှပတဲ့ ရေကန်ကြီး တစ်ကန်ရောက်တော့ ခြင်္သေ့က ကြာပန်းတွေ မြင်လိုက်ရတာနဲ့ တစ်ပြိုင်နက် အလွန်အံ့သြသွားတယ်။ ဒါပေမယ့် စိမ်းစိမ်းစိုစို ကြာရွက်ပေါ်မှာ ထိုင်နေတဲ့ ဖားတစ်ကောင်ကို တွေ့လိုက်ရတဲ့ အခါမှာ ဒေါသဖြစ်သွားတယ်။ ခြင်္သေ့က

"မင်းလို အကောင်သေးသေးလေးက ငါလို တောတစ်ခုလုံး အစိုးရတဲ့ ဘုရင်မင်းမြတ် ကြွလာတာကို မလေးမစား ထိုင်နေရသလဲ။ ဘာကြောင့် အရိုအသေ မပေးသလဲ"

ဆိုပြီးတော့ မေးလိုက်တယ်။

"အကောင်သေးပေမယ့် အထင်မသေးပါနဲ့။ သတ္တိရှိရင် ပညာချင်းပြိုင်မလား"

ဖားက ခြင်္သေ့ကို စိန်ခေါ်လိုက်တယ်။ ခြင်္သေ့က

"အေး ‥ ပြိုင်မယ်ကွာ။ ဘယ်လို ပြိုင်မလဲ"

ဟု ပြောလိုက်တယ်။ ဖားက –

"ပညာရှိ ဇီးကွက်ဆီကို သွားမယ်။ သူ့အဆုံးအဖြတ်အတိုင်း နာခံမယ်"

"ငါလည်း သဘောတူတယ်"

ခြင်္သေ့နှင့် ဖားတို့က ပညာရှိ ဇီးကွက်ဆီသွားပြီးတော့ မေးတယ်။ ပညာရှိ ဇီးကွက်က –

"မင်းတို့နှစ်ကောင် အော်နိုင်သမျှ အော်စမ်း။ အထိရောက်ဆုံး အော်နိုင်သူကို အနိုင်ပေးမယ်"

လို့ ပြောလိုက်တယ်။ ခြင်္သေ့က သူပထမဆုံး အော်မယ် ဆိုပြီးတော့ တစ်တောလုံးကြားအောင် ဟိန်းလိုက်တယ်။ ခြင်္သေ့ရဲ့အော်သံ ကြားလိုက်ရတာနဲ့ တစ်ပြိုင်နက် တစ်တောလုံးရှိ တိရစ္ဆာန်အကောင်ကြီးငယ်ဟူသမျှ ကြောက်လန့်တကြား ထွက်ပြေးသွားကြတယ်။

"ကဲ ‥ တွေ့တယ် မဟုတ်လား။ ငါ့ဘယ်လောက် စွမ်းတယ်ဆိုတာ သိပြီလား"

ခြင်္သေ့က မေးလိုက်တယ်။ ဖားကလည်း –

"ငါအော်တာ ဘယ်လောက်စွမ်းတယ်ဆိုတာ ကြည့်နေ"

လို့ ပြောလိုက်တယ်။ ခြင်္သေ့က ဖားကို အထင်သေးစွာ ပြုံးကြည့်နေတယ်။ ဖားက –

"အုံ့အင်၊ အုံ့အင်"

လို့ အော်လိုက်တယ်။ ဖားက အော်လိုက်တာနဲ့ တစ်ပြိုင်နက် အရပ်ရှစ်မျက်နှာစလုံး မိုးတိမ်တွေ မည်းနက်လာပြီး မိုးတွေ သဲသဲမဲမဲ ရွာချလိုက်တယ်။

"မင်းက ဒီတစ်တောလုံးကိုပဲ အစိုးရတာကွ။ ငါက တာဝတိံသာက မိုးနတ်သားက ကြားပြီးတော့ မိုးရွာချအောင် လုပ်နိုင်တယ်ကွ"

လို့ ဖားက ဂုဏ်ယူဝင့်ကြွားစွာ ပြောလိုက်တယ်။ ဝိုင်းကြည့်နေကြတဲ့ တိရစ္ဆာန်တွေ အားလုံး အလယ်မှာ ခြင်္သေ့လည်း အရှက်ကြီးစွာနဲ့ အဝေးသို့ ထွက်ပြေးသွားရှာသတဲ့ကွယ်။


ကိုကြွယ်





www.burmeseclassic.com

www.burmeseclassic.com



# The Lion and The Frog

Once upon a time, a lion lived a cave in the forest. Allthewild animals send a prey for him every day. So he was proud. He became a king in that forest. He became boring because he wad ready to eat the preys. He wanna to go out.

"Hey...Fox! You must advertise to all animals by striking gong about I'll go around in the forest.

He went around the land after that day. All animals paid homage onthe land along his way. The fox followed him respectfully. The lion became proud again.

When they arrived very big beautiful lake, he wondered as soon as he had seen lotus flowers. But the angry when he saw a frog sitting on a leaf disrespectfully.

The lion asked, "Why do you disrespect me when I coming? You are a little frog. I am a king of all animals in this forest."

The frog retold, "Don't look me down although I am a little animal. Do you contest with me if you are brave?"

A lion answered, "Yes. How do you make a contest?"

A frog said, "We'll go to a wise owl. We'll obey his decision.

A lion replied, "I am agree." Then they went to ask to the wise owl.

A wise owl said, "Both you must shout until you can. I'll give a winner who can more shout."

A lion told to shout first. Then he roared to hear the whole forest. All big and small animals in the forest went away frightenly as soon as they had heard.

"Do you see? Have you know how I can do?" said the lion proudly.

A frog also said, "You'll see soon how I can shout."

A lion was smiling by looking down.

A frog shouted, "Onn in...Onn in" After shouting, all directions were being rained darkly and heavily.

"You are a king of in this forest only. I can do to rain to hear the spirit of rain." said a frog proudly. A lion went away shamefully among all animals looked him around

**[ Translated by AUNG (Yenathar) ]**



www.burmeseclassic.com

www.burmeseclassic.com

# အနော်ရထာ (အနိရုဒ္ဓဒေဝ)

သရုပ်ဖော် ညကျော်



www.burmeseclassic.com


www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com


www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com


# အဖြေညှိကြည့်လိုက်ပါလား

**ဦးဦးပဟောဋ္ဌိ**

ကလေးတို့ရေ…

ဉာဏ်စမ်းပဟေဠိ အဖြေညှိဖို့ရာ အချိန်ကျရောက်လို့လာခဲ့ပါပကော။

အရင့်အရင်လတွေတုန်းက ဖြေဆိုကြည့်ကြတဲ့အခါ အဆင်ပြေမှုရှိကြပါရဲ့လား။ မေးခွန်းလေးတွေ ဖြေကြည့်ကြတဲ့အခါ အလျားလိုက်ဆက်စပ်မှုတွေ၊ ဒေါင်လိုက် ဆက်စပ်နေမှုတွေ တွေ့ကြပါလိမ့်မယ်။ ကျောင်းသင်ခန်းစာတစ်ခုတည်းသာမက ပြင်ပစာပေဗဟုသုတတွေကိုပါ လေ့လာသူအဖို့ အလွယ်တကူဖြေဆိုနိုင်ပါလိမ့်မယ်။ ကိုင်း‥ ကြိုးစားကြည့်ပါစို့။



**အလျားလိုက်မေးခွန်း**

၁။ လိပ်ကျောက်၏ အမြီးရင်း၌ပေါက်သော ဆေးဖက်ဝင်ဆူးအတက်အား မည်သို့ခေါ်သနည်း။

၂။ လုပ်ငန်းတာဝန် ဆောင်ရွက်နိုင်မည့်သူကို လျှို့ဝှက်မဲစနစ်ဖြင့် ရွေးချယ်တာဝန်ပေးသည့်ပွဲအား မည်သို့ခေါ်သနည်း။

၃။ မတည်မငြိမ် လှုပ်လှုပ်ရှားရှားဖြစ်နေခြင်းအား မည်သို့ခေါ်သနည်း။

၄။ တာဝန်တစ်ရပ်ရပ်အား လွှဲပြောင်းသည့်ပွဲကို မည်သို့ခေါ်သနည်း။

၅။ ကိုယ့်ကောင်းကြောင်းကို ကိုယ်ကိုယ်တိုင် ထုတ်ဖော်ချီးကျူးနေလျှင် မည်သို့ပြောဆိုတတ်ကြသနည်း။

၆။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ နာမည်တစ်လုံးနှင့်မြို့တစ်မြို့။

၇။ တောင်သူလယ်သမားတို့အား မည်သို့ခေါ်ကြသနည်း။

၈။ လက်ထပ်ထိမ်းမြားခြင်းမပြုမီ စေ့စပ်ပြောဆိုခြင်း။

၉။ မင်း၊ မိဖုရားတို့၏ အခြွေအရံမိန်းကလေး။



www.burmeseclassic.com

www.burmeseclassic.com

၁၀။ ကောက်ညှင်းဆန်ကို ဆီ၊ မြေပဲ၊ နှမ်း၊ အုန်းသီး စသည်တို့နှင့် ရောထိုးထားသည့် စားသောက်ဖွယ်။
၁၁။ လုံးဝလွဲချော်ခြင်းမရှိသည့်သဘော။
၁၂။ ရဟန်းတို့ဝတ်ဆင်သော အပေါ်သင်္ကန်း ကေသီကို မည်သို့ခေါ်သနည်း။
၁၃။ မြင်းမိုရ်တောင်ကို ရစ်ခွေနေသော တောင်စဥ်ခုနစ်ထပ်တို့အကြား တည်ရှိသည့် သမုဒ္ဒရာခုနစ်ခုကို မည်သို့ခေါ်ဝေါ်သနည်း။


**ဒေါင်လိုက်မေးခွန်း**

၁။ အသွင်ပြောင်းကျောက်တစ်မျိုးကို မည်သို့ခေါ်သနည်း။
၂။ လူ၏ကျောရိုးအောက်ဆုံးရှိ အရိုးကို မည်သို့ခေါ်သနည်း။
၃။ တင်ပါးတစ်ဖက်ဖြင့် ဘေးတိုက်ထိုင်ခြင်းကို မည်သို့ခေါ်သနည်း။
၄။ အကြိတ်အနယ် ယှဉ်ပြိုင်ရသည့်ပွဲကို မည်သို့ပြောဆိုကြသနည်း။
၅။ ပျဉ်းတွဲတွဲမနေဘဲ အလွယ်တကူဝါး၍ရသော အနေအထား။
၆။ တိုးတိုးတိတ်တိတ် တိုင်ပင်ရသည့် အပေါင်းအဖော်။
၇။ အမှုအခင်းကို သမာသမတ်ကျစွာဖြင့် စီရင်ဆုံးဖြတ်ရသူ။
၈။ စာစီစာကုံးရေးသားရာ၌ ပါဝင်ရသည့် အင်္ဂါရပ်တစ်ခု။
၉။ ရှင်သာမဏေကို မည်သို့ခေါ်ကြသနည်း။
၁၀။ ဦးဦးဖျားဖျား ဆင်ခြင်မှုကင်းလျက် လက်လွတ်စပယ်ပြောဆိုခြင်း။
၁၁။ ဇာတ်ပွဲတွင် မင်းသားမင်းသမီးတို့ တောစခန်းမှ ခရီးဆက်သည့်အခါ သီဆိုသော ဘောဘွဲ့တောင်ဘွဲ့ နှစ်ပါးသွားကို မည်သို့ခေါ်သနည်း။
၁၂။ အလွန်လေးနက်ခြင်းကို မည်သို့ဆိုကြသ နည်း။
၁၃။ သူတစ်ပါးကိစ္စမဟုတ်၊ မိမိကိစ္စ မိမိအကြောင်းနှင့်စပ်လျဥ်း၍ မည်သို့ဆိုကြသနည်း။
၁၄။ ဘုရင့်မိဖုရားတို့၏ အခြွေအရံမိန်းမများ။
၁၅။ အထူးတလည် မဖြစ်မနေအားထုတ်ခြင်း။
၁၆။ ရဟန်းတို့၏ အပေါ်ရုံသင်္ကန်းကို မည်သို့ခေါ် ကြသနည်း။
၁၇။ ဘုတာရုံကို စီမံအုပ်ချုပ်ရသောသူကို မည်သို့ခေါ်သနည်း။

ဦးဦးပဟေဠိ

[အဖြေမှန်များကို စာမျက်နှာ ၁၆၀ တွင် ဖော်ပြထားပါသည်။]

□





www.burmeseclassic.com

www.burmeseclassic.com

[ ဒိန်းမတ် ရိုးရာပုံပြင် ]

# ဆင်နှာမောင်းအစ မိကျောင်းက

## အောင်စည်ချမ်းသာ

ဟိုရှေးတုန်းက ဆင်မှာ နှာမောင်းမရှိဘူးကွယ့်။ နှာခေါင်းတိုလေးတစ်ခုသာ ပါတယ်။ အဲဒီနှာမောင်းတိုကလေးဟာ ဝက်အူချောင်းတစ်ချောင်းလောက်တောင် မကြီးဘူး။ ရယ်စရာလိုဖြစ်နေတယ်။ အဲဒီနှာခေါင်းကို ဘယ်၊ ညာ၊ ထက်အောက် လှုပ်ရှားလို့ရတယ်။ ကလေးစိတ်ရှိနေတဲ့ ဆင်ကလေးတစ်ကောင်ဟာ အရွယ်သာငယ်တယ်။ သူ့မှာ သိချင်တာတွေ မေးချင်တာတွေက အများကြီးတဲ့။

"အဒေါ်ငှက်ကုလားအုတ်ရယ် ‥ အဒေါ့်အမြီးက အမွေးဟာ ဘယ်လိုလုပ်ပြီး တိုနန့်နန့် ဖြစ်တာလဲဟင်"

"ဦးကြီးသစ်ကုလားအုတ် ကိုယ်ပေါ်မှာ အစက်အပြောက်တွေ ဘယ်လိုဖြစ်လာတာလဲဟင်"

"ဒေါ်ကြီးရေမြင်းရေ ‥ ဘာဖြစ်လို့ မျက်လုံးတွေ မျက်လုံးတွေ နီရဲနေတာလဲ"

"အမွေးထူကြီးနဲ့ ဦးလေးဘာဘွန်းမျောက်ကြီးကရော ဖရဲသီးကို ဘာလို့ကြိုက်တာလဲ"

"ထွက်သွားစမ်း ကောင်လေး။ ပေါက်တတ်ကရတွေ လာမမေးနဲ့"

ဦးလေးတွေ၊ အဒေါ်တွေက နားငြီးလွန်းလို့ အမေးအမြန်းထူတဲ့ ဆင်ပေါက်လေးကို ငေါက်ငမ်းမောင်းထုတ်ကြတယ်။

ဆင်ပေါက်လေးကတော့ သိချင်စိတ်တွေ ပြည့်နေတုန်းပါပဲ။ အဖြေရတာတောင် သူ့စိတ်က အားမရချင်ဘူး။

တစ်နေ့မှာတော့ သူဟာ တစ်ခါမှ မမေးဖူးတဲ့ မေးခွန်းကို မေးတယ်။

"မိကျောင်းက ညစာ ဘာစားသလဲ"

အမေးခံရသူတွေက စိတ်လှုပ်ရှားစွာတုံ့ပြန်တယ်။

"ရှူး ‥ တိတ်စမ်း"

"ဟာ ‥ ကျွန်တော်သိချင်လို့ပါ။ သိရမှ ကျေနပ်မှာ"

"တော် ‥ မမေးနဲ့တော့"

ဦးလေးတွေ၊ အဒေါ်တွေ အကောင်မျိုးစုံက သူ့ကို ဟန့်တားတယ်။ ဗျိုင်းနဲ့တူတဲ့ 'ကိုလို ကိုလို'ငှက်နဲ့တွေ့မှ သူသိချင်တာ ပြောတယ်။

"အစိမ်းရောင်ထနေတဲ့ 'လင်ပိုပို'မြစ်ကို သွား။ အဲဒီမှာ မင်းလိုချင်တဲ့ အဖြေရမယ်"

ဒါနဲ့ ဆင်ပေါက်လေးဟာ နီရဲနေတဲ့ ငှက်ပျောသီး၊ ခရမ်းရောင်ကြံချောင်း၊ အရည်ရွှမ်းတဲ့ ဖရဲသီး ၁ စိတ် ယူပြီး ထွက်ခဲ့တယ်။ 'လင်ပိုပို'မြစ်ကမ်းရောက်တဲ့အထိ လျှောက်ခဲ့တယ်။ ပတ်ဝန်းကျင်မှာ မိကျောင်းကို လိုက်ရှာတယ်။ မိကျောင်းဆိုတာ ဘယ်လိုကြီးမှန်း သူမသိဘူး။ သစ်တုံးတစ်တုံးတွေ့တော့ သူ့ကို မျက်စိမှိတ်ပြတယ်။ တကယ်တော့ သူထင်တဲ့ သစ်တုံးက မိကျောင်းကြီးတစ်ကောင် ဖြစ်နေတယ်။

"တစ်ဆိတ်ခင်ဗျာ။ ဒီနားမှာ မိကျောင်းရှိသလားဗျာ"

မိကျောင်းက ကျန်မျက်စိတစ်ဖက် မှိတ်ပြပြီး ရွှံ့ထဲက သူ့အမြီးကို မြှောက်ပြရင်း သူ့ကိုခေါ်တယ်။

"ဟော့ ‥ ချာတိတ်လေး၊ အနားတိုးလာကွာ။ မိကျောင်းဆိုတာ ငါပဲဟေ့"

"အိုး ‥"

အသက်ရှူဖို့တောင် မေ့ပြီး စိတ်လှုပ်ရှားစွာ မိကျောင်းနားကို တိုးသွားတယ်။


"ညစာ ဘာစားသလဲ မိကျောင်းကြီး"

"ငါ့နားတိုးခဲ့။ မင်းကို တိုးတိုးပြောပြမယ်"

ဆင်ကလေးက သူ့ခေါင်းကို မိကျောင်းပါးစပ်


www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

ပေါက်နားအထိ တိုးကာ တီးတိုးစကား နားထောင်တယ်။ ပြုံးခနဲ မိကျောင်းက ဆင်ကလေးခေါင်းကို သူ့ပါးစပ်နဲ့ လှမ်းဟပ်တယ်။

ဆင်ကလေးရဲ့ နှာခေါင်းလေးကို မိကျောင်းက ကိုက်ဖမ်းမိတယ်။

"ဒီနေ့တော့ မင်းက ငါ့ညစာပေါ့ကွာ"

"လွှတ်ပါဗျို့။ ခင်ဗျားက ကြောက်စရာကောင်းကြီး"

ဆင်ကလေးက ဖင်ချထိုင်ပြီး မိကျောင်းပါးစပ်ထဲက သူ့နှာခေါင်းကို အားကုန်ပြန်ဆွဲယူတယ်။ အဲဒီလို လည်းဆွဲရော သူ့နှာခေါင်းကြီး ရှည်ထွက်လာတယ်။

မိကျောင်းက ရေထဲကနေ ဆင်လေးရဲ့ နှာခေါင်းကို မလွှတ်တမ်း ပါးစပ်နဲ့ကိုက်ရင်း သူ့အမြီးကြီးကို ရေထဲ၊ ဗွက်ထဲ ဝှေ့ယမ်းပြီး ဆင်လေးနှာခေါင်းကို ရဖို့ ကြိုးစားတယ်။ ရှိသမျှ အားကုန်ထုတ်ဆွဲတယ်။

ဆင်လေးနှာခေါင်းက ရှန်းရင်းကန်ရင်းမှာ မတရားရှည်ထွက်လာတယ်။

သူဟာ အရေးထဲ ရွှံ့ဗွက်ထဲ ခြေချော်ကျပြီး လဲတယ်။

"ဒုက္ခပဲ။ ရုပ်ပျက်ဆင်းပျက် ဖြစ်ပါပြီဗျာ"

နောက်ဆုံးတွင် မိကျောင်းကြီးက သူ့ကို အရှုံးပေးပြီး မြစ်ထဲ ဆင်းပြေးတယ်။ သူသွားလေရာ မြစ်တစ်ကြောမှာ ရေတွေ ပလုံထကာ ပွက်ပွက်အသံကြားရတယ်။

ဆင်လေးလည်း ရွှံ့ထဲ 'ဗွက်ခနဲ'မြည်ပြီး နောက်ပြန် ဖင်ထိုင်လဲကျတယ်။ ရှေ့မှာ သူ့နှာခေါင်းကြီးက တွဲလောင်းကျနေတယ်။

"အိုး .. ကျွတ် .. ကျွတ်၊ နာလိုက်တာ"

ဆင်လေးက ရှုံ့မဲ့ပြီး ညည်းတယ်။ ရောင်ကိုင်းနေတဲ့ သူ့နှာမောင်းကို ငှက်ပျောဖက်နဲ့ ရစ်ပတ်ထုပ်ပြီး အရောင်ကျအောင် စောင့်တယ်။ သုံးရက်ကြာတော့ နာတာပျောက်ပေမယ့် နှာမောင်းက ပြန်မငယ်တော့ဘူး။

သုံးရက်မြောက်နေ့မှာ ဆင်လေးပခုံးပေါ်လာနားတဲ့ ယင်တစ်ကောင်က သူ့ကိုကိုက်လို့ ယားတယ်။ ဘာလုပ်ရမှန်းမသိခင် သူ့နှာခေါင်းကိုမ,ပြီး ယင်ကို အဝေးရောက်အောင် မောင်းထုတ်တယ်။

"နကိုနှာခေါင်းသာဆိုရင် ငါဘာလုပ်နိုင်မှာလဲ"

ဆင်လေးတွေးမိတယ်။

နောက် သူ့နှာခေါင်းကို ဆန့်ထုတ်ပြီး မြက်တစ်ထုံးကို မ,ယူကာ ပါးစပ်ထဲ သွင်းလိုက်တယ်။ အာခေါင်ထဲ ပူခနဲဖြစ်သွားလို့ လင်ပိုပိုမြစ်ကမ်းက ရွှံ့တစ်တုံး မ,ယူပြီး သူ့ခေါင်းအပေါ် အမှတ်တမဲ့တင်ကာ တစ်ခေါင်းလုံး ရွှဲရွှဲစိုအောင် သုတ်လိုက်တယ်။ နောက်ဘက်ရောက်အောင် ရွှံ့တွေလိမ်းလိုက်မှ အေးသလိုဖြစ်သွားတယ်။

ဆင်လေးဟာ သူ့နှာမောင်းအသစ်ကို သဘောကျသွားတယ်။ နှာခေါင်းသစ်ကို ကြွားဖို့ အိမ်ကိုပြန်ခဲ့တယ်။

"နင်ကို ဘာဖြစ်လာတာလဲ"

မိသားစုက ဝိုင်းမေးကြတယ်။


"လင်ပိုပိုမြစ်နေ မိကျောင်းတစ်ကောင်ထံမှ နှာခေါင်းသစ်ရလာလို့ဗျို့။ ညစာ ဘာစားသလဲလို့ သွားမေးတော့ သူက ပေးဒီနှာခေါင်းသစ်ကို ပေးလိုက်တာ"

ဆင်လေးစကားကြားတော့ နှာခေါင်းသစ်လိုချင်ကြတဲ့ ဆင်တွေဟာ တန်းစီပြီး မိကျောင်းဆီသွားကြတယ်။ ဒီလိုနဲ့ ဆင်တွေမှာ ဆင်နှာမောင်းတွေ တွေ့ရသတဲ့ကွယ်။

**[ Susanna Davidson and Kadie Daynes** တို့၏ ဒိန်းမတ်ရိုးရာပုံပြင် **The elephant's Nose. ]**

အောင်စည်ချမ်းသာ

□



www.burmeseclassic.com

# ANCIENT CHINA

# ရှေးဟောင်းတရုတ်ပြည်

■ မောင်ခေတ်ထွန်း

## ရှေးခေတ်တရုတ်လူမျိုးများသည် အုတ်ဂူများ တည်ဆောက်ကြပါသလား

တရုတ်လူမျိုးများသည် ရှေးခေတ်အီဂျစ်လူမျိုးများကဲ့သို့ပင် သေပြီး တမလွန်ဘဝကို ယုံကြည်ကြလေသည်။ ထို့ကြောင့် သူတို့သည် သေလွန်သည့်အခါ လူသေအလောင်းကို အုတ်ဂူထဲထည့်၍ မြှုပ်နှံကြလေသည်။ ရှေးအကျဆုံးဂူမှာ မြေကြီးပေါ်တွင် ပြုလုပ်ထားသည့် ကြီးမားသော ဂူသင်္ချာန်မြေပုံကြီးဖြစ်သည်။






ကွန်ဖြူးရှပ်

## ရှေးခေတ်တရုတ်လူမျိုးများသည် မည်သည့်ဘာသာကို ကိုးကွယ်ကြသနည်း

ရှေးခေတ်တရုတ်လူမျိုးများ၏ လူနေမှုဘဝတွင် ဗုဒ္ဓဝါဒ Buddhism၊ တာအိုဝါဒ Taoism နှင့် ကွန်ဖြူးရှပ်ဝါဒ Confucianism သုံးခုကို ယုံကြည်ကိုးကွယ်ခဲ့ကြသည်။



## တရုတ်ဒင်္ဂါးများမှာ မည်သည့်အရာနှင့် တူသနည်း

ရှေးဟောင်းဒင်္ဂါးပြားများသည် ဒင်္ဂါးပြား၏ အလယ်တွင် အပေါက်ပါသည့် ဒင်္ဂါးပြားများဖြစ်ကာ ခိုးယူမှုမှ ကာကွယ်ရန် ဒင်္ဂါးပြားများကို ကြိုးဖြင့်သီထားကြသည်။ ရှေးခေတ်က ယခုခေတ်ကဲ့သို့ ဘဏ်များ မရှိချေ။




www.burmeseclassic.com

www.burmeseclassic.com


## လူတည်ဆောက်သည့် ကမ္ဘာ့အရှည်ဆုံးအဆောက်အဦ ကြီးမှာ မည်သည့်နေရာတွင် ရှိသနည်း

ကမ္ဘာ့အရှည်လျားဆုံး လူပြုလုပ်သည့် 'မဟာတံတိုင်း' The Great Wall သည် တရုတ်ပြည်၌ တည်ရှိလေသည်။ တံတိုင်းကြီးသည် မိုင်ပေါင်း ၄၀၀၀ ကျော် ရှည်လျား၍ အဆိုပါ မဟာတံတိုင်းကြီးကို လူပေါင်း သုံးသိန်းကျော်ဖြင့် နှစ်ပေါင်း ၂၀၀၀ ကျော် တည်ဆောက်ခဲ့ရလေသည်။



## ရှေးဟောင်းတရုတ် လူ့အဖွဲ့အစည်းသည် အဘယ့်ကြောင့် ထူးခြားနေရသနည်း

ရှေးဟောင်းတရုတ်လူမျိုးများသည် ရှေးအကျဆုံး ယဉ်ကျေးသော လူ့အဖွဲ့အစည်းဖြစ်သည်။ တရုတ်ပြည်သည် နှစ်ထောင်ပေါင်းများစွာကပင် စည်ပင်ထွန်းကားခဲ့ကာ ကျိုယာ၊ ချောင်၊ ဖူ၊ ဆူနှင့် တန် စသော မင်းဆက်ပေါင်းများစွာ အုပ်ချုပ်ခဲ့လေသည်။ ချင်မင်းဆက်ပြီးနောက် တရုတ်ပြည်ဟူ၍ မှည့်ခေါ်ခဲ့ကြသည်။




## ရှေးဟောင်းတရုတ်လူမျိုးများသည် မည်သည့်ပစ္စည်းများကို တီထွင်ခဲ့သနည်း

ရှေးဟောင်းတရုတ်လူမျိုးများသည် ပုံနှိပ်အတတ်ပညာ၊ ပိုးထည်၊ မြေလျှင်ပညာ၊ မီးခြစ်ဆံပြုလုပ်နည်း၊ မြှောက်အိုး၊ လက်ရေးအလှရေးနည်းပညာ၊ သံလိုက်အိမ်မြှောင်၊ ခေါက်ဆွဲပြုလုပ်နည်း၊ အိုက်စကရင် ပြုလုပ်နည်းတို့ကို တီထွင်ခဲ့သည်။

## ရှေးဟောင်းတရုတ်လူမျိုးများသည် သေသူ၏ ရုပ်အလောင်းကို မပုပ်မသိုးအောင် မည်သို့ပြုလုပ်သနည်း

ရှေးခေတ် တရုတ်လူမျိုးများသည် သေသူကို မပုပ်မသိုးအောင် ဆေးရည်စိမ်ကာ ကျောက်စိမ်းဝတ်စုံကို ဝတ်ပေးကာ ဂူသွင်းသင်္ဂြိုဟ်ကြသည်။ သူတို့က ကျောက်စိမ်းတွင် ထူးခြားသည့် စွမ်းအားများရှိကာ ကျောက်စိမ်းက ရုပ်အလောင်းပျက်စီးခြင်းမှ ကာကွယ်ပေးသည်ဟု ယုံကြည်ကြသည်။

www.burmeseclassic.com





## ရှေးခေတ် တရုတ်လူမျိုးများသည် အဘယ့်ကြောင့် ကြာဖိနပ်ကို စီးကြသနည်း

ရှေးခေတ်တရုတ်အမျိုးသမီးများသည် ခြေသေးပါက လှပသည်ဟု ထင်မှတ်ကြသည်။ ထို့ကြောင့် ခြေထောက်ကို သေးအောင်စည်းနှောင်သည့် မကောင်းသည့်အလေ့အထသည် ခေတ်စားလာခဲ့သည်။ မိန်းကလေးများသည် ကြာဖိနပ်ကိုစီး၍ ခြေထောက်ကို သေးလာအောင် တင်းကျပ်စွာ စည်းနှောင်ထားကြသည်။ ထိုသို့ဖြင့် သူတို့၏ ခြေထောက်သည် တဖြည်းဖြည်း သေးလာကြသည်။ ခြေထောက်ကို သေးအောင် စည်းနှောင်သည့်အလေ့အထသည် နှစ်ပေါင်း ၁၀၀၀ တိုင်အောင် ကြာရှည်ခဲ့သည်။ နောက်ဆုံးတွင် အဆိုပါ မကောင်းသည့်အလေ့အထကို ပိတ်ပင်တားမြစ်ခဲ့သည်။



[ I know About စာအုပ်မှ Ancient China.]

**မောင်ခေတ်ထွန်း**

## ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ [၃]

**မေးခွန်းသင်္ကေတနေရာ၌ လိုနေသော ကိန်းကို ဖြည့်ပါ။**




[အဖြေမှန်သူကို ဆုအဖြစ် ဆုငွေ ၁၅၀၀ ကျပ်နှင့်အတူ Oxford Learner's Pocket Dictionary 2005 နှင့် ရတနာပန်းခင်းရုပ်စုံမဂ္ဂဇင်းတစ်အုပ်စီချီးမြှင့်မည်ဖြစ်ပါသည်။ အဖြေမှန်သူတစ်ယောက်ထက်များနေပါက အဖြေမှန်သူများထဲမှ တစ်ဦးကို မဲစနစ်ဖြင့် ရွေးချယ်ကာ ဆုချီးမြှင့်ပါမည်။ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းသူ၊ ကျောင်းသားများသာ ပါဝင်ယှဉ်ပြိုင်ခွင့်ရှိပါသည်။ ဖော်ပြပေးထားသည့် ပြိုင်ပွဲဝင်ပုံစံဖြင့်သာ ပါဝင်ယှဉ်ပြိုင်ခွင့်ပြုပါမည်။ ပြိုင်ပွဲအဖြေလွှာများကို **ရတနာပန်းခင်းရုပ်စုံမဂ္ဂဇင်းတိုက်၊ အမှတ် ၈၀(A)၊ အပေါ်ဆုံးထပ်၊ ၁၂၄ လမ်း၊ သပြေကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့သို့** လိပ်မူ၍ ၁-၂-၂၀၁၆ ရက်နေ့အရောက်ပေးပို့ရပါမည်။ ပြိုင်ပွဲဝင်ပုံစံကို စာအုပ်အနောက်ဘက်စာမျက်နှာတွင် ဖော်ပြပေးထားပါသည်။]



www.burmeseclassic.com

www.burmeseclassic.com

[ ကလေးဝတ္ထုတို ]

# ကြားနာခြင်းနေ့ရက်

■ မင်းတည်တုံ့



ဒီနေ့ ကျွန်မ ဆဋ္ဌမတန်းစာမေးပွဲကို ပထမအဆင့်နဲ့ အောင်မြင်တဲ့နေ့ပါ။ ကျွန်မရဲ့အောင်မြင်မှုကို မေမေက အရမ်းအားကျဂုဏ်ယူစွာနဲ့ ပျော်ရွှင်နေပါတယ်။ ကျွန်မလည်း မေမေ့ရဲ့ပျော်ရွှင်မှုနဲ့အတူ အပျော်တွေကူးစက်သွားမိပါတယ်။ ဒီစာမေးပွဲမှာ အတော်ဆုံးဖြစ်အောင် လုပ်ပေးခဲ့တာ ဆရာတွေရဲ့ ကျေးဇူးပါသလို မေမေ့ရဲ့ကျေးဇူးတွေလည်း အများကြီးပါတယ်လေ။ မေမေဟာ မအားလပ်တဲ့ကြားထဲက ကျွန်မကို ကျောင်းပို့ကျောင်းကြိုလုပ်ပေးပါတယ်။ မေမေရဲ့ ဝင်ငွေမစိုမပိုလေးနဲ့ ကျွန်မကို ငွေကြေးအကုန်အကျခံပြီး ကျူရှင်ဆိုတာကို အများနဲ့တန်းတူရအောင် ထားပေးခဲ့ပါတယ်။ ဒါနဲ့တင် မပြီးသေးပါဘူး။ မေမေဟာ သူ့လို ဈေးသည်ဘဝကို မရောက်စေချင်တဲ့အတွက် ပညာတတ်ဖြစ်အောင်ကြိုးစားဖို့ တွန်းအားတွေပေးခဲ့ပါတယ်။ လူ့ဘဝကြီးမှာ ပညာမတတ်ရင် မျက်နှာငယ်ရပြီး သူများခိုင်းတာ လုပ်ရတတ်တဲ့ အကြောင်းအရာတွေနဲ့ ချိန်စက်ပြီး အမြဲပြောပြတတ်ပါတယ်။

"သမီးရယ် မေမေဝမ်းသာလိုက်တာ။ မေမေ့သမီးကို ဘယ်လိုဂုဏ်ပြုရမှန်းတောင် မသိတော့ပါဘူး"

မေမေ့ရဲ့မျက်ဝန်းထဲမှာ မျက်ရည်ဥတွေဝိုင်းပြီး ငိုတော့မလိုပြောလာတဲ့စကားတွေက ကျွန်မရဲ့ အဆင့်(၁)ရမှုကို ဂုဏ်ပြုတဲ့လက်ဆောင်ပါလားလို့ ကျွန်မခံစားမိနေတဲ့အချိန်မှာ မေမေ့ရဲ့စကားသံများက ကျွန်မရဲ့နားအတွင်းကို ဖြည်းညင်းစွာ ဝင်ရောက်လာပါတယ်။

"သမီး • •မေမေလေ သမီးလိုချင်ပါတယ်ဆိုတဲ့ဖုန်းလေးကို ဝယ်ပေးမယ်သိလား။ ငါ့သမီးသူငယ်ချင်းတွေ ဖုန်းလေးတကိုင်ကိုင် လုပ်နေတာကိုမြင်ပြီး သမီးလိုချင်နေတဲ့ဖုန်းလေးကို မေမေဝယ်ပေးမယ်နော်။ ငါ့သမီးလေး ဝမ်းသာတော့နော်။ မေမေ့မှာ စုထားတဲ့ပိုက်ဆံလေးတွေရှိတယ်။ အဲဒါနဲ့ ဝယ်ပေးပါ့မယ်။ သမီးက မေမေလိုချင်တဲ့ ပျော်ရွှင်ခြင်းနေ့ရက်လေးကိုပေးမှတော့ သမီးလိုတဲ့ ဖုန်း



www.burmeseclassic.com

www.burmeseclassic.com

လေးကို မေမေကပေးရတော့မှာပေါ့"

မေမေ ကျွန်မကို ဒီလိုပြောလိုက်တော့ ကျွန်မရင်ထဲမှာ ဝမ်းသာမိသလို ဝမ်းနည်းမိသလို ဖြစ်ရပါတယ်။ ကျွန်မလိုချင်တာကြာပြီဖြစ်တဲ့ ဖုန်းလေးကိုရတော့မယ်ဆိုတော့ အပျော်ကြီး ပျော်သွားမိတော့တာပါပဲ။

တစ်နေ့ မေမေဈေးရောင်းပြီး ပြန်လာတဲ့အချိန်မှာ ကျွန်မလက်ထဲကို ဖုန်းလှလှလေးတစ်လုံး ထည့်ပေးလာပါတယ်။

"ရော့ ၊ သမီးလိုချင်တဲ့ဖုန်းကလေး"

ဒီလိုပြောပြီး မေမေဟာ ကျွန်မကို ပြုံးကာကြည့်နေပါတယ်။ အဲဒီအချိန်မှာ ကျွန်မဟာ အံ့ဩတာနဲ့အတူ မေမေရဲ့မေတ္တာနဲ့စေတနာတွေကို နားလည်လိုက်ပါတော့တယ်။

ဖုန်းလေးက ကျွန်မလက်ထဲကို ရောက်ချိန်မှစလို့ပါပဲ။ ကျွန်မဟာ ဖုန်းလေးနဲ့သာ အလုပ်ရှုပ်လို့နေပါတယ်။ ကျွန်မရဲ့အားလပ်ချိန် အားလုံးကိုလည်း ဖုန်းလေးကသာ အပိုင်သိမ်းထားလိုက်ပါတယ်။ ကျွန်မသူငယ်ချင်းဖုန်းတွေထဲက ဂိမ်းအသစ်တွေကူးပြီးဆော့လို့လည်းမဝ။ ဂိမ်းကလည်း တစ်ဆင့်နိုင်ရင် နောက်တစ်ဆင့်တက်ရမယ်ဆိုတဲ့ စွဲဆောင်မှုတွေနဲ့ပဲ ဆက်ကာဆက်ကာ ဆော့နေမိခဲ့ပါတယ်။ ပြီးတော့ အခု ကမ္ဘာကြီးကို ရွာဖြစ်အောင် ပြောင်းလဲပေးလိုက်တဲ့ အင်တာနက်ဆိုတာကိုလည်း ကျွန်မကောင်းကောင်းသုံးတတ်နေပြီဖြစ်ပါတယ်။ တစ်ခါတလေ ဒီဖုန်းလေးက ကျွန်မရဲ့အားလပ်ချိန် စာကျက်ချိန်တွေကို ယူသွားရုံမက ကျွန်မရဲ့အိပ်ချိန် တချို့တစ်ဝက်ကိုပါ ခိုးယူနေတတ်ပါတော့တယ်။

တိုးတက်နေတဲ့ခေတ်ကြီးမှာ အဆင့်မြင့် အီလက်ထရောနစ်ဆိုတဲ့ ဖုန်းလေးနဲ့ နည်းပညာတွေထဲမှာ ကျွန်မမျောပါလို့နေခဲ့ပါတယ်။

တစ်နေ့ မေမေ အိမ်ပြန်လာတဲ့အချိန် ကျွန်မဖုန်းလေးနဲ့ အလုပ်ရှုပ်နေတဲ့အချိန် ကြုံသွားပါတယ်။ မေမေက ကျွန်မကိုကြည့်ပြီး ပြောလိုက်ပါတယ်။

"သမီး အဲဒီဖုန်းတစ်လုံးနဲ့ အလုပ်ရှုပ်နေတယ်ဟုတ်လား"

မေမေက ကျွန်မကို စိုးရိမ်စိတ်တွေနဲ့ ပြောလာပါတယ်။ မေမေ့ရဲ့မျက်ဝန်းထဲက သောကအရိပ်နဲ့ စိုးရိမ်စိတ်တွေကိုလည်း တွေ့လိုက်ရပါတယ်။

"စာတွေလုပ်ပါတယ် မေမေ။ သမီး အတန်းထဲမှာ ပထမရတာ မေမေလည်းသိသားနဲ့။ သမီးက တော်ပြီးသားပါ"

ကျွန်မက ကျွန်မအပြစ်ကို ဖုန်းကွယ်ပြောဆိုလိုက်မိပါတယ်။ တကယ်တော့ ကျွန်မဟာ ဒီဖုန်းလေးရပြီးအချိန်ကစလို့ ကျောင်းစာတွေကို အရင်တုန်းကလို မကျက်ဖြစ်တော့တာ ကျွန်မကိုယ်တိုင် အသိဆုံးပါပဲ။

× × ×

ဒီလိုနဲ့ တရွေ့ရွေ့ ကုန်ဆုံးလာတဲ့အချိန်တွေက ကျွန်မကို သတ္တမတန်းရဲ့ အတန်းတင်စာမေးပွဲဆီကို အရောက်ပို့ပေးခဲ့ပါတော့တယ်။

× × ×

စာမေးပွဲအောင်စာရင်း ထွက်တဲ့နေ့မှာ ကျွန်မဟာ ကျဆုံးခြင်းနဲ့ရင်ဆိုင်လိုက်ရပါတော့တယ်။ မေမေ့ရဲ့ ဝမ်းနည်းပက်လက် ခံစားရမှုတွေကိုလည်း တွေ့မြင်လိုက်ရပါတော့တယ်။ မေမေ့ရဲ့မျက်ဝန်းမှာ အရင်က ကျွန်မ ပထမအဆင့်ရတဲ့နေ့ရက်ကလို မျက်ရည်ဥတွေရစ်ဝိုင်းမနေဘဲ မေမေ့ရဲ့မျက်ဝန်းမှတစ်ဆင့် မျက်ရည်များ ပါးပြင်ပေါ်ကို စီးကျလို့နေပါတယ်။

"သမီးရယ် ဘယ်လိုဖြစ်ရတာလဲ။ သမီး ဘာကြောင့် ဒီလိုဖြစ်ရတာလဲ"

ဝမ်းနည်းပူဆွေးပြီး မေးခွန်းတွေအထပ်ထပ်မေးနေတဲ့ မေမေ့ကို ကျွန်မရဲ့လက်အစုံက ပွေ့ဖက်မိလိုက်ပါတော့တယ်။ မေမေရဲ့ရင်ခွင်ကြားမှာ ခေါင်းလေးကိုဝှက်ပြီး ကျွန်မကိုယ်တိုင်ကြားအောင်သာ ပြောလိုက်မိပါတယ်။

ကျွန်မဟာ မေမေပေးတဲ့ ဆုလာဘ်ဖုန်းလေးကို သူ့နေရာနဲ့သူ အချိန်အပိုင်းအခြားနဲ့ အကျိုးရှိအောင် မသုံးတတ်တဲ့အတွက် ဆိုးကျိုးနဲ့ရင်ဆိုင်ခဲ့ရပြီး ကျွန်မရဲ့မေမေမလိုချင်တဲ့နေ့ရက်ကို ရရှိစေခဲ့ပြီးဖြစ်ပါတယ်။ ကျွန်မရဲ့အောင်မြင်မှုကိုလည်း ကျရှုံးစေတတ်တဲ့အဖြစ်ကို နောင်မဖြစ်စေဖို့ မေမေ့ရဲ့ရင်ခွင်ကြားမှပင် ကျွန်မ မေမေ့ကို တိုးတိုးလေး ကတိပေးလိုက်ပါတော့တယ်။

မင်းတည်တံ့



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com



www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com






အောင်မြင့်ကြူပါစေ..

www.burmeseclassic.com

www.burmeseclassic.com

# LETTER WRITING

**Moe Yan Myint**

***You are Swe Kyaw. You live at No.24, 3rd Street, Lanmadaw Township, Yangon Region. Write a letter to your aunt who stays in United Kingdom, asking her to visit you in Myanmar.***

No. 24, 3rd Street,
Lanmadaw Township,
Yangon Region.
5th November, 2015.

Dear Aunty,

How are you? I'm fine, and my father, my mother and my grandma are also fine. We have not heard from you for about two years now. All my family miss you. Grandma is really anxious about your health. My father and mother too often mention about you. The other day, they discussed and asked me to write to you, requesting you to visit us as soon as possible. You have not visited Myanmar for the last five long years.

Please do come and we will go to Bagan during coming summer holidays. We have not arrived there for ten years now. I think that some scenes may change, and that we may feel some different views.

I am anixously waiting for a reply from you. With best regards for you and uncle.

Yours sincerely
Swe Kyaw

## Glossary

1. We have not heard from you for about two years now. = အဒေါ်ဆီက ဘာသတင်းမှ မကြားရတာ အခုဆိုရင် နှစ်နှစ်နီးပါး ရှိသွားပြီ။
2. All my family miss you. = သမီးတို့မိသားစုအားလုံး အဒေါ်ကို သတိရနေကြပါတယ်။
3. Grandma is really anxious about your health. = အဘွားက အဒေါ်ရဲ့ကျန်းမာရေးနဲ့ ပတ်သက်ပြီး တကယ့်ကို စိုးရိမ်ပူပန်နေပါတယ်။
4. My father and mother too often mention about you. = သမီးရဲ့အဖေနဲ့ အမေကလည်း အဒေါ် အကြောင်း မကြာခဏ ထည့်ပြောကြတယ်။
5. The other day, they discussed and asked me to write to you, requesting you to visit us as soon as possible. = တစ်မြန်နေ့က သူတို့တစ်တွေ စကားပြောဆို ဆွေးနွေးကြပြီး သမီးကို စာတစ်စောင် ရေးခိုင်းတယ်။ အဒေါ် သမီးတို့ဆီကို ဖြစ်နိုင်သမျှ မြန်မြန်လာဖို့ တောင်းဆိုတဲ့စာကို ရေးခိုင်းတာပါ။
6. You have not visited Myanmar for the last five long years. = အဒေါ် မြန်မာပြည်ကို မရောက်တာ ငါးနှစ်တောင်ကြာခဲ့ပြီလေ။

www.burmeseclassic.com


7. Please do come and we will go to Bagan during coming summer holidays. = ကျေးဇူးပြုပြီး ဆက်ဆက်သာလာပါ။ သမီးတို့ လာမယ့်နွေရာသီကျောင်းပိတ်ရက်မှာ ပုဂံကို သွားကြမယ်။
8. We have not arrived there for ten years now.= အဲဒီနေရာကို မရောက်ဖြစ်တာ အခုဆိုရင် ၁၀ နှစ်ကြာခဲ့ပြီ။
9. I think that some scenes may change, and that we may feel some different views. = အချို့ရှုခင်းတွေက ပြောင်းလဲသွားနိုင်တယ်။ ပြီးတော့ ကွဲပြားခြားနားတဲ့ မြင်ကွင်းတွေကိုလည်း ခံစားရနိုင်တယ်လို့ သမီးတော့ ထင်မိတယ်။
10. I am anixously waiting for a reply from you. = အဒေါ်ဆီက ပြန်စာကို သမီးတော့ စိတ်ဆန္ဒပြင်းပြစွာနဲ့ စောင့်မျှော်နေလျက်ရှိပါတယ်။

**Moe Yan Myint**

□

## ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ (၅)

မေးခွန်းသင်္ကေတနေရာ၌ လိုနေသော ကိန်းကို ဖြည့်ပါ။




[အဖြေမှန်သူကို ဆုအဖြစ် ဆုငွေ ၁၅၀၀ ကျပ်နှင့်အတူ Oxford Learner's Pocket Dictionary 2005 နှင့် ရတနာပန်းခင်းရုပ်စုံမဂ္ဂဇင်းတစ်အုပ်စီချီးမြှင့်မည်ဖြစ်ပါသည်။ အဖြေမှန်သူတစ်ယောက်ထက်များနေပါက အဖြေမှန်သူများထဲမှ တစ်ဦးကို မဲစနစ်ဖြင့် ရွေးချယ်ကာ ဆုချီးမြှင့်ပါမည်။ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းသူ၊ ကျောင်းသားများသာ ပါဝင်ယှဉ်ပြိုင်ခွင့်ရှိပါသည်။ ဖော်ပြပေးထားသည့် ပြိုင်ပွဲဝင်ပုံစံဖြင့်သာ ပါဝင်ယှဉ်ပြိုင်ခွင့်ပြုပါမည်။ ပြိုင်ပွဲအဖြေလွှာများကို ရတနာပန်းခင်းရုပ်စုံမဂ္ဂဇင်းတိုက်၊ အမှတ် ၈၀(A)၊ အပေါ်ဆုံးထပ်၊ ၁၂၄ လမ်း၊ သပြေကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူ၍ ၁-၂-၂၀၁၆ ရက်နေ့အရောက်ပေးပို့ရပါမည်။ ပြိုင်ပွဲဝင်ပုံစံကို စာအုပ်အနောက်ဘက်စာမျက်နှာတွင် ဖော်ပြပေးထားပါသည်။]



www.burmeseclassic.com

www.burmeseclassic.com

# သူရဲကောင်းငါးဖော်

# THE FIVE MUSKETEERS

ဒေါက်တာခင်မောင်ညို

ခုပြောမယ့် ပုံပြင်ကတော့ သူရဲကောင်းငါးဖော်၊ သို့မဟုတ် ရဲငါးဘော်ဆိုတဲ့ ပုံပြင်ပါပဲ။

တစ်ခါက ညီအစ်ကိုလေးယောက်နဲ့ သူတို့ရဲ့ အစေအပါးတစ်ဦး အတူနေကြသတဲ့။ အဲဒီ အစေအပါး ဟာ လေးယောက်ထက် ကြီးထွားသန်စွမ်းပြီး အင်မတန် မှလည်း အတွေ့အကြုံများတယ်တဲ့။ ညီအစ်ကိုလေး ယောက် လုပ်သမျှကို သူက ကူညီရတာပါတဲ့။ ဒီအစေခံ မပါရင်တော့ ဒီလေးယောက်လုံးဟာ ဘာမဆို အခက် အခဲတွေနဲ့ လုပ်ရတယ်။ ပြီးမြောက်အောင်လည်း မလုပ် နိုင်ကြဘူး။ ဒါပေမယ့် အဲဒီအစေအပါးဟာ ညီအစ်ကို လေးယောက်ကို အမြဲတစေ ဦးဆောင်ပြီး အောင်မြင် အောင် ဆောင်ရွက်ပေးလေ့ရှိသတဲ့။

အဲဒီအစေအပါးရဲ့ အမည်ကတော့ 'ပုတို'ပါပဲ။ သူဟာ အရပ်ပုပု၊ ဂင်တိုတိုနဲ့ သန်သန်မာမာရှိသူ တစ်ယောက်ပဲတဲ့။ ညီအစ်ကိုလေးယောက်ကတော့ တူ ညီတဲ့ပုံသဏ္ဍာန်ရှိပေမယ့် စိတ်တွေကတော့ မတူဘူး။ ညီအစ်ကိုထဲက ပထမဆုံးတစ်ယောက်ကတော့ 'ကိုရန် လို'တဲ့။ သူဟာ လူတကာကို ရန်စတတ်တယ်။ သူများ ကို စိန်ခေါ်တတ်သူပေါ့။

ဒုတိယတစ်ယောက်ကတော့ အရပ်အရှည်ဆုံး ဖြစ်လို့ သူ့ကို 'ကိုသူ့ထက်ကဲ'လို့ ဆိုတယ်။ တတိယ ညီအစ်ကိုတစ်ယောက်ကတော့ 'ကိုရွှေပြည်စိုး'လို့အမည် ရတယ်။ သူက ချမ်းသာတယ်။ သတိထားတယ်တဲ့။ နောက်ဆုံးတစ်ယောက်ကတော့ အငယ်ဆုံးပေါ့ကွယ်။ သူ့ကို ညီပုလေးလို့ အမည်ပေးထားတယ်တဲ့။

တစ်ရက်မှာ ဒီသူရဲကောင်း ငါးဖော်ဟာ အတူ တကွ ခရီးလှည့်လည်သွားကြရင်း တိုင်းပြည်တစ်ပြည် ကို ရောက်သွားကြသတဲ့။

အဲဒီတိုင်းပြည်ဟာ ကြီးကျယ်ခမ်းနားပြီး ဘုရင် ကြီးဟာလည်း တန်ခိုးအာဏာ ထက်မြက်လှတယ်။ ဒီအခါ ကိုပုတိုက ပြောတယ်။

"တို့တစ်တွေဟာ တိုင်းပြည်သေးသေးလေးပိုင် ပြီး အုပ်ချုပ်နေလို့ကတော့ အလကားပါပဲ။ တို့နိုင်ငံကို ကြီးကျယ်အောင်လုပ်ပြီး အုပ်ချုပ်ကြရင်ကောင်းမှာပဲ"

"ကောင်းတာပါပဲ"လို့ ကျန်လေးယောက်က သဘောတူညီကြတယ်။ ဒီနောက် သူတို့ဟာ ရွှေနိုင်ငံ ရဲ့ မြို့ဝင်တံခါးပေါက် မုခ်ဦးကို ရောက်သွားကြတယ်။

အဲဒီရောက်တော့ ကိုရန်လိုဟာ ဘုရင်ကြီးကို စိန်ခေါ်တော့တာပါပဲ။ ဒါနဲ့ပဲ စစ်မက်ဖြစ်ပွားကြတာပေါ့။ စစ်ပွဲဟာ ပြင်းထန်သတဲ့။ ဘုရင်နဲ့ သူ့ရဲ့စစ်သည်တွေက တစ်ဖက်ကနေ တိုက်တယ်။ သူရဲကောင်းငါးဖော်က တစ်ဖက်ကပေါ့။

တိုက်ပွဲမှာ ကိုသူ့ထက်ကဲဟာ ပြင်းပြင်းထန်ထန် ဦးဆောင်ကာ တိုက်တယ်။ နောက်ဆုံး ဘုရင်ကြီးကျဆုံး သွားပြီး မြို့တော်ကို သူတို့ သိမ်းပိုက်နိုင်ခဲ့တယ်။ "အောင် ပြီ"၊ "အောင်ပြီ"လို့ သူတို့ကြွေးကြော်ကြတယ်။

"ဒီတော့ ဘယ်သူက ဘုရင်လုပ်မှာလဲ"

"ကိုပုတို ဘုရင်လုပ်လေဗျာ။ သူက အကြံပေးလို့ ရွှေပြည်ကြီးကို လက်ဝယ်ရခဲ့တာမဟုတ်လား"လို့ ညီ အစ်ကိုလေးယောက်ထဲက တစ်ယောက်က ဆိုတယ်။ ကျန်သုံးယောက်က သဘောတူပေမယ့် ကိုပုတိုက ငြင်း တယ်။

"မင်းတို့ စဉ်းစားကြည့်လေကွာ။ ဒီတိုင်းပြည်က ဘုရင်ကြီးကို ဘယ်သူက စိန်ခေါ်လဲ။ ကိုရန်လို မဟုတ်



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

လား။ ကိုရန်လိုကသာ ဘုရင်ဖြစ်သင့်တယ်"လို့ ပြောတယ်။

ညီအစ်ကိုသုံးယောက်က သဘောတူကြပေမယ့် ကိုရန်လိုက ငြင်းဆန်တယ်။

"ကျွန်တော် ဘုရင်လုပ်လို့ ဘယ်ဖြစ်မလဲ။ တကယ်တော့ ကိုသူ့ထက်ကဲက ရှုပ်ရှုပ်ချုံချုံ တိုက်ခဲ့တယ်မဟုတ်လား။ သူ့ကို ဘုရင်တင်မြှောက်ပါ"

ဒါပေမယ့် ကိုသူ့ထက်ကဲက ငြင်းတယ်။

"ရွှေပြည့်စိုးဆိုတဲ့စကားအတိုင်း ကိုရွှေပြည့်စိုးကသာ တိုင်းပြည်ကို အုပ်ချုပ်မင်းလုပ်သင့်တယ်။ ဒီနိုင်ငံမှာ ရွှေငွေပေါတယ်။ ဒါတွေကို စီမံခန့်ခွဲအုပ်ချုပ်တဲ့လူ ကောင်းကောင်းလိုတယ်။ နိုင်ငံတစ်နိုင်ငံအတွက် ငွေကြေးဟာ အရေးပါတယ်တဲ့"

ဒါပေမယ့် ကိုရွှေပြည့်စိုးက ညီဖလေးကို ဘုရင်လုပ်ဖို့ အကြံပြုတယ်။ သူက အေးအေးဆေးဆေးနေတတ်တယ်။ သူက နိုင်ငံ့တကာဆက်ဆံရေးမှာ ဦးဆောင်နိုင်မယ့်သူဖြစ်လို့ တိုင်းပြည်အုပ်ချုပ်ဖို့အတွက် ထိုက်တန်တယ်လို့ ဆိုပြန်တယ်။

သူတို့ဟာ နာရီပေါင်းများစွာ ငြင်းခုံကြတယ်။ နောက်ဆုံးအဖြေတစ်ခုရတယ်။ နိုင်ငံကို စုပေါင်းအုပ်ချုပ်ကြမယ်ပေါ့။ ဒါကို ငါးယောက်လုံးက သဘောတူကြတယ်။

ကြည့်လိုက်ကြပါ။ သူတို့ဟာ သင်ရဲ့ လက်ငါးချောင်းပေါ့။ သင်ရဲ့ ရွှေပြည်ကြီးအတွင်း အလုပ်အကြွေးပြုမယ့်သူက ဒီငါးယောက်ပေါ့။

သင့်ရဲ့လက်မကတော့ ကိုပုတိုပေါ့။ လက်မဟာ ပုတိုတိုနဲ့ အားကောင်းမောင်းသန်ပါပဲ။ သူက လက်ငါးချောင်းလုံးကို အထောက်အကူပြုတယ်။ သူမရှိလို့ကတော့ ဘယ်ပစ္စည်းကိုမှ ထိထိရောက်ရောက် ကိုင်တွယ်လို့ရမှာမဟုတ်ဘူး။ ဒါပေမယ့် ပစ္စည်းတစ်ခုကို ထိထိမိမိ ဆုပ်ကိုင်နိုင်ဖို့ လက်ငါးချောင်းလုံးလိုတာပဲ မဟုတ်လား။

လက်ညှိုးကတော့ ကိုရန်လိုပေါ့။ သူက ဟိုထိုးဒီထိုးနဲ့ ရန်လိုတတ်တယ်။ ဒါကို သတိထားရမယ်။ ညီအစ်ကိုထဲမှာ သူများထက် ပိုရှည်တာက သူ့ထက်ကဲပါ။ လက်ခလယ်ပေါ့။ သူ့ဘေးက ရွှေပြည့်စိုးကတော့ လက်သူကြွယ်ပါပဲ။ သူမှာ ရွှေလက်စွပ်တွေဝတ်လို့ ရွှေပြည့်စိုးလို့ ခေါ်တယ်။ သူက ချမ်းသာတာပေါ့။ အငယ်ဆုံး ညီပုလေးကတော့ လက်သန်းပါပဲ။ အားမရှိပေမယ့် ဘယ်သူ့ကိုမှ ဘေးမပြုဘူး။ ဒီလက်ချောင်း ငါးချောင်းဟာ စုပေါင်းဆောင်ရွက်ပြီး ရွှေနိုင်ငံမှာ ရွှေပလ္လင်ကို ပိုင်စိုးကာ ကြီးပွားတိုးတက်မှာ အသေအချာပါပဲ။

ကလေးတို့ရေ··ကလေးတို့ရဲ့ လက်ငါးချောင်းကို ကြည့်ပါ။

ဒီလက်ကလေးများကို မပျက်စီးအောင် ထိန်းသိမ်းဖို့လိုတယ်။ လက်ကလေးများ ညီညွတ်မှုတာပြီး အစစအရာရာ ပြီးစီးအောင်မြင်နိုင်ကြပါစေ··။

ဒေါက်တာခင်မောင်ညို

□

## Did You know

### ကမ္ဘာ့အကြီးဆုံး ရေခဲမုန့်

ကမ္ဘာ့အကြီးဆုံး သစ်သီးရေခဲမုန့်ကြီးကို ၁၉၈၈ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်နေ့က ကနေဒါနိုင်ငံ၊ အယ်ဘာတာမြို့ရှိ 'ပန်း နို့ထောပတ်ကုမ္ပဏီ'က ပြုလုပ်ခဲ့ခြင်း ဖြစ်ကာ အဆိုပါ ရေခဲမုန့်ကြီးမှာ ၂၄·၉၁ တန် လေးလေသည်။ သစ်သီးရေခဲမုန့်ကြီးကို ရေခဲမလိုင် ၂၉·၂၇ တန်၊ ဖျော်ရည် ၄·၃၉ တန်နှင့် တော့ပင်း topping ၂၃၄·၇ ကီလိုဂရမ်တို့ အသုံးပြု ပြုလုပ်ထားခြင်း ဖြစ်သည်ဟု ဆိုသည်။

[1000 Freaky Facts စာအုပ်မှ··]



www.burmeseclassic.com

www.burmeseclassic.com



# ကျွန်တော့်ရည်မှန်းချက်

မြင့်စာမိုး

လူသားမှန်လျှင် ရည်မှန်းချက်ရှိရပါသည်။ ရည်မှန်းချက် မရှိသောသူသည် ဘဝ၌ ထွန်းကားမှုမရှိဘဲ ယောင်ချာချာဖြစ်နေတတ်ပါသည်။ ကျွန်တော့်အဖို့ ထိုသို့အဖြစ်မခံနိုင်ပါ။ သို့ဖြစ်၍ ရည်မှန်းချက်ထားရှိပါသည်။

ကျွန်တော်၏ ရည်မှန်းချက်မှာ ပြည်သူလူထု၏ ကျန်းမာရေးအတွက် ဆရာဝန်တစ်ကောင်းတစ်ယောက် ဖြစ်လိုသော ရည်ရွယ်ချက်ပင် ဖြစ်ပါသည်။ ထိုရည်မှန်းချက် အောင်မြင်ပေါက်ရောက်စေရန် ကျွန်တော်သည် စာကြိုးစားလျက်ရှိပါသည်။ ဂုဏ်ယူဖွယ်ကောင်းလောက်သော ဆရာဝန်ဖြစ်မြောက်ရန် သာမန်အဆင့်နှင့်မရပါ။ ထူးချွန်ထက်မြက်ဖို့ရန် အထူးပင် ကြိုးစားရပါမည်။ ဆယ်တန်းစာမေးပွဲ၌ အမှန်ကောင်းကောင်းရဖို့ လိုအပ်ပါသည်။

ကျွန်တော်၏ရည်မှန်းချက်ကို မိဘဆွေမျိုးများ သိကြသောအခါ များစွာဝမ်းမြောက်ကြပါသည်။ အားပေးတိုက်တွန်းမှုလည်း ပြုကြပါသည်။ ကျွန်တော့်အဖို့ ဆရာဝန်တစ်ယောက် ဖြစ်လိုခြင်းမှာ တောသူတောင်သားဆင်းရဲသားတို့၏ ကျန်းမာရေးကို စောင့်ရှောက်လို၊ ကုသလို၍ ဖြစ်ပါသည်။ ကျွန်တော်တို့ရွာရှိ တောသူတောင်သားတို့မှာ လယ်ယာအလုပ်ဖြင့် အသက်မွေးကြရပါသည်။ လယ်ပိုင်ယာပိုင်မရှိဘဲ လူငှားအဖြစ် ဝင်ရောက်လုပ်ကိုင်ကြရသည့်အတွက် ဆင်းရဲပင်ပန်းကြပါသည်။ ထို့ပြင် စာပေအသိမှာလည်း နည်းပါးလှပါသည်။

ပမာအားဖြင့် မြွေကိုက်ခံရပြီဆိုလျှင် ရှေးဦးသူနာပြုခြင်းကိုလည်း မတတ်ကျွမ်းကြပါ။ ဆေးရုံဆေးခန်းပို့ရန်အတွက်လည်း ဝန်လေးနေတတ်ကြပါသည်။ ခေတ်မမီသော ဆေးမြီးတိုများနှင့်လည်းကောင်း၊ ပျောက်စေဆရာများ၊ ပယောဂဆရာများနှင့်လည်းကောင်း ကုသမှုခံယူကြသည့်အတွက် အသက်မဆုံးရှုံးသင့်ဘဲ ဆုံးရှုံးကြရပါသည်။ ထို့ပြင် ကိုယ်ဝန်ဆောင်များဆိုလျှင်လည်း အရပ်လက်သည်အားကိုးဖြင့် ဖြစ်သလို မွေးဖွားတတ်ကြရာ အခန့်မသင့်သည့်အခါ မရှူနိုင် မကယ်နိုင် ဖြစ်လျက် အသက်ဆုံးပါးကြရပါသည်။

ထိုသို့ ဖြစ်ရခြင်းမှာ ကျန်းမာရေးဗဟုသုတ ကင်းမဲ့၍ ဖြစ်ပါသည်။ ထို့အတူ ကျေးလက်တောရွာများ၌ ဆေးဝါးကုသမှု တတ်ကျွမ်းသည့် ဆရာဝန်၊ သူနာပြု အစရှိသည့် ဆေးပညာရှင်များ ရှားပါး၍လည်း ဖြစ်ပါသည်။ ကျွန်တော်နှင့် ကစားဖော်ကစားဖက်ဖြစ်သော တာတီးဆိုလျှင် ခြေဖနောင့် သံစူးရာမှ မေးခိုင်ပိုးဝင်ပြီး ငယ်ငယ်ရွယ်ရွယ်နှင့် အသက်ဆုံးခဲ့ရရှာပါသည်။ အကယ်၍ ကျွန်တော်တို့ကျေးရွာ၌ ကျန်းမာရေးအသိပညာများ ကြွယ်ဝလျှင်၊ ဆေးဝါးကုသမှု တတ်ကျွမ်းသူများရှိလျှင် ထိုအဖြစ်ဆိုးမျိုးနှင့် ကြုံတွေ့ကြရမည်မဟုတ်ပေ။

ကျွန်တော်သာ ဆရာဝန်တစ်ယောက် ဖြစ်ပြီဆိုပါက ရေများရာ မိုးမရွာပါ။ ဆရာဝန်များ ပေါ်များသော မြို့ပြ၌ တွယ်ကပ်မနေပါ။ ကျွန်တော်တို့ ကျေးရွာအပါအဝင် ကျေးလက်တောရွာများသို့ဆင်းကာ အခြေခံလျက် ကျန်းမာရေး အသိပညာများ ဝေငှပေးပါမည်။ ကျန်းမာရေး ချို့တဲ့သော ဝေဒနာရှင်များအား ကရုဏာထားလျက် စေတနာလွှမ်းခြုံကာ ဆေးဝါးကုသမှု ပေးပါမည်။

ရည်မှန်းချက်ရှိပြီဆိုလျှင် ဖြစ်မြောက်အောင် အကောင်အထည်ဖော်နိုင်ဖို့ အရေးကြီးပါသည်။ ဋ္ဌ၊ လုံ့လ၊ ဝီရိယရှိပါက မဖြစ်နိုင်ဟူ၍ မရှိပါ။ သို့ဖြစ်၍ ကျွန်တော်သည် ကျေးလက်ပြည်သူပြည်သားအပေါင်းတို့ အားကိုးအားထားပြုရမည့် ဆရာဝန်ကောင်းတစ်ယောက် ဖြစ်ကိုဖြစ်ရမည်ဟု ခိုင်မာသော ဆုံးဖြတ်ချက်ကို ချလိုက်ပါတော့သတည်း။

မြင့်စာမိုး



www.burmeseclassic.com

www.burmeseclassic.com

# အသိဉာဏ်ကြွယ်ကြွယ် ဖြေကြမယ်

အောင်ကြည်ညွန့်(တက္ကသိုလ်)

## The Honest Houseboy

An official in one in the English colonies, wishing to test the honesty of his native houseboy, lfet a pound note on the table. The boy found the note and dutiflly returned it to his master.

"You may keep it as a token of your honesty," said the official.

This test was repeated at irregular interval. The servant never failed to deliver the planted money, and the master told him repeatedly, "You may keep it as a token of your honesty."

One day the official unwittingly left on the table his wallet containing several five-pound notes. It disappeared, and the boy was very silent.

"Did you find you wallet?" asked the official.

"Well, where is it?"

"I kept it as a token of my honesty", answered the boy.

***Ref: Focus on Meaning by. E. Gaucloin (Education)***

□

## ရိုးသားသော အိမ်ဖော်လူငယ်

အင်္ဂလိပ်ကိုလိုနီခေတ်က အရာရှိကြီးတစ်ယောက်ဟာ သူ့ရဲ့ အိမ်ဖော် တိုင်းရင်းသားလူငယ်လေးရဲ့ ရိုးသားမှုကို စမ်းသပ်ချင်တာနဲ့ ပိုက်ဆံတစ်ပေါင် (အင်္ဂလိပ်ငွေကြေး)ကို စားပွဲပေါ်မှာ ထားခဲ့တယ်။ လူငယ်လေးဟာ ပိုက်ဆံတစ်ပေါင်ကို တွေ့ပြီး တာဝန်ကျေပွန်စွာဖြင့် သူ့ဆရာကို ပြန်ပေးတယ်။

"မင်းရဲ့ရိုးသားမှုကြောင့် အဲဒီပိုက်ဆံကို မင်းပဲ လက်ဆောင်အဖြစ် ယူထားလိုက်"လို့ အရာရှိကြီးက ပြောသည်။

ဤကဲ့သို့ စမ်းသပ်မှုမျိုးကို အချိန်အခါခြား၍ ထပ်ခါထပ်ခါ စမ်းသပ်သည်။ အိမ်ဖော်လူငယ်လေးမှာလည်း ပျက်ကွက်မှုမရှိဘဲ တွေ့ရှိသော ပိုက်ဆံကို ပြန်၍သာပေးပါသည်။ သူ၏ဆရာကလည်း ပိုက်ဆံပြန်ပေးတိုင်း -

"မင်းရဲ့ရိုးသားမှုကြောင့် အဲဒီပိုက်ဆံကို မင်းပဲ လက်ဆောင်အဖြစ်ယူလိုက်"လို့ အရာရှိကြီးက အမြဲမပြတ် ပြောဆိုသည်။

တစ်နေ့သောအခါတွင် အရာရှိကြီးသည် တမင်တကာ မရည်ရွယ်ဘဲလျက် "ငါးပေါင်တန်" ငွေစက္ကူအများကြီးပါသော သူ၏ ခေါက်ပိုက်ဆံအိတ်ကို စားပွဲပေါ်တွင် တင်ထားခဲ့သည်။ ထိုပိုက်ဆံအိတ်ပျောက်ဆုံးသွားပြီး လူငယ်လည်း ဆိတ်ဆိတ်နေနေ၏။

"မင်း ငါ့ရဲ့ ခေါက်ပိုက်ဆံအိတ်တွေ့လား"

www.burmeseclassic.com

အရာရှိကြီးက လူငယ်အား မေးသည်။ "ကျွန်တော့်ရဲ့ ရိုးသားမှုကြောင့် အဲဒီပိုက်ဆံအိတ် "ကောင်းပြီ ဘယ်မှာလဲ"ဟု ထပ်ပြောရာ လူ ကို လက်ဆောင်အဖြစ် ယူလိုက်ပြီ" ငယ်က - လို့ အဖြေပေးလိုက်ပါတော့သည်။

## Questions မေးခွန်းများဖြေကြည့်ပါ

1. How did the official test the honesty of his houseboy?
   အရာရှိကြီးက သူ၏ အိမ်ဖော်ကလေး၏ ရိုးသားမှုကို ဘယ်လိုစမ်းသပ်သလဲ။
2. How often did the official repeat this test?
   ဤစမ်းသပ်မှုကို အရာရှိကြီးက ဘယ်နှခါလောက် ထပ်စမ်းသလဲ။
3. How did the houseboy prove his honesty?
   အိမ်ဖော်ကလေးက သူ၏ရိုးသားမှုကို ဘယ်လိုသက်သေပြသလဲ။
4. How did the official reward the houseboy for his honesty?
   အိမ်ဖော်ကလေး၏ ရိုးသားမှုအတွက် အရာရှိကြီးက မည်သို့ဆုချသလဲ။
5. What happened when the official unwittingly left his wallet on the table?
   အရာရှိကြီးသည် တမင်တကာ မရည်ရွယ်ပါဘဲလျက် ခေါက်ပိုက်ဆံအိတ် စားပွဲပေါ်တွင် ကျန်ရစ်သည့်အခါ ဘာဖြစ်သွားသနည်း။


အောင်ကြည်ညွန့်(တက္ကသိုလ်)

[အဖြေမှန်များကို စာမျက်နှာ ၁၆၀ တွင် ဖော်ပြထားပါသည်။]

□

## ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ [၁]

မေးခွန်းသင်္ကေတနေရာ၌ လိုနေသောကိန်းတို့ကို ဖြည့်ပါ။




[အဖြေမှန်သူကို ဆုအဖြစ် ဆုငွေ ၁၅၀၀ ကျပ်နှင့်အတူ Oxford Learner's Pocket Dictionary 2005 နှင့် ရတနာပန်းခင်းရုပ်စုံမဂ္ဂဇင်းတစ်အုပ်စီချီးမြှင့်မည်ဖြစ်ပါသည်။ အဖြေမှန်သူတစ်ယောက်ထက်များနေပါက အဖြေမှန်သူများထဲမှ တစ်ဦးကို မဲစနစ်ဖြင့် ရွေးချယ်ကာ ဆုချီးမြှင့်ပါမည်။ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းသူ၊ ကျောင်းသားများသာ ပါဝင်ယှဉ်ပြိုင်ခွင့်ရှိပါသည်။ ဖော်ပြပေးထားသည့် ပြိုင်ပွဲဝင်ပုံစံဖြင့်သာ ပါဝင်ယှဉ်ပြိုင်ခွင့်ပြုပါမည်။ ပြိုင်ပွဲအဖြေလွှာများကို ရတနာပန်းခင်းရုပ်စုံမဂ္ဂဇင်းတိုက်၊ အမှတ် ၈၀(A)၊ အပေါ်ဆုံးထပ်၊ ၁၂၄ လမ်း၊ သပြေကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူ၍ ၁–၂–၂၀၀၆ ရက်နေ့အရောက်ပေးပို့ရပါမည်။ ပြိုင်ပွဲဝင်ပုံစံကို စာအုပ်အနောက်ဘက်စာမျက်နှာတွင် ဖော်ပြပေးထားပါသည်။]



www.burmeseclassic.com

www.burmeseclassic.com



# အစွမအောင်ခလိုင် အခံမအောင်ခလိုင်

## မောင်သာမြွေး

ကရင်လူမျိုးတွေဟာ အစွမအောင်ခလိုင်၊ အခံမအောင်ခလိုင်လို့ဆိုပြီး ဇာစ်မြစ်မရှိတဲ့လူ၊ အခြေအမြစ်မရှိတဲ့လူဆိုပြီး ပြောဆိုလေ့ရှိကြတယ်။

"သူများယောင်၍ ပေါင်ရပါသည်။ အမောင်တောင် မြောက်မသိ"ဆိုသော စကားပုံတစ်ခုရှိတယ်။ ဒီစကားပုံကို ပုံစံပြုပြီး ပုံပြင်တစ်ခုပြမယ်။

အရင်တုန်းက 'ထိုဖာတူ'ဆိုတဲ့ငှက်ဟာ အကောင်ကြီးပြီး အသံလည်းကောင်းတယ်။ ခုတော့ အကောင်သေးပြီး အသံလည်းသေးသွားတယ်။ သေးတာမှ ငှက်တွေထဲမှာ အကောင်အသေးဆုံးဖြစ်တယ်။ ဒီငှက်ကို 'နံ့ပြီစုတ်' လို့ခေါ်ပြီး အသံကလည်း ကျစ် ကျစ် ကျစ်လို့ အော်တတ်တယ်။

တစ်နေ့တော့ 'ဆန်းမှု'ကြက်မကြီးဟာ ကလေးတွေနဲ့ အစာစားနေရင်း စွန်ရဲတစ်ကောင်ပျံလာတာကို တွေ့လိုက်တယ်။ စွန်ရဲရဲ့အရိပ်ကိုတွေ့တာနဲ့ 'ဆန်းမှု'ဟာ "ကွပ် ကွပ် ကွပ်"လို့ သူ့ကလေးတွေကိုခေါ်ပြီး သူ့တောင်ပံအောက်မှာ ဝှက်ထားလိုက်တယ်။ 'ဆန်းမှု' ကွပ်ကွပ်လို့ အော်သံကြားတဲ့အချိန်မှာ 'နံ့ပြီစုတ်'ငှက်ဟာ ဟိုချုံဒီချုံတွေကြားမှာနေရင်းက "ဆန်းမှု'ရဲ့ဖင်ကို ဝင်တိုးပါလေရော။ ဆန်းမှုလည်း "ကတော့"လို့အော်ပြီး ထပျံတော့တာပေါ့။

အဲဒီလိုအိပ်နေတုန်း တောင်ခေါင်းမှာအိပ်နေတဲ့ ဝက်(ထို)ပြေင်းက ကျောက်ခဲတွေကန်ကျောက်ပြီး ပြိုကျကုန်တာပေါ့။ သူ့အသံကလည်း "ဝုစ်" "ဟစ်"လို့အော်ပြီး ထွက်ပြေးတာပေါ့။ အဲဒီအချိန်မှာ စားမြုပ်ပြန်နေတဲ့ နွားကြီး(စမိန်း)လည်း ဆူဆူညံညံကြားပြီး "ဝပ်ထရိန်း" "ဝပ်ထရိန်း"လို့ ထအော်တယ်တဲ့။ အဲဒီလို 'စမိန်း'အော်တာတွေကို ပနပ်(ကျွဲ)ကြီးကမြင်ပြီး "ညွန့်အွန့်အွန့်"လို့ အော်ပြန်ရော။

ဒီလိုနဲ့ ဝက်၊ နွား၊ မနပ်(ကျွဲ)တို့ဟာ လန့်ပြေးကြတယ်။ "ဟာ··ကမ္ဘာကြီးတော့ ပျက်ပြီလို့"ဆိုပြီး မြင်းက ဟီတော့တာပဲ။ မြင်းလည်းဟီရော ဆင်လည်း အော်တော့တာပေါ့။

ဆင်အော်လေမှ သားကောင်တွေရဲ့အသံ ဆူညံသွားပြီး တစ်တောလုံး အော်သံကြားနေရတော့တာပေါ့။ ဒီလို ဆူညံသံတွေကို သစ်ခေါင်းထဲမှ အိပ်ပျော်နေတဲ့ ဇီးကွက်ကကြားတယ်။

"ဘာသံတွေလည်း ဘာဖြစ်ကြတာလဲ"လို့မေးတယ်။

ဒီလိုဖြစ်နေတာကိုမြင်တော့ "ဒီကောင်တွေ မရပ်မနားပြေးကြမှာပဲ။ ကြာရင် သေကျေပျက်စီးကုန်မယ်"လို့ ပြောပြီး -

"ရပ်ပါ ရပ်ပါ"လို့ ရပ်ခိုင်းလိုက်တယ်။

အဲဒီတော့မှ တဖြည်းဖြည်း ကြီးရာကနေ ငယ်ငယ်တဲ့အကောင်အထိ ဘာဖြစ်တယ်ဆိုတာ စစ်ဆေးမေးတော့တယ်။

ဆင်ကြီးတွေက မြင်းတွေပြေးလို့ပြေးရတယ်။ မြင်းတွေက ကျွဲတွေပြေးလို့ ပြေးရတယ်။ ကျွဲတွေက နွားတွေဆီရောက်လာတယ်။ ဒီလိုနဲ့ တစ်စချင်းဖော်လိုက်တော့ နံ့ပြီစုတ်ငှက် ကြက်မကြီးဖင်ဝင်တိုးတဲ့ပြဿနာ ဖြစ်လာတာပေါ့ကွယ်။

ဒီတော့ နံ့ပြီစုတ်ငှက်ကိုခေါ်ကြီး မေးတော့ -

"ခြုံထဲ အစာဝင်စားနေတုန်း ကွပ် ကွပ် ကွပ်ဆိုပြီး ကြက်သားလေးတွေခေါ်နေတော့ သူတို့နဲ့ရောပြီး လိုက်သွားတာပါ"လို့ ပြောတယ်။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ကြက်သားလေးတွေကတော့ ကြက်မကြီးအောက် ဝင်သွားတာပေါ့။ နံ့ပြီရုတ်ကတော့ ကြက်မကြီးဖင်ကို ဝင်တိုးတော့ ကြက်မကြီးလည်း လန့်အော်တော့တာပေါ့။ ဒီလို ဖြစ်ရတာက အခြေအမြစ်မရှိတဲ့ဖြစ်ရပ်ပဲ။

ဘယ်အရာမှဆို အရင်းခံမသိရှိဘဲနဲ့ ဘယ်အကြောင်းကိုမှ နိုက်နိုက်ချွတ်ချွတ်မသိနိုင်ပါ။ ကရင်လူမျိုးတွေကလည်း "အစမှမအောင်ခလိုင် အခံမအောင်ခလိုင်" ဆိုတဲ့ စကားပုံကို မှတ်သားထားကြရမယ်။

မောင်သာမွေး

□

## စကားလုံးတွေကို မှန်အောင်ဖြည့်ပါ

ကလေးတို့ရေ • •

ဇယားကွက်ထဲက စကားလုံးတွေကို မှန်အောင်ပြန်ဖြည့်နိုင်ဖို့ အဓိပ္ပာယ်အရိပ်အမြွက်ကို အောက်မှာဖော်ပြပေးထားပါတယ်။

၁။ နေထိုင်စရာ ၂။ လိမ်လည်လှည့်ဖြားခြင်း
၃။ မီးကြွင်း ၄။ ရှစ်မြှောင့်ပုံထောင့်အရေအတွက်
၅။ သစ်သီးတစ်လုံး

အဖြေကို စာမျက်နှာ ၁၆၀ မှာ ဖော်ပြပေးထားပါတယ်။

1. Place to live
2. Play unfairly
3. Remains of a fire
4. Number of sides of an octagon
5. A fruit

| | | | | |
|---|---|---|---|---|
| H | | | | |
| | H | | | |
| | | H | | |
| | | | H | |
| | | | | H |


www.burmeseclassic.com

www.burmeseclassic.com

# အလင်းရှင်

## မောင်မောင်မိုးအောင် (စာပေဗိမာန်စာမူဆုရ)



✦ နေ့ခင်းဘက်မှာ တောက်ပစွာ
နေမင်း လင်းရောင်ဖြာ
ချိန်ခါညချမ်း ရောင်တင့်ရွှန်း
အေးမြငွေလဝန်း။

✦ လင်းထွန်းတောက်ပ လနှင့်နေ
အလင်းရှင်များပေ
ဖေဖေ,မေမေ ပမာထား
နိုင်းနှိုင်းထိုက်ပေသား။

✦ နှစ်ပါးမိဘ ကျေးဇူးရှင်
ကြီးမားမြတ်ဂုဏ်အင်
ဆုံးမပဲ့ပြင် ရင်မှာထွေး
မြတ်ပညာလည်းပေး။

✦ ကျွေးမွေးပြုစု စောင့်ရှောက်လာ
ကြင်နာယုယစွာ
ရင်မှာအမြဲသာမမေ့အပ်
အစဉ်ကျေးဇူးဆပ် ။ ။

□

www.burmeseclassic.com

www.burmeseclassic.com

[ ပါရှုန်းပုံပြင် ]

# သိုးကျောင်းသားရဲ့ ဘဏ္ဍာတိုက်

ဝေလင်းထွန်း

ရှေးတုန်းက ပါရှားဘုရင် ဆာအာဘက်ဟာ သားကောင်လိုက်ရာက မျက်စိလည်ပြီး လမ်းပျောက်သွားပါတယ်။ အဲဒီအချိန်မှာ တောင်တန်းဘေးက သစ်ပင်ရိပ်မှာ သိုးကျောင်းသားလေးက သူ့ရဲ့သိုးအုပ်ကို ထိန်းကျောင်းရင်း ပလွေမှုတ်နေတာ တွေ့ရတယ်။

ရိုးသားပွင့်လင်းပြီး လိုချင်တပ်မက်မှုနည်းတဲ့ သိုးကျောင်းသားလေးကို သူသဘောကျမိတယ်။ သူ့ကို အကြောင်းအရာတချို့ကို မေးကြည့်တယ်။ သိုးကျောင်းသားလေးက သူဟာ ဒီမှာပဲ မွေးဖွားခဲ့ပြီး ဒီသိုးအုပ်တွေနဲ့ပဲနေရာက စာပေပညာ သင်ယူခွင့်မရခဲ့တာတွေ ပြောပြပါတယ်။ ဒီတော့ ဘုရင်ကြီးက သူ့ကိုသဘောကျတာနဲ့ သူ့ရဲ့နန်းတော်ကို ဒီသိုးကျောင်းသားလေးခေါ်သွားပြီး ပညာသင်စေဘို့ ဆုံးဖြတ်လိုက်ပါတယ်။

ဒီကံကောင်းထောက်မခံရတဲ့ သိုးကျောင်းသားလေးဟာ မင်းညီမင်းသားတွေလို ကောင်းမြတ်တဲ့ပညာတွေ သင်ယူခွင့်ရခဲ့တယ်။ ပြီးတော့ ဘုရင်ကြီးက သူ့ကို 'အလီဘေး'လို့ နာမည်သစ်ပေးပြီး သူ့ကို ဘဏ္ဍာထိန်းအဖြစ် ခန့်ထားလိုက်ပါတယ်။

အလီဘေးဟာ ကောင်းမြတ်တဲ့ကိုယ်ကျင့်တရားရှိပါတယ်။ သူ့ရဲ့လုပ်ကိုင်ဆောင်ရွက်မှုတွေဟာ အပြစ်ကင်းတယ်။ သူဟာ သစ္စာရှိမှုနဲ့ ဆင်ခြင်တွေးဆပြီး ဆုံးဖြတ်မှုတွေကို အဓိကထားပြီး သူ့ရဲ့တာဝန်ဝတ္တရားတွေ ဆောင်ရွက်တယ်။ သူဟာ လူစိမ်းတွေအပေါ် စွန့်ကြဲပေးကမ်းတတ်သလို ဂုဏ်သိက္ခာကြီးသူတွေကိုလည်း အရိုအသေပေးတတ်သူ ဖြစ်ပါတယ်။ ဒီတော့ သူဟာ ဘုရင်ရဲ့ အနှစ်သက်ဆုံးဖြစ်လာတယ်။ သူဟာ ကိုယ်စိတ်နှလုံးစောင့်စည်းပြီး လူမှုရေးတာဝန်များသိတတ်သူလည်း ဖြစ်ပါတယ်။

သူ့ရဲ့ အလွန်ကောင်းမွန်ပြည့်စုံတဲ့ အရည်အသွေးတွေက သူ့ကို သွားပုပ်လေလွင့်ပြောတတ်သူတွေရဲ့ အန္တရာယ်က ကာကွယ်မပေးနိုင်ပါ။ ဘုရင်ရဲ့ မှူးမတ်အခြွေအရံတွေက သူ့ရဲ့တိုးတက်မြှောက်စားခံရမှုကို မနာလိုစိတ်တွေ ဖြစ်ကြတယ်။

သူတို့တစ်တွေက သူသွားရာလမ်းမှာ နည်းမျိုးစုံနဲ့ သွေးဆောင်ဖျားယောင်းကြပါတယ်။ ဘုရင်ကြီးကိုလည်း လုပ်ကြံဖန်တီးပြီး တိုင်ကြားကြတယ်။ ဒါပေမယ့် ဆာအာဘက်ဟာ သာမာန်ဘုရင်တစ်ပါးမဟုတ်ပါ။ သူ့ရဲ့ကြီးကျယ်တဲ့စိတ်က သွားပုပ်လေလွင့်ပြောတာတွေကို သိရှိနားလည်ပါတယ်။ ဒီလိုနဲ့ အလီဘေးဟာ ငြိမ်းချမ်းစွာနေထိုင်နိုင်ခဲ့ပြီး ရိုးသားစွာနဲ့ ပေးကမ်းလှူဒါန်းခြင်းတွေ ဆက်လက်လုပ်ဆောင်ပါတယ်။

အလီဘေးအတွက် ကံဆိုးမိုးမှောင်ကျတာကတော့ ဘုရင်ကြီး နတ်ရွာစံသွားတာပဲဖြစ်ပါတယ်။ ပြီးတော့ သူ့နေရာဆက်ခံသူက ဆာဆီဖီ။ သူက အရင်ဘုရင်ကြီးနဲ့ လုံးဝမတူဘဲ ယုံကြည်မှုမရှိတတ်သူ၊ ရက်စက်တတ်ပြီး လောဘကြီးသူဖြစ်ပါတယ်။ သူဟာ သွေးထွက်သံယို တိုက်ခိုက်တာတွေကို သဘောကျသူလည်း ဖြစ်တယ်။

ဒီအခြေအနေက အလီဘေးရဲ့ ရန်သူတွေအတွက် အခွင့်အရေးတွေဖြစ်လာစေပါတယ်။ သူတို့က ဘုရင့်ထံ ဘဏ္ဍာပစ္စည်း စာရင်းအမှားတွေ တင်ပြကြတယ်။ ပထမတော့ ဘုရင်က အနည်းငယ်သာ ဂရုစိုက်တယ်။ ဒါပေမယ့် နောက်ဆုံးမှာတော့ သူတို့အတွက် အခွင့်အရေးတွေ ရလာပါတယ်။

ဘုရင်က ဆာအာဘက်လက်ထက်က လက်ဆောင်အဖြစ်ရရှိခဲ့တဲ့ တန်ဖိုးရှိလှတဲ့ဓားကို ကြည့်လိုတဲ့ ဆန္ဒရှိပါတယ်။ အဲဒီဓားက ရှာမတွေ့ဘဲ ဖြစ်နေပါတယ်။ ဒီတော့ ဆာဆီဖီဟာ အလီဘေးအပေါ် မယုံသင်္ကာဖြစ်နေပါတယ်။ ဒီကိစ္စက မှူးမတ်အရာရှိတွေရဲ့ အလိုဖြစ်ပါတယ်။ သူတို့က အလီဘေးအပေါ် သံသယဖြစ်စရာတွေကို စောင်းမြောင်းပြောဆိုတင်ပြကြတယ်။ ဒီအတွက် အလီဘေးဟာ အလွဲသုံးစားပြုသူအဖြစ် နာမည်ဆိုးရစေ

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ပါတယ်။ သူတို့တစ်တွေက ဘုရင်ကို –

"သူဟာ ဧည့်သည်တွေအတွက် တည်းခိုနေထိုင်ဖို့ ဇရပ်တွေအများကြီး ဆောက်လုပ်ပေးပါတယ်။ သူဟာ အများပြည်သူအတွက် အဆောက်အဦတွေကို ဘဏ္ဍာငွေတွေအများကြီး သုံးစွဲပါတယ်။ သူဟာ နန်းတော်ထဲကို ခြူးတစ်ပြားမှမပါဘဲ ရောက်လာတဲ့သူပါ။ အခုတော့ သူဟာ မရေတွက်နိုင်လောက်အောင် များပြားလှတဲ့ ပစ္စည်းဥစ္စာတွေ ပိုင်ဆိုင်နေပါပြီ။ သူ့ရဲ့အိမ်အပြည့်ရှိနေတဲ့ ရတနာတွေဟာ တော်ဝင်ဘဏ္ဍာတိုက်ထဲက ခိုးယူထားတာ ဖြစ်နိုင်ပါတယ်"

သူ့ရဲ့ရန်သူတွေက သူ့ကို အဲဒီလိုစွပ်စွဲလျှောက်တင်ကြပြီးနောက် မကြာမီမှာဘဲ သူဟာ ဘုရင့်ရှေ့တော်မှောက်ရောက်ရှိလာပါတယ်။ ဒေါသထွက်နေတဲ့ဘုရင်က –

"အလီဘေး .. မင်းရဲ့သစ္စာမဲ့မှုဟာ ထင်ရှားနေပြီ။ ဒီတော့ ငါ့ရဲ့အမှုတော်ထမ်းအဖြစ်က ထုတ်ပယ်လိုက်ပြီ။ ငါကိုယ်တော်ရဲ့ အမိန့်အရ ဘဏ္ဍာတွေနဲ့စာရင်းတွေကို ၁၄ ရက်အတွင်း လွှဲအပ်ရမယ်"

"အရှင်မင်းကြီး .." အလီဘေးက ပြန်တင်လျှောက်ပါတယ်။

"ကျွန်တော့်ဘဝဟာ အရှင့်လက်ထဲမှာဘဲ ရှိပါတယ်။ ကျွန်တော် အခုချက်ချင်းဘဲ အရန်သင့် ဘဏ္ဍာတိုက်သော့ကို ရိုးသားစွာဖြင့် စာရင်းနဲ့တစ်ကွ ပေးအပ်ပါမယ်။ ဒီစာရင်းတွေကိုလည်း အရှင့်ရဲ့ဝန်ထမ်းတွေရှေ့မှာပဲ လုပ်ဆောင်ခဲ့ပါတယ်"

သူ့ရဲ့တင်ပြချက်ကို ဘုရင်က သဘောကျသွားပါတယ်။ ဒါကို လက်ခံလိုက်ပြီး ချက်ချင်းပဲ ဘဏ္ဍာတိုက်ကို သွားကြပါတယ်။ ပစ္စည်းတွေအားလုံးဟာ စနစ်တကျရှိနေကြတယ်။ ပြီးတော့ အလီဘေးက ပျောက်ဆုံးနေတဲ့ဓားကို ယခင်ဘုရင်ကြီး ဆာအာဘက်ကိုယ်တိုင် ယူသွားပြီး စိန်နဲ့ အခြားရတနာတွေစီခြယ်ခဲ့ကြောင်း ရှင်းပြလိုက်ပါတယ်။

ဘုရင်က သူ့ရဲ့တင်ပြချက်တွေကို ဘာမှပြန်မပြောတော့ပါ။ သူက အခြားသောလက်ဆောင်အဖြစ်ပေးအပ်ခဲ့တဲ့ပစ္စည်းတွေကို ထုတ်ယူပေးအပ်လိုက်ပါတယ်။ ဒါတွေမြင်တွေ့တော့ ဘုရင်ဟာ အလီဘေးက သစ္စာမဲ့ပြီး အလွဲသုံးစားမလုပ်တာကို သိနားလည်သွားပါတယ်။ အံ့ဩလည်းအံ့ဩမိပါတယ်။ ဘုရင်က ထွက်ခွာမယ့်အချိန်မှာ သူ့ရဲ့မျူးမတ်တွေက သစ်သားတံခါးကြီးမှာ သံမင်းတုပ်ချပြီး ပိတ်ထားတာကို ညွှန်ပြကြပါတယ်။ ဘုရင်က –

"ဒီတံခါးနောက်ကွယ်မှာ ဘာတွေကွယ်ဝှက်ထားသလဲ"

မေးလိုက်ပါတယ်။ ရုတ်တရက် အလီဘေးဟာ ရုတ်တရက်ကြောင်သွားပြီး နောက်မှ သတိနဲ့ထိန်းလိုက်တယ်။ သူက –

"အရှင်မင်းကြီး ဒီအခန်းထဲမှာ ကမ္ဘာပေါ်မှာရှိသမျှအရာအားလုံးထဲက ကျွန်တော်အမြတ်နိုးဆုံးအရာတွေ သိမ်းထားပါတယ်။ ဒါတွေက ကျွန်တော့်ကိုယ်ပိုင်ပစ္စည်းတွေပါ။ ဒီအိမ်ထဲမှာ မြင်တွေ့ရသမျှပစ္စည်းတွေဟာ ကျွန်တော့်ရဲ့ အရှင်ဘုရင်ကြီး ပိုင်ဆိုင်တာတွေပါ။ ဒီအခန်းထဲကအရာတွေကတော့ ကျွန်တော့်ကိုယ်ပိုင်ပစ္စည်းတွေပါ။ ဒါဟာ လျှို့ဝှက်ချက်ပါ"

သံသယရှိနေတဲ့ဘုရင်ဟာ အဲဒီတံခါးကိုဖွင့်ဖို့ အမိန့်ပေးလိုက်ပါတယ်။ ဒါပေမယ့် နံရံလေးဘက်အတွင်း ရှင်းလင်းနေပါတယ်။ သိုးကျောင်းသားလေးရဲ့ အဖျားကောက်တုတ်ရှည်၊ ပလွေတိုတစ်ချောင်း၊ ဟောင်းနွမ်းနေတဲ့ဝတ်ရုံတစ်ထည်နဲ့ လွယ်အိတ်တစ်လုံးကိုဘဲ တွေ့လိုက်ကြပါတယ်။ အလီဘေးက အလွန်တည်ငြိမ်စွာနဲ့ ဘုရင်ကို လျှောက်တင်လိုက်ပါတယ်။

"အို .. အရှင်မင်းကြီး၊ ဂုဏ်သတင်းကျော်ကြားခဲ့တဲ့ဘုရင်ကြီးအာဘက်ကို တောင်တန်းဒေသမှာ ကျွန်တော်က ပုလွေမှုတ်ပြီး ဖျော်ဖြေခဲ့ပါတယ်။ ဒီအရာတွေဟာ ကျွန်တော့်ပိုင်ပစ္စည်းတွေပါ။ ကျွန်တော့်ချမ်းသာမှုဟာ ဒီပစ္စည်းတွေပါ။ ဒါတွေကို ပြန်ယူခွင့်ပေးပါ။ ဒါတွေယူပြီးတော့ ငြိမ်းချမ်းတဲ့ တောတောင်ချိုင့်ဝှမ်းပြန်ပါရစေ။ ကျွန်တော့်အတွက် ခမ်းနားထည်ဝါလှတဲ့ ထီးနန်းရိပ်မှာထက် ဆင်းရဲနွမ်းပါးတဲ့ တောရွာဒေသမှာ ပိုမိုပျော်ရွှင်ပါတယ်"

ဒီလိုနဲ့ သိုးကျောင်းသားလေးဟာ သူမွေးဖွားခဲ့တဲ့ တောရွာမှာဘဲ သိုးဆိတ်တွေနဲ့ ပျော်ရွှင်စွာနေထိုင်သွားပါတော့တယ်။

[ **The Children's Encyclopedia** မှ **The Shepherd's Hoard** ]


ဝေလင်းထွန်း

□



www.burmeseclassic.com

www.burmeseclassic.com



# ခမောက်

## ဒေါ်အုန်းကြည်သား

ရှာဖွေစုဆောင်း တင်ပြသည်။

မြန်မာနိုင်ငံတွင် ခမောက်ကို အပူ၊ အအေး ကာကွယ်ရန် ဆောင်းသော ခမောက်နှင့် အလှအပ ဆောင်းသော ခမောက်ဟူ၍ နှစ်မျိုးနှစ်စား ခွဲခြားနိုင်လေ၏။

များစွာသော ခမောက်တို့ကို နှီးများ၊ ဝါးဖက်တို့ဖြင့် ပြုလုပ်ကြလေ၏။ မြက်ဖြင့်ပြုလုပ်သော ခမောက်လည်း ရှိလို့နေသေး၏။

တောင်သူလယ်သမားများသည် များသောအားဖြင့် အလုပ်ခွင်ဝင်ကြသောအခါ ခမောက်ကို ဆောင်းကြလေ၏။

ခမောက်ကိုလည်း ပုံအမျိုးမျိုးပြုလုပ်ကြရာ အချို့ကောက်စိုက်သမများ ခေါင်းနှင့် နောက်ကျောလုံသော ခမောက်ရှည်များကို ဆောင်းကြသည်ကို တွေ့ရတတ်၏။ အလှအပဆောင်းသော ခမောက်များမှာ ပါးပါးလျားလျားရှိ၍ နွဲ့နှောင်းပျော့ပျောင်း လှပပြီး အကွက်များဖော်ထားလေ၏။

ပန်းကွက်၊ ပန်းခက်များဖော်ကာ လွန်စွာမှ ပျော့ပျောင်းလှပသော ယိုးဒယား(ထိုင်း)ခမောက် ခေါ် ခမောက်တစ်မျိုးကိုလည်း တွေ့ကြရမည်ဖြစ်လေတော့၏။

ဒေါ်အုန်းကြည်သား



www.burmeseclassic.com

www.burmeseclassic.com

# ဦးနှောက်ရှင်ကြည်လန်းစေဖို့
# ဉာဏ်စမ်းကလေးတွေ ဖြေကြည့်စို့

■ ကိုရွှေတောသား

ကလေးတို့ရေ . . .

ကလေးတို့ရဲ့ ဦးနှောက်ကလေးတွေ ရှင်ကြည်လန်းဆန်းစေဖို့ရာ ဉာဏ်စမ်းကလေးတွေဖြေဆိုဖို့ အချိန်ကျရောက်လို့လာခဲ့ပြီနော်။ အရင်လတွေတုန်းက ဖြေဆိုခဲ့ကြတာမှာ အဆင်ပြေပါရဲ့လား။ တကယ်တော့ ဖြတ်ထိုးဉာဏ်ရှိတဲ့သူ၊ ဗဟုသုတလေ့လာလိုက်စားသူတွေအတွက်တော့ သည်လိုဉာဏ်စမ်းကလေးတွေဆိုတာ လွယ်လွယ်လေးပါပဲ။ ခုလည်းပဲ ဉာဏ်ကလေးတွေကွန့်မြူးလို့ ကြိုးစားပြီး ဖြေကြည့်ကြပါဦး။ အားလုံးဖြေဆိုပြီးပြီဆိုတော့မှ ကိုယ်ဖြေထားတာ မှန်မမှန်ကို စာအုပ်တစ်နေရာမှာ ဖော်ပြထားတဲ့ အဖြေမှန်တွေနဲ့ တိုက်ဆိုင်ကြည့်ကြပေါ့ကွယ်။

၁။ ကိုယ်ပိုင်ပစ္စည်းမှန်ပေမယ့် ကိုယ်ကသုံးရတယ် မရှိဘဲ တစ်ပါးသူတွေကချည်းပဲ သုံးနေတယ်ဆိုတာ ဘာပစ္စည်းဖြစ်မလဲ။

၂။ လူ့နေမှုဘဝတွေကို တိုးတက်ကောင်းမွန်ဖို့ အကျိုးပြုနေတာ ဘယ်'စစ်'လဲ။

၃။ မြန်မာ့ဆယ့်နှစ်လရာသီထဲမှာ မမှောင်ဘူးဆိုတဲ့ လဟာ ဘယ်လဖြစ်မတုံး။

၄။ မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ မြို့တစ်မြို့ပေါ့။ တိရစ္ဆာန်တစ်ကောင်ကန်တာကို အစွဲပြုပြီး အမည်ပေးထားတယ်ဆိုပဲ။ အဲဒါ ဘယ်မြို့ဖြစ်မလဲ။

၅။ ပိန်တဲ့ကလေးတွေ မရှိဘူးဆိုတဲ့မြို့ဟာ ဘယ်မြို့တဲ့တုံး။

၆။ ဧရာဝတီတိုင်းဒေသကြီးထဲက တစ်မျက်နှာမကဘူးဆိုတဲ့မြို့ဟာ ဘယ်မြို့ပါလိမ့်။

၇။ ဘယ်သူဘယ်ဝါမှ နေထိုင်လို့မရဘူးဆိုတဲ့တိုက်ဟာ ဘယ်တိုက်တဲ့တုံး။

၈။ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ ဘယ်ဘေးဘယာတွေမှ မရှိဘူးဆိုတဲ့မြို့နယ်ဟာ ဘယ်မြို့တဲ့လဲ့။

၉။ အသီးတွေ မျိုးစုံအောင်ရှိကြတဲ့အထဲ စားလို့မရတဲ့ ရိုက်ဖို့ပဲအသုံးဝင်တာ ဘယ်အသီးတဲ့လဲ။

၁၀။ မန္တလေးတိုင်းဒေသကြီးမှာရှိပြီး ကလီစာတွေနဲ့ ပတ်သက်နေတယ်ဆိုတဲ့မြို့ဟာ ဘယ်မြို့ဖြစ်မတုံး။

၁၁။ ဘယ်မြို့ဘယ်ရွာမှမရှိ၊ လူတွေသတ္တဝါတွေလည်း နေထိုင်ခြင်းမရှိဘူးဆိုတဲ့တိုင်းဟာ ဘယ်တိုင်းလဲ။

၁၂။ ကားတွေ အမျိုးမျိုးရှိကြတဲ့အနက် လူကောင်းသူကောင်းတွေမှန်သမျှ စက်ဆုပ်ရွံရှာကြတယ်ဆိုတဲ့ ကားဟာ ဘယ်ကားဖြစ်မတုံး။

၁၃။ ကျောင်းသားတော့ ကျောင်းသားပါပဲ။ ဒါပေမယ့် စာအုပ်ခဲတံတွေအစား လေးခွနဲ့လောက်စာလုံးတွေ သာပါသတဲ့။ အဲဒါ ဘယ်လိုကျောင်းသားလဲ။

၁၄။ လူသားအားလုံးအတွက် ဘယ်လိုနည်းနဲ့မှ ရွှေ့လို့မရတဲ့နေ့ဟာ ဘယ်နေ့ဖြစ်မတုံး။

၁၅။ 'လုံး'လို့ဆိုပေမယ့် မလုံးဘဲ ရှည်ထွက်နေတာ ဘယ်အလုံးလဲ။

(အဖြေမှန်များကို စာအုပ်တစ်နေရာတွင် ဖော်ပြထားပါသည်။)

ကိုရွှေတောသား



www.burmeseclassic.com

www.burmeseclassic.com



# အိုးစရည်း၏ မာန

■ ငှက်ခါး

မြတ်စွာဘုရား ပွင့်တော်မမူမီကပင် ရာဇဂြိုဟ်ပြည်အနီး၌ ဥပတိဿနှင့် ကောလိတ အမည်တွင်သော ရွာကြီးနှစ်ရွာ ရှိခဲ့သည်။ ထိုရွာနှစ်ရွာမှ ရှပသာရီနှင့် မောဂ္ဂလိတို့၏ သားများသည် အလွန်ချစ်ခင်ကြသည်။

ထိုအခ ရာဇဂြိုဟ်ပြည်၌ နှစ်စဉ်မပြတ် ပြုအပ်သော တောင်ထိပ်ပွဲသဘင် ကျင်းပ၏။ လုလင်တို့သည် ပွဲလမ်းသဘင်ကို အတူကြည့်ရှုကြ၏။ သို့ရာတွင် ရယ်ရွှင်သင့်သော အရာ၌ မရယ်၊ ထိတ်လန့်သင့်သောအရာ၌ မထိတ်လန့်။

ထိုသို့ ပွဲလမ်းသဘင် ကြည့်ရှုစဉ်တွင် ဥပတိဿနှင့် ကောလိတတို့သည် ဤသို့ ကြံမိကြ၏။

"ဤအလုံးစုံသော သတ္တဝါတို့သည် အနှစ်တစ်ရာသို့ မရောက်မီ မိမိ၏အမည်ပညတ်မျှ မရှိသည်၏ အဖြစ်သို့ ရောက်ကြကုန်လတ္တံ့။ ငါတို့သည်ကား ဝဋ်မှထွက်မြောက်ရာ တစ်ခုသောတရားကို ရှာခြင်းငှာ သင့်၏"

သို့စဉ်တွင် ကောလိတက ဥပတိဿကို မေး၏။

"အဆွေ ဥပတိဿ၊ သင်ကား အခါတစ်ပါး အခြားသောနေ့ရက်ကဲ့သို့ ဝမ်းမြောက်ဝမ်းသာမရှိ။ နှလုံးမသာခြင်း သဘောရှိသည်ဖြစ်၏။ သင်သည် အဘယ်အာရုံကို အမှတ်အသားပြုနေသနည်း"

"အဆွေကောလိတ၊ ထိုပွဲသဘင်တို့ကို ကြည့်ရှုရာ၌ အနှစ်မရှိ။ ထိုပွဲသဘင်ကို ကြည့်ရှုခြင်းသည် အကျိုးမရှိ။ မိမိ၏ဝဋ်မှ လွတ်မြောက်ရာတရားကို ရှာခြင်းငှာ သင့်သည်။ သင်ကား အဘယ်ကြောင့် နှလုံးမသာခြင်း ရှိဘိသနည်း"

ကောလိတသည်လည်း ဥပတိဿနှင့် စိတ်သဘောချင်း ညီမျှကာ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ရန် ရဟန်းပြုကြလေ၏။ သို့ရာတွင် သူတို့ဆရာတင်မိသူမှာ သံသရာမှ လွတ်မြောက်ကြောင်းကို လုံးဝမသိသော သိဥ္စည်းပရိဗိုဇ် ဖြစ်နေပေ၏။

ထိုအခါ ဥပတိဿ၊ ကောလိတတို့သည် ဤသို့ ဖြစ်သည်ရှိသော် ဤဆရာ၏အထံ၌ ကျင့်သုံးအပ်သည့် မြတ်သောအကျင့်သည် အကျိုးမရှိ။ ငါတို့သည် ဝဋ်မှ ထွက်မြောက်ရာ တရားကိုရှာခြင်းငှာ ထွက်လာခဲ့ကုန်၏။ ထိုတရားကို ဤဆရာ၏ထံ၌ ဖြစ်စေခြင်းငှာ မတတ်ကောင်း။ ဇမ္ဗူဒီပါကျွန်းသည် ကျယ်ဝန်းသည်သာလျှင်တည်း။

ရွာ၊ နိဂုံး၊ မင်းနေပြည်တို့၌ လှည့်လည်သည်ရှိသော် မချွတ်လျှင် ဝဋ်မှ ထွက်မြောက်ရာ တရားကို ဟောတတ်သော တစ်စုံတစ်ယောက်သောဆရာကို ရကုန်အံ့ဟု ကြံကြကုန်၏။ ထိုအခါမှစ၍ အကြင် အကြင်အရပ်၌ ပညာရှိကုန်သော ရဟန်းပုဏ္ဏားတို့သည် ရှိကုန်၏ဟု ကြားသော် ထိုအရပ်သို့သွားကာ ဆွေးနွေးမေးမြန်းကြကုန်၏။ ထိုဥပတိဿ၊ ကောလိတတို့ မေးမြန်းအပ်သော ပြဿနာကို တစ်ပါးကုန်သော ပညာရှိတို့သည် ဖြေဆိုခြင်းငှာ မတတ်နိုင်ကုန်။ သူတို့ကား ထိုပညာရှိတို့၏ ပြဿနာကို ဖြေဆိုနိုင်ကြကုန်၏။

ဤသို့လျှင် အလုံးစုံသော ဇမ္ဗူဒီပါကျွန်းသို့ လှည့်လည်စုံစမ်း၍ ပြန်လည်ခဲ့ပြီးလျှင် မိမိတို့နေရင်းအရပ်သို့သာလျှင် ပြန်လာ၍ "အဆွေကောလိတ၊ ငါတို့နှစ်ယောက်တွင် ရှေးဦးစွာ သေခြင်းကင်းရာ အမြိုက်တရားကို ရသောသူသည် တစ်ယောက်အား ပြန်ကြားပြောဆိုစေသတည်း"ဟု ကတိကဝတ်ပြုကြလေကုန်၏။

ဤသို့လျှင် ဥပတိဿ၊ ကောလိတတို့သည် ကတိကဝတ်ပြု၍ နေကြကုန်သည်ရှိသော် ပဥ္စဝဂ္ဂီရဟန်းတို့တွင် အပါအဝင် အရှင်အဿဇိမထေရ်သည် တစ်ဖန်

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

ပြန်လည်ခဲ့၍ ရာဇဂြိုဟ်ပြည်သို့ ရောက်လာလေ၏။

ထိုအသဿဇိမထေရ်သည် မိုးသောက်သောအခါ နံနက်စောစောကသာလျှင် သပိတ်၊ သင်္ကန်းကို ယူဆောင်၍ ရာဇဂြိုဟ်ပြည်တွင်းသို့ ဆွမ်းအလို့ငှာ ဝင်တော်မူလေ၏။ ထိုအခါ ဥပတိဿ ပရိဗိုဇ်သည်လည်း နံနက်စောစောကသာလျှင် ဆွမ်းစားပြီး၍ ပရိဗိုဇ်တို့၏ အာရာမ်သို့သွားစဉ် အဿဇိမထေရ်ကိုမြင်၍ "ငါကား ဤသို့ သဘောရှိသော ရဟန်းမည်သည်ကို မမြင်ဖူးသည်သာလျှင်တည်း။ လောက၌ ရဟန္တာဖြစ်ကြောင်း လမ်းကောင်းသို့ ရောက်ကုန်သော ရဟန်းတို့တွင် ဤရဟန်းသည် တစ်ပါးအပါအဝင် ဖြစ်ပေလိမ့်မည်။ ငါသည် ဤရဟန်းထံ ချဉ်းကပ်၍ စုံစမ်းရသော် သင့်လေစွ"ဟု အကြံဖြစ်ကာ ဆွမ်းခံသည့်နောက်မှ လိုက်သွားလေ၏။

ထိုဥပတိဿသည် မထေရ်မြတ် ဆွမ်းဘုဉ်းပေးပြီးသည့်အဆုံး၌ မိမိကရားမှရေကို ပေးလှူပြီး လျှောက်ထား၏။

"သင်သည် အဘယ်သူကို ရည်မှန်း၍ ရဟန်းပြုသနည်း။ သင့်ဆရာကား အဘယ်သူနည်း။ သင်သည် အဘယ်သူ့တရားကို နှစ်သက်သနည်း"

အဿဇိမထေရ်သည် "ပရိဗိုဇ်တို့ကား သာသနာတော်၏ဆန့်ကျင်ဘက် ဖြစ်ကုန်၏"ဟု သိသဖြင့် သာသနာတော်၏ နက်နဲသိမ်မွေ့မှုကို ပြသောအားဖြင့် ဤသို့မိန့်တော်မူ၏။

"ငါ့ရှင်၊ ငါသည်ကား သီတင်းငယ်တည်း။ ရဟန်းပြု၍မကြာသေး။ ငါသည် အကျယ်အားဖြင့် တရားဟောခြင်းငှာ မတတ်နိုင်သေး"

"တပည့်တော်ကား ဥပတိဿမည်သောသူပါတည်။ အရှင်ဘုရား၏ စွမ်းအားသတ္တိအားလျော်စွာ နည်းများမဟူ ဟောတော်မူပါလော့"

သို့ကြောင့် မထေရ်သည် ယေဓမ္မာ ဟေတုပ္ပဘဝါ အစရှိသော ဂါထာကို ဟောတော်မူလေ၏။ ပရိဗိုဇ်သည် ရှေ့နှစ်ပါဒကိုသာလျှင် ကြားနာရ၍ နည်းတစ်ထောင်ဖြင့် တန်ဆာဆင်အပ်သော "သောတာပတ္တိဖိုလ်"၌ တည်လေ၏။

ထို့နောက်တွင် ဥပတိဿသည် မြတ်စွာဘုရားရှိရာကို စုံစမ်းပြီးလျှင် ဆရာမထေရ်ကို ရှိခိုး၍ထွက်ခွာလာသည်တွင် ကောလိတပရိဗိုဇ်က ဆီးကြိုသည်။

"ယနေ့ ငါ့အဆွေခင်ပွန်း၏ မျက်နှာသည် တစ်ပါးသော နေ့ရက်ကဲ့သို့မဟုတ်။ အမြိုက်တရားကို မချွတ်ရခဲ့ရာ၏"

ထိုနှလုံးသွင်းဖြင့်မေးရာ ဥပတိဿက သူနာခဲ့ရသော တရားကို ပြန်လည်ဟောပြသည်တွင် ဂါထာအဆုံး၌ ကောလိတပရိဗိုဇ်လည်း သောတာပန်တည်လေ၏။ ထို့နောက် သူတို့သည် မြတ်စွာဘုရားထံတော်ပါးသို့ မသွားသေးဘဲ သိဥ္စည်းဆရာကြီးကို ဝင်ရောက်ခေါ်ငင်ကြသည်။

"ငါကား လူအပေါင်း၏ ဆရာကြီးတစ်ဆူအဖြစ် လှည့်လည်နေပြီးမှ အတွင်းတပည့်အဖြစ် ခံယူခြင်းသည် အိုးစရည်းအဖြစ်မှ ရေလောင်းအိုးငယ်အဖြစ်သို့ သက်ဆင်းသကဲ့သို့ ဖြစ်မည်။ သင်တို့သာသွားကြ"

"ဆရာ··လောက၌ မြတ်စွာဘုရားပွင့်တော်မူသောအခါမှစ၍ လူအပေါင်းသည် ပန်းနံ့သာကို လက်စွဲကာသွား၍ ထိုမြတ်စွာဘုရားကိုသာ ပူဇော်ကြကုန်လတ္တံ့။ ကျွန်ုပ်တို့သည်လည်း ထိုမြတ်စွာဘုရားရှိရာသို့သာ သွားကြသည်ရှိသော် အရှင်ဆရာတို့သည် အဘယ်သို့ပြုကုန်အံ့နည်း"

သို့ဖြစ်၍ သိဥ္စည်းဆရာကြီးက ပြန်ပြီးမေးသည်။

"ချစ်သားတို့··ဤလောက၌ ပညာနဲ့သူတို့သည် များကုန်သလော။ သို့တည်းမဟုတ် ပညာရှိသောသူတို့သည် များကုန်သလော"

"ဆရာ··ပညာနဲ့သောသူတို့ များကုန်၏။ ပညာရှိသောသူတို့ကား အနည်းငယ်သာ ဖြစ်ကုန်၏"

"ချစ်သားတို့··ထိုသို့ဖြစ်မူ ပညာနဲ့သောသူတို့သည် ငါ့အထံသို့ လာကြကုန်လတ္တံ့။ သင်တို့သွားကြလေကုန်"

ထို့ကြောင့် ဥပတိဿနှင့် ကောလိတတို့မှာ သိဥ္စည်းဆရာကြီးကို ထားပစ်ခဲ့ကြရလေသည်။

ငှက်ခါး

□



www.burmeseclassic.com

www.burmeseclassic.com

# ထူးခြားသော
# တူရိယာပစ္စည်းများ

■ ပွင့်ဇာဖြူ

### အဈေးဆုံးစန္ဒရား

ကမ္ဘာပေါ်တွင် သက်တမ်းအရှည်ဆုံးစန္ဒရားမှာ ၁၇၂၀ပြည့်နှစ်တွင် အီတလီနိုင်ငံ ဖလောရင့်မြို့၌ ပြုလုပ်ခဲ့သော စန္ဒရားဖြစ်သည်။ ယခုအခါ အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့ အနုပညာပြတိုက်တွင်ရှိသည်။

### အရွယ်အစားအကြီးမားဆုံး စန္ဒရား

ကမ္ဘာ့အကြီးဆုံးနှင့် အခန့်ညားဆုံးကို လန်ဒန်မြို့၌ ၁၉၃၅ ခုနှစ်၌ ပြုလုပ်ခဲ့သည်။ အလျား ၁၁ ပေ ရှစ်လက်မရှိပြီး အလေးချိန် တစ်တန်ကျော်ကျော်လေးသည်။

### တန်ဖိုးအကြီးဆုံး စန္ဒရား

စန္ဒရားတစ်လုံးအဖို့ အမြင့်ဆုံးဈေးနှုန်းရသော စန္ဒရားမှာ ၁၉၈၀ ပြည့်နှစ်၊ မတ်လ ၂၆ ရက်နေ့တွင် နယူးယောက်မြို့၌ ရောင်းချခဲ့သော စန္ဒရားဖြစ်သည်။ ၁၈၈၈ ခုနှစ်ခန့်က ထုတ်လုပ်ခဲ့သော အဆိုပါစန္ဒရားကို ဒေါ်လာ သုံးသိန်းကိုးသောင်းပေး၍ စန္ဒရားဆရာ မဟုတ်သူတစ်ဦးက ဝယ်ယူသွားခဲ့သည်။

### အကြီးဆုံး 'အော်ဂင်'

ကမ္ဘာ့အကြီးဆုံးနှင့် အသံအကျယ်ဆုံး အော်ဂင်တူရိယာပစ္စည်းမှာ နယူးဂျာစီပြည်နယ်(အမေရိကန်) အတ္တလန္တိတ်စီးတီးမြို့ရှိ အော်ဂင်ကြီးဖြစ်သည်။ ၁၉၃၀ ပြည့်နှစ်တွင် တည်ဆောက်ပြီးစီးခဲ့သည်။ မြင်းကောင်ရေ ၃၆၅ ကောင်အားရှိ မော်တာစက်တပ်ဆင်ထားသည်။ ထိုအော်ဂင်ကြီးအတွက် ကုန်ကျစရိတ်မှာ ဒေါ်လာငါးသိန်းဖြစ်၏။

### ဝါအရင့်ဆုံး 'အော်ဂင်'တီးသမား

ကမ္ဘာပေါ်တွင် အော်ဂင်တူရိယာ အတီးသက်တမ်း အကြာဆုံးပုဂ္ဂိုလ်မှာ အင်္ဂလန်မှ ချားလ်ဘာရစ်ချ်မင်(၁၇၇၉-၁၈၇၃) ဖြစ်သည်။ အော်ဂင်တီးသမားအဖြစ် ၁၇၉၂ ခုနှစ်မှ ၁၈၇၃ ခုနှစ်အထိ စုစုပေါင်း ၈၁ နှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့သည်။

အကြီးဆုံး ကြေးတူရိယာပစ္စည်းမှာ 'တူဘာ'ခေါ် အလျားခုနစ်ပေခွဲရှိ လေမှုတ်တူရိယာပစ္စည်းကြီးဖြစ်သည်။ (ပူးတွဲပါဓာတ်ပုံကိုရှုပါ)၊ အော်လံကြီး၏အဝမှာ အချင်းသုံးပေလေးလက်မကျယ်သည်။ ၁၈၉၆ နှင့် ၁၉၉၈ ခုနှစ်ကာလခန့်အတွင်း ပြုလုပ်ခဲ့ပြီး ယနေ့တိုင် အသုံးပြုဆဲဖြစ်သည်။ ယခုအခါ တောင်အာဖရိက နိုင်ငံ၌ရှိသည်။

### အကြီးဆုံးစောင်း

တီးခတ်နိုင်သော အကြီးဆုံး စောင်းတူရိယာပစ္စည်းမှာ အလျား ၁၃ ပေ လေးလက်မရှိသည်။




အကြီးဆုံးဆောင်း



www.burmeseclassic.com

www.burmeseclassic.com



အကြီးဆုံး
ဘစ်တယော



အကြီးဆုံးကြေး
(လေမှုတ်)
တူရိယာ

## အရှည်ဆုံးခရာ

ကမ္ဘာ့အရှည်ဆုံး ခရာမှာ ဆွစ်ဇာလန်နိုင်ငံမှ အလျား ၅၉ ပေရှိ ခရာရှည်ကြီးဖြစ်သည်။ ၁၉၇၆ ခုနှစ်တွင် ပြုလုပ်ခဲ့သည်။

## အကြီးမားဆုံး ကြိုးတပ်တူရိယာ

သယ်ဆောင်နိုင်သော ကမ္ဘာ့အကြီးဆုံးကြိုးတပ်တူရိယာပစ္စည်းမှာ ကြိုးပေါင်း ၂၇၀ ပါဝင်ပြီး မျက်နှာပြင်ဧရိယာ ၅၀ စတုရန်းပေရှိ "ပင်တာလီယွန်" ခေါ် တူရိယာပစ္စည်းဖြစ်သည်။

တူရိယာပစ္စည်းတစ်ခုတည်းတွင် တီးခတ်သူအများဆုံး ပါဝင်တီးခတ်ရသော တူရိယာမှာ "အပိုလိုနီကန်" ခေါ် တူရိယာပစ္စည်းဖြစ်သည်။ စုစုပေါင်း လူခြောက်ဦး ပါဝင်တီးခတ်ရသည်။ ၁၈၁၆ခုနှစ်တွင် ပြုလုပ်ခဲ့ပြီး ၁၈၄၀ ပြည့်နှစ်အထိ တီးခတ်ခဲ့ကြသည်။

## အရွယ်အစားအကြီးမားဆုံး လျှပ်စစ်ဂီတာ

ကမ္ဘာပေါ်တွင် အကြီးဆုံးနှင့် အသံအကျယ်ဆုံး လျှပ်စစ်ဂီတာမှာ ဆယ်ပေတစ်လက်မမြင့်ပြီး အလေးချိန်ပေါင်သုံးရာရှိသော ဂီတာကြီးဖြစ်သည်။ ၁၉၈၀ ပြည့်နှစ်၌ ဆန်ဖရန်စစ္စကို(အမေရိကန်)မြို့တွင် ပြုလုပ်ခဲ့သည်။

## ဈေးအကြီးဆုံး ဂီတာ

ပုံမှန်အရွယ်အစား ဂီတာများအနက် ဈေးအကြီးဆုံးဂီတာမှာ ၁၆၂၄ ခုနှစ်တွင် ထုတ်လုပ်ခဲ့သော ဂျာမနီပြည်လုပ် ဂီတာဖြစ်သည်။ ၁၉၇၄ ခုနှစ်၊ ဇွန်လ ၁၂ ရက်နေ့တွင် ထိုဂီတာကို ဒေါ်လာ ၂၅၂၀၀ ဖြင့် လန်ဒန်မြို့၌ ရောင်းချခဲ့သည်။

## အကြီးဆုံး 'ဘတ်စ်ဂီတာ'

အကြီးဆုံး ဘတ်စ်ဂီတာမှာ ၁၉၂၄ ခုနှစ်တွင် နယူးဂျာစီပြည်နယ်(အမေရိကန်)၌ တည်ဆောက်ခဲ့သော အလျား ၁၄ ပေရှိ ဂီတာကြီးဖြစ်သည်။ ၁၁ ဒသမ ၆ ဟန်ဒရိတ်(တန်ဝက်ကျော်)လေးပြီး တပ်ဆင်ထားသော ကြိုးစုစုပေါင်း၏ အလျား ၁၀၄ ပေရှိသည်။

## ဈေးအကြီးဆုံး တယောကြီး

တယောထိုးသူ၏ ဒူးနှစ်လုံးကြားတွင်ထားလျက် ထိုးရသော ဗိုင်အိုလင်ဆဲလ်လို (ခေါ်) တယောကြီး တစ်လက်ကို ၁၉၇၀ ခုနှစ်တွင် လန်ဒန်မြို့၌ လေလံတင်ရောင်း ချခဲ့ရာ ဒေါ်လာနှစ်သိန်းကိုးသောင်းရရှိခဲ့သည်။ ထိုတယောကြီးမှာ ၁၇၁၀ ခုနှစ်တွင် အီတလီနိုင်ငံ၌ ပြုလုပ်ခဲ့သော တူရိယာပစ္စည်းဖြစ်၏။

## ဈေးအကြီးဆုံး ရိုးရိုးတယော

လန်ဒန်မြို့တွင် ၁၉၇၉ ခုနှစ်၌ လေလံတင်ရောင်းချခဲ့သော ၁၇၃၃ခုနှစ်လုပ် တယောတစ်လက်မှာလည်း



www.burmeseclassic.com

www.burmeseclassic.com

ဒေါ်လာနှစ်သိန်းကိုးသောင်းအထိ ဈေးရခဲ့သည်။

## အကြီးဆုံး 'ဘတ်စ်တယော'

အရွယ်အစားအကြီးမားဆုံး ဘတ်စ်တယောကြီးကို ၁၉၂၄ ခုနှစ်တွင် နယူးဂျာစီ(အမေရိကန်)ပြည်နယ်တွင် ပြုလုပ်ခဲ့သည်။ အလျား ၁၄ ပေမြင့်သော ထိုတယောကြီးတွင် သားရေကြိုးများတပ်ဆင်ထားသည်။

## အသေးငယ်ဆုံးတယော

ကမ္ဘာ့အငယ်ဆုံးတယောကို အမေရိကန်ပြည်ထောင်စု ဘာ့ရက်ကာလင်းမှ မော်ရစ်ဆမ်စဘင်ဆိုသူက တီထွင်ခဲ့သည်။ အလျား နှစ်လက်မသာရှိသော်လည်း ပုံမှန်တယော့အတိုင်း တယောထိုးနိုင်သည်။

## အရှည်ဆုံးဘာဂျာ

ပါးစပ်ဖြင့်မှုတ်ရသော ဘာဂျာများအနက် ကမ္ဘာ့အရှည်ဆုံး ဘာဂျာတွင် အပေါက်ပေါင်း ၃၅၄ ပေါက်ပါဝင်သည်။

အမေရိကန်ပြည်ထောင်စု ဘော့စတွန်သံစုံတီးဝိုင်းကြီးမှ တယောဆရာ ရိုလင်တက်ပလေ ဆိုသူသည် ၁၉၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလမှ ၁၉၇၈ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်နေ့အထိ ၅၈ နှစ်ကြာ တယောဆရာအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

အော့တိုဖန့်စ် (၆၂-နှစ်)ဆိုသူသည် အမေရိကန်ပြည်ထောင်စု အရှေ့ဘက်ကမ်းခြေရှိ နယူးယောက်မြို့မှ အနောက်ဘက်ကမ်းခြေရှိ ဆန်ဖရန်စစ္စကိုမြို့အထိ မိုင်ပေါင်းလေးထောင်ကျော် (၄၁၆၅ မိုင်)ခရီးကို တယောထိုးရင်း ခြေကျင်လမ်းလျှောက်သွားခဲ့သည်။ ရက်ပေါင်း ၁၈၃ ရက်ကြာပြီးနောက် ၁၉၂၉ ခုနှစ်၊ ဇွန်လ ၁၆ ရက်နေ့တွင် "ဆန်ဖရန်စစ္စကို"မြို့သို့ ရောက်ရှိခဲ့သည်။

## အကြီးဆုံး 'ဒရမ်'

ကမ္ဘာ့အကြီးဆုံး ဒရမ်ကြီးကို ၁၈၇၂ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု၌ ပြုလုပ်ခဲ့သည်။ မျက်နှာပြင်အချင်း ၁၂ ပေရှိပြီး အလေးချိန် ပေါင်ခြောက်ရာလေးသည်။



အရှည်ဆုံး ဘာဂျာ



နှစ်လက်မသာ ရှည်သော အသေးဆုံး တယော



အကြီးဆုံး လျှပ်စစ်ဂီတာ

## အလွယ်ဆုံးနှင့် အခက်ဆုံးတူရိယာပစ္စည်း

တူရိယာပစ္စည်းအမျိုးမျိုးအနက် အလွယ်ဆုံးတီးမှုတ်နိုင်သော တူရိယာပစ္စည်းမှာ ယူကူလီလီ (ခေါ်) ကြိုးလေးချောင်းတပ် ဟာဝေယံဂီတတစ်မျိုးဖြစ်ပြီး တီးမှုတ်ရအခက်ဆုံး တူရိယာပစ္စည်းမှာ ပြင်သစ်ခရာနှင့် အိုတိုး (ခေါ်) လေမှုတ်တူရိယာတို့ဖြစ်ကြသည်ဟု ၁၉၇၇ ခုနှစ်၊ စက်တင်ဘာလတွင် ကျင်းပခဲ့သော အမေရိကန်တေးဂီတညီလာခံမှ ထုတ်ပြန်ကြေညာခဲ့သည်။

[Guiness Book of World Records စာအုပ်မှ Instructs ကို ဆီလျော်အောင်ပြန်ဆိုပါသည်။]

မွှင်ဇာဖြူ

□



www.burmeseclassic.com

www.burmeseclassic.com



# ဖိနပ်ဖောင်တန်ဖိုး

နတ်မောက်ကြည်မြိုင်

* ရွှေသားခြေအောက် ကပ်လျက်နေ
တို့က ဖိနပ်လေး။
လွှထိပ်ဗွေထက် သင်ကရောက်
ဦးထုပ် ဘဝင်မောက်။
အောက်တန်းစားဟု သင်ကဆို
တို့က မငြင်ပြီ။
သင့်နှုတ်မချိုလေသံပြင်း
သနားပါဘိခြင်း။
စင်းစားကြည့်စမ်း ဦးထုပ်ရာ
တစ်ခုပြောချင်တာ။
သင်မပါလည်း ကိုလူသား
ခရီးဆက်နိုင်သွား
တို့များမပါခဲ့ပါလျှင်
ခြေထောက်နာလို့ကျင်
ရှေ့တစ်လှမ်းပင် လှမ်းဖို့ခက်
တို့တန်ဖိုးကတက် ။ ။

□



www.burmeseclassic.com

www.burmeseclassic.com

[ ကလေးဝတ္ထုတို ]

# စေတနာမှန်လျှင် အကျိုးပေးမည်

ဖျာပုံသိန်းသန်းအောင်

"တုံ··တုံ··တုံ··တုံ"

"အော်··အီအီအွတ်"

နံနက် အရုဏ်တက်ချိန်ဖြစ်၍ ရွာဦးဘုန်းတော်ကြီးကျောင်းမှ အုန်းမောင်းသံက စီစီညံလျက် ထွက်ပေါ်လာသည်။ တစ်ဆက်တည်း လင်းကြက်တွန်သံတို့ကိုလည်း ကြားရပြန်သည်။ ထို့ကြောင့် ကျေးလက်တောလေ့အတိုင်း အိပ်ရာမှ နိုးထပြီး ဆွမ်းချက်ကြရန်ပြင်သည်။ တောင်ယာလုပ်ငန်းခွင်ဝင်သူတို့ကလည်း အသီးသီးပြင်ဆင်ကြရသည်။ ကျေးလက်နေ တောင်သူလယ်သမားတို့အတွက် မိုးလင်းမိုးချုပ် တောင်ယာလုပ်ကိုင်ရင်း မိသားစုဝမ်းရေးအတွက် ပြင်ဆင်ကြရသည်။ အားလပ်ချိန်ဟူ၍ မရှိပါ။ မိသားစုစားရေးအတွက်၊ ဝတ်ရေးအတွက်၊ ပညာရေးအတွက် ကြိုးစားရုန်းကန်ရင်းဖြင့် ဘဝရပ်တည်နိုင်ရေးအတွက် လုပ်ကိုင်ကြရသည်။

"ဆွမ်းတော်ဗျို့··ဆွမ်းတော်"

"တုဝေဝေ··တုဝေဝေ"

ရွာဦးဘုန်းတော်ကြီးကျောင်းမှ သံဃာတော်အရှင်သူမြတ်တို့သည် သင်္ကန်းများသတ်ပယ်ရင်း သပိတ်ကိုယ်စီလက်တော်၌ ပိုက်လျက် ရွာလမ်းလေးအတိုင်း ဆွမ်းအလှူခံကြွသည်။ သံဃာတော်အရှင်သူမြတ်တို့ရှေ့မှ အသက် ၁၃ နှစ်အရွယ်ခန့်ရှိသော မောင်ကျောင်းသားလေးကလည်း ကြေးစည်လေးကို အသံပေးရင်း ကြည်လင်ချူရှသောအသံဖြင့် နှိုးဆော်နေသည်။ မောင်ကျောင်းသားလေး၏ တိုက်တွန်းနှိုးဆော်သံအဆုံးတွင် အားလုံးက ဆွမ်း။ ဆွမ်းဟင်းလျာတို့ကို လောင်းလှူခြင်းဖြင့် ကုသိုလ်ယူသည်။ ထိုတွင် ဖေဖေ ကိုဖိုးဇော်၊ မေမေ မစုလတ်တို့လည်း ပါဝင်ကုသိုလ်ယူကြသည်။ ဖေဖေကိုဖိုးဇော်၊ မေမေ မစုလတ်တို့မှာ အိမ်ထောင်သက် ကိုးနှစ်ခန့် ရှိလာသည်နှင့်အမျှ စီးပွားရေးလုပ်ငန်းများလည်း အသင့်အတင့် ပြေလည်လာသည့်အလျောက် လယ် ၁၀ ဧက ပိုင်ဆိုင်လုပ်ကိုင်နိုင်ခဲ့သည်။

"သမီး··ဖူးပြည့်သဇင်၊ အိပ်ရာကထတော့လေကွယ်။ စာကျက်ရဦးမယ်။ အမေတို့၊ အဖေတို့ ဆွမ်းလောင်းပြီးပြီ"

"အင့်··အင့်··အစောကြီးရှိပါသေးတယ်"

ကလေးပီသစွာ နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်နေသော သမီးဖြစ်သူ ဖူးပြည့်သဇင်ကို မေမေမစုလတ်က အနီးမှထိုင်ရင်း နှိုးသည်။ ထို့နောက် သမီးဖူးပြည့်သဇင်သည် အိပ်ရာမှနိုးထပြီး မေမေမစုလတ် အသင့်ချက်ပြုတ်ပြင်ဆင်ထားသော ထမင်းကြော်လေးကို မြိန်ရှက်စွာစားသည်။ ပြီးတော့ ယမန်နေ့က အတန်းပိုင်ဆရာမ အိမ်စာအဖြစ်ပေးလိုက်သော ကျက်စာ၊ တွက်စာတို့ကို အာရုံစူးစိုက်ကျက်မှတ်သည်။ သမီးလေးဖူးပြည့်သဇင်သည် ရွာရှိ မူလတန်းကျောင်းတွင် သူငယ်တန်းမှစ၍ ယခု စတုတ္ထတန်းအထိ နှစ်စဉ် ပညာရည်ချွန်ပထမဆုကို မပျက်မကွက် ဆွတ်ခူးနိုင်ခဲ့သည်။ ထို့ကြောင့် သူမ၏မိဘများကလည်း သမီးလေးဖူးပြည့်သဇင်၏ ပညာရေးဘက်တွင် ကြိုးစားပြီး ထူးချွန်ထက်မြက်သည်တို့ကို မြင်ယောင်ရင်း ဝမ်းသာပီတိဖြစ်နေရသည်။ တစ်ခါတစ်ရံတွင် သမီးလေးဖူးပြည့်သဇင်က သူမ၏သူငယ်ချင်းများကို သင်္ချာပုဒ်စာများ မရှင်းသဖြင့် နားမလည်မေးမြန်းလာသည့်အခါတွင် စိတ်ရှည်စွာ ကူညီတွက်ပြ ရှင်းလင်းပေးသည့်အတွက် အားလုံးက သူမအပေါ် ချစ်ခင်အားကိုးကြသည့်သို့သော် သူမအပေါ် အထင်အမြင်လွဲနေသူမှာ ပညာအော

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

သင်ကြားနေသော မယမုံပင် ဖြစ်သည်။ မယမုံမှာ သူမ ထက်စာမတော်ပေမယ့်လည်း အရာရာတွင် ဖူးပြည့်သင်ဇင် အပေါ် အပြစ်မြင်ပြောတတ်သည်။

× × ×

စာသင်ခန်းအတွင်း ကျောင်းသူ ကျောင်းသားများ တိတ်ဆိတ်ငြိမ်သက်စွာ ထိုင်နေသည်။ ကျောင်းစာသင် ခန်း ပြတင်းတံခါးမှ မျှော်ကြည့်လျှင် စိမ်းလန်းသော ကုက္ကိုပင်ကြီးများ၊ ကံ့ကော်ပင်များ၊ ဇီဇဝါပန်းတို့က ကျောင်းတော်ကြီးဘေးပတ်ပတ်လည်တွင် ပေါက်နေသည် ကို မြင်ရသည်။

"စာမေးပွဲဖြေဖို့ တစ်ပတ်ပဲ လိုတော့တယ်။ ဒီနှစ် မှာ စတုတ္ထတန်းစာမေးပွဲကို အစိုးရစစ်အနေနဲ့ ဖြေကြရ မှာဖြစ်တယ်။ ဘာသာရပ်ဆိုင်ရာ ဆရာတွေ သင်ကြားပေး တဲ့အတိုင်း ကျက်စာ၊ တွက်စာတွေကို ပိုင်ပိုင်နိုင်နိုင် ကျက်မှတ်လေ့ကျင့်ဖို့ကတော့ အရေးကြီးတယ်။ အချိန်ကို အလကားမဖြစ်အောင် လေ့ကျင့်ကျက်မှတ်သွားမယ်ဆို ရင်တော့ မေးလာတဲ့မေးခွန်းတွေကို အလွယ်တကူ ဖြေ ဆိုနိုင်တာပေါ့။ တပည့်တို့အားလုံး ကြိုးစားကြပါကွယ်"

အတန်းပိုင်ဆရာမ တည်ကြည်ခံ့ညားစွာဖြင့် ပြောသံကို တပည့်အားလုံးက ငြိမ်သက်စွာ နားထောင် နေကြသည်။ ထိုတွင် စာသင်ခန်းအတွင်း ဆရာမအသံမှ တခြားအသံကိုမကြားရသည့်အချိန်တွင် အသံတစ်ခုက ထွက်ပေါ်လာသည်။ ထိုအသံရှင်မှာ မယမုံ အသံဖြစ် ကြောင်း အားလုံးသိနေသည်။

"သမီးအတွက်တော့ ဘာမှစိတ်မပူပါနဲ့။ ကျန်တဲ့ ကျောင်းသားတွေအတွက်တော့ စိုးရိမ်သင့်ပါတယ်"

"သမီး‥ဘာဖြစ်လို့လဲကွယ်"

လက်ပိုက်ရင်း တည်ကြည်စွာဖြင့် ကိုယ်ကိုရပ် ရင်း ရဲရဲဝံ့ဝံ့ပြောနေသော ယမုံစကားအဆုံးတွင် အတန်း ပိုင်ဆရာမက မေးသည်။

"သူတို့စာမရရင် ဟို‥ဖူးပြည့်သင်ဇင်ကို မေး ကြတယ်။ ကျောင်းသားချင်းအတူတူ မေးစရာမလိုပါဘူး"

"သမီး‥တော်တော့၊ ကိုယ့်နေရာကိုယ် ပြန်ထိုင် စမ်း"

အတန်းပိုင်ဆရာမသည် ခံ့ညားသောအသွင်၊ စူးရှ သောမျက်လုံးအစုံနှင့် တားမြစ်လိုက်သည့်အသံကြောင့် မယမုံမှာ ထိုင်လိုက်ရသည်။

"သမီး‥အခုလို ပညာအတူတူ သင်ကြားသူတွေ လည်းဖြစ်၊ တစ်ရွာတည်းနေသူတွေလည်းဖြစ်တဲ့သူအချင်း ချင်း ထိခိုက်နစ်နာသွားနိုင်တဲ့ စကားကို မပြောပါနဲ့။ သမီး ဖူးပြည့်သင်ဇင်အပါအဝင် ကိုယ်ပြောလိုက်မိတဲ့ စကား ကြောင့် တစ်ပါးသူအတွက် စိတ်နှလုံးမသာမယာဖြစ် သွားမယ်ဆိုရင် မကောင်းတော့ဘူး။ အရေးကြီးတာ ကိုယ်ကိုယ်တိုင် စာကိုကြိုးစားပြီး သင်ယူလေ့ကျင့်ဖို့ပဲ။ နောက်ပြီး အခုဖြေဆိုမယ့် စတုတ္ထတန်းစာမေးပွဲကိုလည်း အမှတ်ကောင်းကောင်းနဲ့ ဖြေနိုင်အောင် ကြိုးစားရမယ်"

"ဟုတ်ကဲ့ပါ ဆရာမ"

မည်သို့ပင်ဆိုစေကာမူ သမီးလေး ဖူးပြည့်သင်ဇင် ကတော့ မည်သို့သောစကားကိုမျှ မပြောပါ။ ဆရာ၊ ဆရာမများ သင်ကြားပေးသောစာကိုသာ တာဝန်ကျေပွန် စွာ ကြိုးစားကျက်မှတ်နေသည်။

စတုတ္ထတန်းစာမေးပွဲကြီး ဖြေဆိုကြရတော့သည်။

× × ×

"အောင်တယ်ဟေ့"

"ရီချိုသန့်၊ မောင်မောင်၊ ဘုမ အောင်တယ်ဟေ့"

"မဖူးပြည့်သင်ဇင်‥ပထမအဆင့်တဲ့တော့်"

မူလတန်းကျောင်းတော်ကြီးရှေ့တွင် ကျောင်းသူ၊ ကျောင်းသားများဖြင့် စည်ကားနေသည်။ ကျောင်းရှေ့တွင် အသင့်ကြော်ငြာထားသော စာမေးပွဲကို အောင်မြင်စွာ ဖြေဆိုသည့် ကျောင်းသားများ၏ အောင်စာရင်းကို အားလုံး က တိုးကြည့်နေကြသည်။ သူတို့ကလည်း ပျော်ရွှင်မြူးထူး စွာ ရင်ထဲကိုယ်စီ ပီတိဖြစ်နေကြသည်။ ပညာသင်တစ် နှစ်တာတွင် ကြိုးစားအားထုတ်လာခဲ့သမျှ ထုတ်ဖော် ကြေညာလိုက်သော တစ်နှစ်တာကြိုးစားမှု၏ အောင်ပွဲ ရလဒ်ပင်ဖြစ်သည်။

ထိုတွင် အောင်စာရင်းလာရောက်ကြည့်ရှုသူ စတုတ္ထတန်းစာမေးပွဲဖြေဆိုသူအားလုံး ပျော်ရွှင်ကခုန်နေ ကြသည်။ သူတို့အားလုံး ပျော်ရွှင်နေပေမယ့် မယမုံ


www.burmeseclassic.com

www.burmeseclassic.com

တစ်ယောက် မပါပါ။ မြန်မာဘာသာဖြင့် စာမေးပွဲကို ကျရှုံးခဲ့ရသည်။ အစိုးရစစ် စတုတ္ထတန်းစာမေးပွဲကို ကျရှုံးခဲ့သော ကျောင်းသူ၊ ကျောင်းသားများကို ပြန်လည်ကုစားဖြေဆိုနိုင်ရန် ထပ်မံစာဖြေခွင့်ပေးထားသည်။ ယင်းတစ်ဖန် စာဖြေခြင်းကို အောင်မြင်စွာဖြေနိုင်မှသာလျှင် စတုတ္ထတန်းမှတစ်ဆင့် ပဉ္စမတန်းကို ပညာတက်ရောက်သင်ကြားနိုင်ပေမည်။ မည်သို့ပင်ဆိုစေကာမူ အတန်းတင်စာမေးပွဲကြီး ဖြေဆိုရာ၌ တစ်ဘာသာအမှတ်မပြည့်၍ စာမေးပွဲတွင် ကျရှုံးခဲ့ရသည်ကတော့ မယမုံပင် ဖြစ်သည်။

"သမီး နောင်တရပါပြီ။ တစ်ဖက်သားအပေါ် အထင်သေး အမြင်သေးပြီး ထင်ရာပြောမိခဲ့တဲ့ သမီးကို ခွင့်လွှတ်ပေးကြပါ။ ဘာပဲဖြစ်ဖြစ် ကြိုးစားအားထုတ်မှုနည်းခဲ့တဲ့အတွက် စာမေးပွဲကို ရှုံးခဲ့တာပါ။ နောင်အခါ တစ်ဖက်သားအပေါ် မလိုမုန်းထားစိတ်နဲ့ အထင်အမြင်သေးပြီး ပြောတတ်တာကို ရှောင်ကြဉ်ပါတော့မယ်။ စာကိုလည်း ကြိုးကြိုးစားစားနဲ့သင်ပါတော့မယ်"

စတုတ္ထတန်းကျောင်းသူလေး မယမင်း နောင်တကြီးစွာ ဖြစ်ရသည်။ ဖေဖေကိုဖိုးဇော်၊ မေမေမစုလတ်တို့၏သမီးလေး မဖူးပြည့်သဇင်ကတော့ စတုတ္ထတန်းစာမေးပွဲကို ပထမအဆင့်နှင့် အောင်မြင်စွာ ဖြေဆိုနိုင်ခဲ့သည့်အတွက် ရွာရှိ မူလတန်းကျောင်းမှတစ်ဆင့် မြို့ကျောင်းသို့ တက်ရောက်ပညာသင်ကြားရန် ပြင်ဆင်တော့သည်။

သမီးလေး မဖူးပြည့်သဇင်၏ ကြိုးစားမှုကိုကြည့်ရင်း ဖေဖေကိုဖိုးဇော်၊ မေမေမစုလတ်နှင့်အတူ အားလုံးက ပီတိကိုယ်စီ ဖြစ်ကြရသည်။

ဖျာပုံသိန်းသန်းအောင်

□

## အရသာအမည်တွေကို ရှာပါ

ကလေးတို့ရေ..

နို့ဖျော်ရည်မှာ ဖော်ပြထားတဲ့ အရသာ ၇ မျိုး အရသာရှိတဲ့ နို့ဖျော်ရည်အမည်ကို စာလုံးတွေမှာ ထည့်သွင်းဖော်ပြပေးထားပါတယ်။ ရှေ့နောက်ရှာကြည့်ရင် တွေ့မှာပါ။ အဖြေကို စာမျက်နှာ ၁၆၀ မှာ ဖော်ပြပေးထားပါတယ်။






www.burmeseclassic.com

www.burmeseclassic.com

# လုပ်ကြည့်တော့ လွယ်လွယ်လေး

မှတ်စုမောင်



ကလေးတို့ရေ • •

ကလေးတို့အတွက် ရတနာပန်းခင်းမဂ္ဂဇင်းကနေ "လုပ်ကြည့်တော့လွယ်လွယ်လေး" ဆိုတဲ့ခေါင်းစဉ်နဲ့ ဗဟုသုတတိုးပွားစရာ အကြောင်းအရာကလေးတွေကို ရှာဖွေတင်ပြခဲ့တာ လပေါင်းအတော်ကြာသွားခဲ့ပြီနော် • •။ ဒါကြောင့် သည်လကစတင်လို့ အကြောင်းအရာပိုပြီး ကျယ်ပြန့်တဲ့ ခေါင်းစဉ်ကလေးပြောင်းပြီး တင်ဆက်ချင်ပါတယ်။ အဓိက ရည်ရွယ်ချက်ကတော့ ကလေးတို့ ဗဟုသုတကြွယ်စေချင်တာပါပဲ။

သည်တစ်လ ဦးဦးမှတ်စုမောင်ပြောချင်တာကက လေးတို့နဲ့ ရင်းနှီးနေပြီး သားသမီးတစ်မျိုးဖြစ်တဲ့ 'သံပရာသီး'နဲ့ပတ်သက်တဲ့ အကြောင်းအရာကလေးပဲဖြစ်ပါတယ်ကွယ်။

သံပရာသီးဆိုတာက ရှေးမြန်မာဆေးကျမ်းများအလိုအရ အဆိပ်သင့်နာကို ပြေပျောက်စေပါသတဲ့။ တော်ရုံအဆိပ်သင့်နာလောက်ကတော့ သံပရာသီးရဲ့အနံ့ကို ရှူရှိုက်တာလောက်နဲ့တင် သက်သာပြေပျောက်စေနိုင်ပါတယ်။ အသီးထဲကအရည်ကိုညှစ်ယူပြီး သကြားနဲ့ဖျော်ခတ်သောက်သုံးပေးခဲ့ရင် အဆိပ်အတောက်တွေကိုပြေစေနိုင်ပါသတဲ့။

ရှေးလူကြီးတွေဆိုရင် မိမိရဲ့ခေါင်းအုံးအိပ်ရာအနီးမှာ သံပရာသီးတစ်လုံးကို ဆောင်ထားလေ့ရှိကြတယ်။ သံပရာသီးရဲ့ရနံ့ဟာ ကောင်းစွာအိပ်ပျော်စေပါတယ်။ အိပ်ပျော်နေချိန်မှာ တစ်ကိုယ်လုံး အော်မရ၊ လှုပ်မရဖြစ်တဲ့ ဘီလူးစီးတာတွေ၊ လေဖြတ်တာတွေကိုတောင် ကာကွယ်နိုင်တယ်လို့ ယူဆကြတယ်ဆိုပဲ။ တကယ်တော့ သံပရာသီးဟာ အသီး၊ အခွံသာမက အစေ့ပါမကျန် ဆေးဖက်ဝင်ပါတယ်။ သည်တော့ ဘာတွေဘယ်လိုများ အသုံးဝင်တယ်ဆိုတာကို ကလေးတို့သိအောင် ဦးဦးပြောပြပါ့မယ်"

× × ×

၁။ သံပရာဖျော်ရည်ကို သောက်သုံးခြင်းဖြင့် မောပန်းခြင်းကို ပြေပျောက်စေပါတယ်။ ဒါ့အပြင် လူ့ရဲ့ခန္ဓာကိုယ်မှာ ကျရောက်တတ်တဲ့ရောဂါတွေ အထူးသဖြင့် ဝမ်းဗိုက်ပိုင်းမှာဖြစ်တတ်တဲ့ ရောဂါတွေကို ကာကွယ်နိုင်

www.burmeseclassic.com

ပါတယ်။

၂။ သံပရာသီးအစိမ်းရဲ့ အခွံကိုဝါးစားရင် လေနာရောဂါ၊ ရင်ဘတ်နာရောဂါတွေ သက်သာပျောက်ကင်းစေပါတယ်။

၃။ သံပရာသီးကို ထက်ခြမ်းခြမ်းပြီး ယားနာ၊ ပွေးနာ၊ အရေပြားပေါ်ကအမည်းကွက်တွေ၊ ပြီးတော့ အမွေးကျွတ်ခြင်းရောဂါဝေဒနာတွေကို သက်သာပျောက်ကင်းစေပါတယ်။

၄။ သံပရာသီးကို အရည်ညှစ်ယူပြီး သကြားနဲ့ ဖျော်သောက်ပေးမယ်ဆိုရင် ဘိန်းကြောင့် အဆိပ်သင့်ခြင်း၊ အ ရက်နဲ့ အစားမှားတဲ့အတွက်ကြောင့် အဆိပ်သင့်ခြင်း ဝေဒနာတွေ သက်သာပျောက်ကင်းစေပါတယ်။

၅။ ကလေးတို့အနေနဲ့ ထမင်းစားသောက်ပြီးတဲ့အခါ အော့တာ့အန်တာများ ဖြစ်တတ်ပါသလား။

ဒါဆို မပူပါနဲ့၊ လတ်ဆတ်တဲ့ သံပရာသီးကို အရည်ညှစ်ပြီး သောက်သုံးပေးမယ်ဆိုရင် အော့အန်ဝေဒနာ သက်သာပျောက်ကင်းသွားပါလိမ့်မယ်။

၆။ သံပရာသီးကို တချို့က သနပ်လုပ်ပြီး သုံးဆောင်တတ်ကြပါတယ်။ သိပ်ကောင်းတာပေါ့ကွယ်။ အဲသည်လို သံပရာသီးသနပ်ကို ထမင်းစားတဲ့အခါတိုင်း သုံးဆောင်ပေးသွားမယ်ဆိုရင် သရက်ရွက်ကြီးတဲ့ ရောဂါဝေဒနာကို သက်သာပျောက်ကင်းစေပါသတဲ့။

၇။ သံပရာသီးကို အရည်ညှစ်ယူပြီး သကြားနဲ့ ဖျော်လို့ ပုံမှန်သောက်သုံးပေးသွားမယ်ဆိုရင် အဆီများလို့ ချောင်းဆိုးတာတွေ၊ သည်းခြေအားနည်းတာတွေ၊ အဆစ်အမြစ်ကိုက်ခဲတာတွေကို သက်သာပျောက်ကင်းစေပါတယ်။

၈။ သံပရာဖျော်ရည် နေ့စဉ် မနက်တစ်ကြိမ်၊ ညတစ်ကြိမ် ပုံမှန်သောက်သုံးပေးသွားမယ်ဆိုရင် သွားဖုံးကနေ သွေးယိုစီးတဲ့ဝေဒနာ သက်သာပျောက်ကင်းပါလိမ့်မယ်။ ရေစီးကမ်းပြိုဖြစ်ရင်လည်း သံပရာတန်ခိုးကြောင့် စိတ်ပူစရာ မလိုပါဘူးတဲ့ကွယ်။

၉။ ခေါင်းကိုက်ဝေဒနာ ခံစားရသူတွေအတွက်တော့ သံပရာသီးဟာ ဆေးကောင်းတစ်လက်ပါပဲ။ ဘယ်လိုလုပ်ရမလဲဆိုတော့ ရေနွေးကြမ်းခပ်ကျကျထဲကို သံပရာသီးစိတ်ကလေးတွေထည့်လို့ဖြစ်စေ၊ သံပရာရည်ညှစ်ထည့်လို့ဖြစ်စေ သောက်သုံးပေးမယ်ဆိုရင် ခေါင်းကိုက်ဝေဒနာ သက်သာပျောက်ကင်းသွားပါလိမ့်မယ်။

၁၀။ သံပရာဖျော်ရည်ဆိုတာဟာ နေ့စဉ်သောက်သုံးသင့်တဲ့ တကယ့် ဆေးဝါးကောင်းတစ်လက်ပဲ့ပါပဲ။ သံပရာဖျော်ရည်ကို နေ့စဉ်သောက်သုံးပေးသွားမယ်ဆိုရင် အသွားအလာ၊ အထိုင်အထမှာ မူးဝေတတ်တဲ့ရောဂါရှိရင် ပျောက်ကင်းပါလိမ့်မယ်။

၁၁။ ကလေးတို့မှာ နှာခေါင်းသွေးယိုတတ်တဲ့ ဝေဒနာရှိပါသလား။

ဒါဆို သံပရာသီးသာရှိနေရင် ပူစရာမလိုပါဘူးတဲ့ကွယ်။ ဘာလုပ်ရမလဲဆိုတော့ သွေးယိုကျတဲ့နှာခေါင်းထဲကို သံပရာလတ်လတ်ဆတ်ဆတ်အရည်ကို ညှစ်ထည့်ပေးလိုက်ဖို့ပါပဲ။ ဒါဆို နှာခေါင်းသွေးယိုဝေဒနာ သက်သာပျောက်ကင်းသွားပါလိမ့်မယ်။

၁၂။ လည်ချောင်းနာဝေဒနာ စွဲကပ်နေရင်လည်း ပူပင်စရာမလိုပါဘူး။

ဘာလုပ်ရမှာလဲဆိုတော့ သံပရာရည်ကို ပူနွေးအောင်ပြုလုပ်ပြီး ပျားရည်နဲ့ဆတူရောစပ်လို့ သောက်သုံးမယ်ဆိုရင် လည်ချောင်းနာဝေဒနာ သက်သာပျောက်ကင်းသွားမှာ အမှန်ပါပဲ။

၁၃။ ကလေးတို့မှာ သွားနာတာတွေ၊ သွားကိုက်တာတွေ ခံစားနေရရင်လည်း သံပရာသီးက အစွမ်းထက်မြက်စွာနဲ့ ကာကွယ်ကုသပေးသွားမှာပါ။

လုပ်ရမှာကတော့ သံပရာသီးတစ်လုံးကို မီးကျွမ်းအောင်ဖုတ်ဖုတ်ပြီး လေးညှင်းပွင့်နဲ့ ရောပြီးကြိတ်ပေးပါ။ ရလာတဲ့ဆေးအနှစ်ကို သွားအခြေတွေမှာ သိပ်ပေးမယ်ဆိုရင် သွားနာတာတွေ၊ သွားကိုက်တာတွေ အရှင်းကို ပျောက်ကင်းသွားပါလိမ့်မယ်။

၁၄။ ဆီးအောင့်တာတွေ ဆီးကျောက်တည်တာတွေအတွက်လည်း စိတ်မသက်မသာဖြစ်မနေပါနဲ့။ သံပရာအစွမ်းနဲ့ ရှင်းထုတ်ပေးပါလိမ့်မယ်။

" လုပ်ရမှာက ကြွေမီးဖုတ်နဲ့ သံပရာရည်ကို ဖျော်သောက်ပေးဖို့ပါပဲ။

၁၅။ ခေါင်းတစ်ခြမ်းကိုက်ဝေဒနာ ခံစားနေရရင်



www.burmeseclassic.com

www.burmeseclassic.com

သံပရာစေ့တွေထုတ်လို့ ကြိတ်ချေပေးပါ။ ရလာတဲ့အနှစ်တွေကို နားသယ်မှာ လိမ်းပေး။ အုံပေးခဲ့ရင် ခေါင်းတစ်ခြမ်းကိုက်ဝေဒနာ သက်သာပျောက်ကင်းသွားပါလိမ့်မယ်။

၁၆။ မျက်စိထဲကို ခရီးသွားလာရင်းဖြစ်စေ၊ ဆော့ကစားရင်းဖြစ်စေ ဖုန်တွေသဲတွေ ခဲတွေ ဝင်လာခဲ့မယ်ဆိုရင် သံပရာရည်သာ ညှစ်ထည့်ပေးလိုက်စမ်းပါ။ ဝေဒနာသက်သာပြီး စိတ်ချမ်းသာသွားပါလိမ့်မယ်။

၁၇။ ကလေးတို့ရေ . . လူအချို့ဟာ ရေချိုးတဲ့အခါ နှာစေးလွယ်၊ အအေးပတ်လွယ်တတ်ကြပါတယ်။ အဲ့သည်လူတွေအတွက်တော့ သံပရာသီးဟာ အဖိုးမဖြတ်နိုင်တဲ့ ဆေးကောင်းတစ်လက်ပါပဲ။

လုပ်ရမှာက သံပရာသီး (ဒါမှမဟုတ်) အခွံထူတဲ့ သံပရိုသီးကို ရေနွေးထဲထည့်စိမ်ပါ။ အငွေ့ကိုလုံအောင် အုပ်ထားပါ။ ရေချိုးပြီးတာနဲ့ သောက်သုံးပေးပါ။ ဒါဆိုရင် အအေးပတ်တာတွေ နှာစေးတာတွေ မဖြစ်တော့ပါဘူး။

ကလေးတို့ရေ . . .

ရှေးဟောင်း ဆေးအဘိဓာန်ကျမ်းမှာ သံပရာစေ့ ရှောက်ချဉ်သီးစေ့၊ ဆီးစေ့၊ သရက်စေ့၊ ခရားစေ့၊ ဆူးပန်းစေ့၊ စပျစ်သီးစေ့တို့ဟာ လေ၊ သည်းခြေနဲ့ယှဉ်တဲ့ ရောဂါတွေ၊ နလုံးရောဂါ၊ တစ်ကိုယ်လုံး ကိုက်ခဲတဲ့ရောဂါ၊ သွေးငုပ်တိုင်းမှိုင်းတဲ့ရောဂါ၊ ရင်ပူဆာလောင်တဲ့ရောဂါ၊ အစာအိမ်ရောဂါတွေကို သက်သာပျောက်ကင်းစေတဲ့ အာနိသင်ရှိတယ်လို့ ဆိုထားလေရဲ့။

အဲသည်ထဲမှာမှ ထူးခြားတာက သံပရာရည်ဟာ မျက်စဉ်းအဖြစ် အသုံးပြုလို့ရတယ်ဆိုတာပါပဲ။ မျက်လုံးထဲကို မှုန်ကွဲစသေးသေးလေးတွေ ဝင်တာတောင် ကာကွယ်နိုင်ပါသတဲ့။ သတိပြုရမှာက မျက်လုံးကို မပွတ်သပ်မိဖို့ပါပဲ။ သံပရာသီး လတ်လတ်ဆတ်ဆတ်ကိုစိပ်ပြီး အရည်ညှစ်ချပေးရပါမယ်။ အဲသည်နောက် ရေသန့်သန့်နဲ့ဆေးလို့ မျက်နှာသစ်ပေးရင် မျက်လုံးထဲက အန္တရာယ်ပေးတာတွေ ထွက်သွားပါလိမ့်မယ်။

အထူးသဖြင့် သည်ကနေ့ခေတ်ကာလမှာ အဖြစ်များတဲ့ အဆီတိုးရောဂါ၊ အဝလွန်ရောဂါတွေအတွက် သံပရာသီးကို နေ့စဉ်ပုံမှန်စားသုံးသင့်ပါတယ်။ သံပရာသီးတစ်လုံးရဲ့အရည်နဲ့ ပျားရည်ဟင်းစားဇွန်းတစ်ဇွန်း စပ်လို့ နံနက်၊ ညတစ်နေ့နှစ်ကြိမ် ပုံမှန်သောက်သုံးပေးသွားမည်ဆိုရင် ခန္ဓာကိုယ်မှာ မလိုအပ်တဲ့ အဆီတွေကျသွားမယ့်အပြင် ရောဂါသည်တွေ ကင်းရှင်းသွားပါလိမ့်မယ်။

ကလေးတို့ရေ .

ဦးဦးပြောချင်တာက ဒီလအတွက်တော့ ဒီမျှပါပဲကွယ်။ နောက်လတွေရောက်ရင်လည်း ကလေးတို့အတွက် ဗဟုသုတတိုးပွားရာ အကြောင်းအရာကလေးတွေကို ရှာဖွေတင်ပြပါဦးမယ်။

ကလေးတို့ ကျန်းမာရွှင်လန်းပါစေ။

ဦးဦး
မုတ်စုမောင်

□

## စာမူရှင်များသို့ မေတ္တာရပ်ခံခြင်း

ရတနာပန်းခင်းရုပ်စုံမဂ္ဂဇင်းတွင် တချို့စာမူရှင်များသည် စာမူပါရှိသော်လည်း စာမူခများ မထုတ်ယူကြသေးသည်ကို တွေ့ရပါသည်။ သို့ပါ၍ မိမိစာမူပါရှိသည့် နှစ်၊ လကို ဖော်ပြကာ စာမူခနှင့် လက်ဆောင်စာအုပ်များ ထုတ်ယူကြပါရန်နှင့် ကိုယ်စားလှယ်ဖြင့် ထုတ်ယူလိုပါက ကိုယ်စားလှယ်လွှဲစာ ရေးသား၍ ထုတ်ယူနိုင်ပါကြောင်း ဖော်ပြအပ်ပါသည်။

ရတနာပန်းခင်းရုပ်စုံမဂ္ဂဇင်း


www.burmeseclassic.com



# သဘာဝက ပေးတဲ့ဆု

## ရဲမြင့်နောင်

■ ငှက်ကလေးတွေ ပျံသန်းတာ
တောင်ပံရှိသည်သာ။

■ ငုံဖူးမာလာ ပွင့်ဖို့ပျိုး
ဩဇာဆီအကျိုး။

■ မြင့်မားမိုးထိ တောင်တန်းတွေ
မြေစိုင် သိပ်သည်းနေ။

■ ပင်လယ်ရေ ဘယ်မခန်း
မိုးစက်တို့ ပြည့်လျှမ်း။

■ သယ်ပိုးထမ်းရွက် ကြီးစားမည်
ဝတ္တရား ကိုယ်စီ။

■ လောကမြေမဟီ သာယာမှု
သဘာဝရဲ့ ဆု…။

□



www.burmeseclassic.com

[ ဂျပန်ပုံပြင် ]

# ပန်းတွေကို ပွင့်စေသူ

## ဝေလင်းထွန်း

ဟိုရှေးတုန်းက ဂျပန်ပြည်မှာ တစ်ထပ်အိမ်ကလေးရဲ့ အပြင်ဘက်က ခွေးတစ်ကောင်ရဲ့ ညည်းညူသံကြားရပါတယ်။ အဲဒီမှာနေတဲ့ အဘွားအိုက ခွေးလေးကို အိမ်ထဲခေါ်ထားလိုက်တယ်။ ဒီသတ္တဝါက သနားစရာမျိုးမစစ်လို့ ပစ်ထားတဲ့ ခွေးကလေးပါ။ ဒါပေမယ့် အဘွားအိုက သူ့ကို အစားကျွေးထားတယ်။ ဒီလိုနဲ့ တစ်ရက်၊ နှစ်ရက် ရှိလာတော့ အဘွားအိုနဲ့ သူ့မခင်ပွန်းတို့ဟာ မိမိတို့ရဲ့ ကလေးလို ချစ်ခင်လာပြီး စောင့်ရှောက်ကျွေးမွေးထားပါတယ်။

အဘွားအိုလင်မယားက ခွေးလေးကို ချစ်ပေမယ့် သူ့ကို နံဘေးအိမ်က လူတွေက မချစ်ခင်ပါဘူး။ ပြီးတော့ မျိုးမစစ်တဲ့ ခွေးဖြစ်တော့ ကန်ကျောက်ပြီး ဆဲရေးတိုင်းထွာကာ နှိပ်စက်ပါတယ်။

တစ်နေ့မှာတော့ အဘွားအိုလင်မယားဟာ သူတို့ရဲ့ ပန်းဥယျာဉ်ထဲမှာ ညနေခင်း အပန်းဖြေရင်း ထိုင်နေကြပါတယ်။ သူတို့ဟာ ခွေးလေးက သဲသဲမဲမဲနဲ့ မြေကြီးထဲကို လက်နဲ့တူးနေတာ မြင်တွေ့ရတယ်။ ဟောင်သံတွေလည်းပေးရင်း တူးနေပါတယ်။ အဘွားအိုက ထိုင်နေရာမှ ထကာ –

"သူ ဘာတွေ့လို့လဲဆိုတာ ငါသွားကြည့်ဦးမယ်။ ဒီကောင်ဟာ ဦးနှောက်ကောင်းတဲ့ကောင် ဖြစ်လိမ့်မယ်"

အဘိုးအိုက ဂေါ်ပြားကိုယူပြီး ခွေးတူးထားတဲ့နေရာမှာ ဆက်တူးလိုက်ရာ မကြာမီမှာပဲ ရွှေငွေရတနာတွေ ထည့်ထားတဲ ရတနာသေတ္တာတစ်လုံး ရရှိခဲ့ပါတယ်။ ခွေးလေးက အမြီးနှန့်နေပါတယ်။ အဘိုးအိုလင်မယားဟာ ဝမ်းသာပျော်ရွှင်စွာနဲ့ အော်ဟစ်ရယ်မောကြပါတယ်။ သူတို့သုံးဦးဟာ ညစာကို ကောင်းကောင်းချက်ပြုတ်စားသောက်ကြပါတယ်။


နောက်တစ်နေ့မှာတော့ အဘိုးအိုစုံတွဲဟာ ဆင်းရဲတဲ့ အိမ်နီးချင်းတွေ အားလုံးကို မိမိတို့ရရှိထားတဲ့ ရတနာတွေကို ဝေငှပေးကမ်းကြပါတယ်။ ပြီးတော့ မိမိတို့ရရှိလာတဲ့အကြောင်းကို ပွင့်ပွင့်လင်းလင်း ပြောပြပါတယ်။

အဘိုးအိုတို့ ဘေးအိမ်က ကွဲပြားခြားနားတဲ့ စုံတွဲက အဘိုးအိုဆီလာပြီး အံ့သြစရာကောင်းတဲ့ ခွေးကို ငှားရမ်းလာတယ်။ အလားတူပဲ သူတို့ကို ကံကောင်းမှုတွေပေးလေမလားလို့ သူတို့က မျှော်လင့်ထားပါတယ်။

သူတို့အိမ်ရောက်သွားတဲ့ ခွေးလေးဟာ အချိန်အတော်ကြာသည့်တိုင် ဘာမှ မဖြစ်လာပါ။ ဒါပေမယ့် သူဟာ တစ်နေရာမှာ ထိုင်ကာ မိုးကောင်းကင်ကို ငေးကြောင်ကြည့်နေပါတယ်။ အိမ်သားလုပ်သူက အဲဒီနေရာကို ရှင်းပြီး စတင်တူးဖော်ပါတော့တယ်။ သူဟာ ပေါက်ပြားနဲ့ တူးလိုက်တာ ဘာမှမတွေ့ရဘဲ အားလားလား . . အရိုးတွေနဲ့ ကျိုးကြေနေတဲ့ ပန်းကန်ခွက်ယောက်တွေပဲ တွေ့ရပါတယ်။ ဒါနဲ့ အဲဒီလူဟာ ဒေါသတွေ မထိန်းနိုင်အောင် ထွက်ကာ ပေါက်ပြားနဲ့ ခွေးလေးကို ရိုက်သတ်လိုက်ပါတယ်။ အဲဒီနောက်တော့ ခွေးသမင်ဖြစ်တဲ့ အဘိုးအို ဒေါသထွက်မှာစိုးတော့ သူက ခွေးသေကို ထင်းရှူးပင်အောက်မှာ တူးပြီးမြှုပ်လိုက်ပါတယ်။

အဘိုးအိုတို့နှစ်ယောက်ဟာ သူတို့ခွေးလေး ပြန်မလာတဲ့အတွက် အလွန်ဝမ်းနည်းနေကြပါတယ်။ ဒါပေမယ့် ညအခါ ရောက်ချိန်မှာတော့ ခွေးလေးရဲ့ ဝိညာဉ်က သူတို့အခန်းထဲ ဝင်လာပြီး ထုတ်ဖေ

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ပြောလာတယ်။

"ဆရာသခင် . . ထင်းရှူးပင်ကို ခုတ်လှဲပြီးတော့ ထင်းရှူးသားကို ကြိတ်ဆုံပြုလုပ်ပါ။ ပြီးတော့ ဘယ်အခါမဆို ဒီကြိတ်ဆုံကို သုံးတိုင်း ကျွန်တော့်ကို သတိရပါ"

နောက်တစ်နေ့မှာ အဘိုးအိုက သူ့ပြောသလို ထင်းရှူးပင်ကို ခုတ်လိုက်ပါတယ်။ အဲဒီ အသားနဲ့ ကြိတ်ဆုံတစ်ခုလုပ်ပါတယ်။ အဘွားအိုက ကြိတ်ဆုံနဲ့ စပါးတွေကို ထည့်ကြိတ်တဲ့အခါမှာတော့ ထည့်လိုက်တဲ့ စပါးတွေက ရွှေအဖြစ်ပြောင်းလဲပြီး ထွက်လာတယ်။

သူတို့ဟာ သူတို့ရဲ့ ကံကောင်းမှုတွေကို လျှို့ဝှက်မထားပါဘူး။ ဒါ့အပြင် ကောက်ကျစ်တဲ့ အိမ်နီးချင်းတွေကိုလည်း ကြိတ်ဆုံငှားတာကို မငြင်းပယ်ဘဲ လိုက်လျောခဲ့ပါတယ်။ ဒါပေမယ့် သူတို့တွေ ကြိတ်ဆုံနဲ့ စပါးကြိတ်တဲ့အခါမှာတော့ ပုပ်စော်နံနေတဲ့ ရွံ့နွံတွေ ထွက်ပေါ်လာပါတော့တယ်။

စိတ်တိုင်းကျမဖြစ်လို့ ဒေါသထွက်လာတဲ့ လင်မယားဟာ ကြိတ်ဆုံကို အိမ်ပြင်ထုတ်ပြီး မီးပုံရှို့လိုက်ပါတယ်။

အဲဒီညမှာပဲ ခွေးလေးရဲ့ ဝိညာဉ်ဟာ အဘိုးအိုတို့ဆီကို ထပ်မံရောက်လာပြန်ပြီး ခုလိုပြောပါတယ်။

"ဆရာသခင်၊ မီးပုံရှို့တဲ့နေရာက ပြာတွေကို ယူထားပါ။ အဲဒီပြာတွေနဲ့ သခင်ရဲ့ ညှိုးနွမ်းခြောက်သွေ့နေတဲ့ ချယ်ရီပင်တွေကို ပက်ဖျန်းပေးလိုက်ပါ။ အဲဒီလိုလုပ်လိုက်ရင် ပန်းတွေပြန်လည်ဖူးပွင့်လာပါလိမ့်မယ်"

အဘိုးအိုဟာ မီးရှို့ထားတဲ့နေရာက ပြာတွေ ရယူလိုက်ပါတယ်။ ပြီးတော့ ညှိုးခြောက်နေတဲ့ ချယ်ရီပင်ကို ပြာတွေလက်အပြည့်ယူပြီး ကြဲပက်လိုက်တယ်။ အဲဒီလိုကြဲပြီး မကြာခင်မှာဘဲ ရွှန်းစိုလှပတဲ့ ချယ်ရီပန်းတွေ ပွင့်လာကြပါတယ်။ အဲဒီလို လုပ်ပြီးနောက်တော့ အဘိုးအိုဟာ ဂျပန်နိုင်ငံထဲ လှည့်လည်ပြီး လူတွေရဲ့ သနားစရာ ခြောက်သွေ့နေတဲ့ သစ်ပင်တွေကို ပြန်လည်ဖူးပွင့်အောင် လုပ်ပေးခဲ့ပါတယ်။

အဲဒီအကြောင်းကို နောက်တော့ ဘုရင်ကေရာဇ် နန်းတော်အထိ သတင်းရောက်သွားပါတော့တယ်။

ဒီလိုနဲ့ အဘိုးအိုဟာ ဘုရင့်အမိန့်နဲ့ သူ့ရဲ့ တော်ဝင်ဥယျာဉ်မှာ ခြောက်သွေ့နေတဲ့ သစ်ပင်ပန်းပင်တွေကို ပြန်ပန်းပွင့်အောင် အံ့ဩဖွယ်ရာ လုပ်ဆောင်ပြနိုင်ခဲ့ပါတယ်။ အဲဒီလို လုပ်ဆောင်ပြနိုင်တဲ့အတွက် ဘုရင်ဆီက လက်ဆောင်တွေနဲ့ ဂုဏ်ပြုခံရမှုတွေ အတော်ရရှိခဲ့ပါတယ်။

အဘိုးအို အဲဒီလို ဆုလာဘ်တွေရပြီးနောက်တော့ စိတ်ထားမကောင်းတဲ့ စုံတွဲဟာ ဒီအကြောင်းကြားသိရတော့ သူတို့လည်း ကျန်ရှိနေတဲ့ မီးပုံနေရာက ပြာတွေယူလိုက်တယ်။ ပြီးတော့ ဘုရင့်ထံသွားရောက်ကြတယ်။ ဘုရင်နဲ့တကွ ရဲရွှေတော်တွေဟာ သူတို့ရဲ့ လုပ်ဆောင်ပြသတာကို စုဝေးစောင့်ကြည့်နေကြပါတယ်။ ဒါပေမယ့် ဒီအချိန်မှာတော့ သစ်ပင်ဟာ သစ်ကိုင်းသစ်ခက်တွေဟာ သေမြဲသေနေကြတယ်။ ပြီးတော့ ပြာတွေကြဲပက်တာက ကိုးရိုးကားရားနဲ့ အရိုးမကျတာကြောင့် အဲဒီပြာတွေက ဘုရင်ဆီရောက်သွားပြီး မျက်စိတွေ ပြာနောက်သွားစေပါတယ်။

ဒီမကောင်းတဲ့ လူဟာလည်း ဘုရင်ကို လိမ်လည်မှုနဲ့ ရိုက်နှက်အပြစ်ပေးတာ ခံရပါတယ်။ ဒီလိုနဲ့ သူဟာ ဒဏ်ရာတွေရပြီး တဖြည်းဖြည်း တရွတ်ဆွဲပြန်လာရပြီး သူ့အိမ်နီးချင်းကောင်းရဲ့ ပေးကမ်းစွန့်ကြဲတာကိုပဲ စားသောက်ရပါတော့တယ်။

ဝေလင်းထွန်း

□



www.burmeseclassic.com

# ကြက်မင်းနှင့် စွန်ရဲ

■ ထွဏ်းအောင်ကျော်

ဘုရားလောင်းကြက်မင်းဟာ ကြက်အပေါင်းခြံရံပြီးတော့ တစ်ခုသောဝါးတောကို အမှီပြုပြီး နေနေခဲ့ပါတယ်။

သူဟာ ကြက်အမြောက်အမြားရဲ့ ဦးစီးခေါင်းဆောင် လုပ်နေရပေမယ့် ကြက်တို့ရဲ့သဘာဝအတိုင်း အချိန်မှန်မှန်အိပ်တန်းတက်ပြီး အိပ်တန်းဆင်းလေ့ရှိပြီးတော့ နေတတ်ပါတယ်။

"ကြက်အပေါင်းတို့ ‥ ထကြပါတော့ 'အောက်အီးအီးအွတ်" ဆိုလိုက်ပါတယ်။

ဒီလိုနဲ့ ဝါးတောကို အမှီပြုနေပေမယ့်လည်း သူဟာ ဝါးသီးကိုချည်း အားမကိုးခဲ့ပါဘူး။

သူ့မှာ သန်မာတဲ့ ခြေနှစ်ချောင်းလည်းရှိပါတယ်။ အဲဒီခြေကို အသုံးပြုပြီးတော့ လျှောက်နိုင်ခဲ့တယ်။ ပြေးနိုင်ခဲ့တယ်။ ခြေမှအတက်နဲ့ ရန်သူကို ခုခံနိုင်ခဲ့တယ်။

ဒါ့ထက်မက အစာကိုရှာဖွေရာမှာလည်း အားကိုးရပါတယ်။

"လာလာ ‥ ဒီကိုလာကြ။ ဒီနေရာမှာ ယက်ကြ။ ဟောဒီမှာ ပိုးကောင်မွှားကောင်တွေရှိလှတယ်"

ခေါင်းဆောင်ကြက်ဖကြီးက အစာရှိမယ့်နေရာကို လမ်းပြတော့ ကြက်မကြီးက သားငယ်တွေခေါ်ပြီး အပြေးအလွှား ရောက်လာတတ်ကြပါတယ်။

သူမရဲ့ သန်မာတဲ့ခြေနှစ်ချောင်းနဲ့ မြေပြင်ကို ယက်ထုတ်လိုက်ပါတယ်။

မြေလွှာတွေက အလိပ်လိုက် အလိပ်လိုက် လွင့်ထွက်ကုန်တယ်။ ဖွာခနဲ ဖွာခနဲ လန်ကုန်ကြတယ်။ မြေမှာအောင်းနေတဲ့ ပုရွက်ဆိတ်ကောင်ငယ်တွေ၊ ခြကောင်ငယ်တွေဟာ ရှိုးရှိုးရှဲရှဲ ထွက်လို့လာခဲ့ကြပါတယ်။

မိခင်ကြက်မကြီးဟာ ခေါ်လည်းခေါ်၊ အစာလည်းကောက်ပေးတော့ သားသမီးလေးတွေ အလုအယက်နဲ့ စားကြသောက်ကြတယ်လေ။

အဲဒီမှာ ‥

"ဟေ့ အားလုံး နားထောင်ကြစမ်းပါ"

ဆိုလိုက်ပြီးတော့မှ ဆက်လက်ပြီး ‥

"မင်းတို့တွေ ဒီတောဒီတောင်မှာနေရင် သူ့သဘာဝကိုတော့ နားလည်ကြဖို့ လိုတယ်နော်"

ကြက်ဖကြီးက အဆင်ပြေသလို သင်ပြလို့နေတတ်ပါတယ်။

ဒါပေမယ့် ကြက်တို့သဘာဝမှာ မျက်စိရှိပေမယ့် ညဉ့်အချိန်ရောက်ရင် အဏန်းပမာ ဖြစ်သွားတတ်ရပါတယ်။

ဒါကြောင့် အစာကိုမက်ပြီး စားနေလို့ မှောင်သွားခဲ့ရင် အန္တရာယ်ကြုံရတတ်တယ်။

တောကြောင်တွေရန်လည်း ရှိတယ်။ ကျားသစ်၊ ကြွက်တွေနဲ့ အကောင်အမျိုးစုံရဲ့ရန်ကို ကြောက်ရတတ်တယ်။

အဲဒီမှာ တစ်ကောင်က ‥

"ဘယ်လိုတောတောင်သဘာဝ နားလည်ရမလဲဟင်"

"သြော် ‥ တို့နေတဲ့ရေမြေသဘာဝကို အကြမ်းဖျင်းခြုံငုံမိဖို့ပါ"

"မှန်ပါ"

"ပြီးတော့ တောင်တို့သဘောက မရွေ့ဘူး၊ မယိမ်းမယိုင်ဘူး။ ပြီးတော့ တောင်ဆိုတာ မြင့်လည်းမလာဘူး၊ နိမ့်လည်းကျမသွားပါဘူး"

"မမြင့်ဘူး ဟုတ်ပါရဲ့၊ ဟိုတလောက ဟိုဘက်တောင်ကြော လဲပြိုသွားခဲ့တယ်။ အဲဒါ နိမ့်ကျသွားတာလား"

"ဒါဟာ သဘာဝဘေးဒဏ်ပဲ။ ဒါကိုသိရမယ်။ လောကမှာ ပါးနပ်ရမယ်။ ပုံသေမှတ်ထားလို့မရဘူး။ လျင်မြန်ဖျတ်လတ် ပါးနပ်နိုးထကြဟေ့"

"မှန်ပါ"

ထို့နောက်တွင်မတော့ ရေမြေတောတောင် သဘာဝမှာ ကျက်စားကြရတဲ့ ဘဝအကြောင်းတွေပဲ



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ဆက်ပြောဖြစ်ကြပါတယ်။

ပြီးတော့ ဝံဘခွေးတွေ၊ ကြောင်တွေ၊ ကြက်ကို အားလုံးက သူတို့ကို ကြိုက်နှစ်သက် သတ်ဖြတ်စား သောက်တတ်ကြတယ်ဆိုတဲ့အကြောင်း ပြောပြတယ်။

"တို့မှာ ရန်သူတွေချည်းပဲ။ ကိုယ့်ကိုကိုယ် ရှောင်တိမ်းပါးနပ်နိုင်မှ တန်ကာကျမယ်"

"ဟုတ်ကဲ့ပါခင်ဗျာ"

× × ×

ဒီလိုနေ့ တစ်နေ့မှာပေါ့ ..

"ဘယ်လို လဲ၊ ငါ့ကောင်တွေ အင်အားလျော့လာ ပါမွေ့လား"

အိပ်တန်းတက်လာကြတဲ့ ကြက်တွေကိုကြည့်ပြီး အမှတ်မထင် ရေတွက်ကြည့်ကြည့်ရင်းက တစ်ကောင် က ထင်မြင်သုံးသပ်မိလိုက်ပါတယ်။

ဒါကြောင့် နောက်တစ်ကောင်က အသေအချာ ရေတွက်ကြည့်နေလိုက်ပါတယ်။

"ဟဲ့ .. ရွှေနီမ ကလေးတွေဘယ်မှာလဲ"

သားသည် ကြက်မကြီးက သူ့ကြက်ကလေး မမြင်တာကြောင့် အော်မေးလိုက်ပါတယ်။

"ဟဲ့ .. ပြောက်မ၊ ငါ့ကလေးဘယ်မှာလဲ။ ညည်းဘက်မှာရှိလားဟေ့"

"ဟင့်အင်း .. မတွေ့မိပါဘူး"

"ဟေ့ .. ပုလဲရေ .. ပုလဲ"

ကြက်မကြီးတစ်ကောင်မှာ ခုတော့ ဟိုသည် ပြေးလွှား ဗျာများနေခဲ့ပါတယ်။ ခေါင်းဆောင်ကြက်မင်း မနေသာတော့ ..

"ဟေ့ .. မိနီ၊ ဘာဖြစ်တာလဲ"

"ကျွန်မကလေးပျောက်နေလို့။ မနေ့က မမဲ တုတ်၊ ဒီနေ့ တောကျော်ပျောက်နေတယ်"

"ဟင် .."

"ဟုတ်တယ်။ တစ်နေ့တခြား အပျောက်အရှ များနေကြတယ်"

"ဘာဖြစ်လို့ပါလိမ့်"

"မပြောတတ်ပါဘူး။ စဉ်းစားရခက်ပါတယ်"

"ဒါဆို .."

အတန်ကြာစဉ်းစားပြီးမှ "တစ်ခုတော့ စဉ်းစား မိတယ်"

"ဘာများလဲ အရှင်"

"စွန်ရဲတစ်ကောင်ဝဲနေတာ သတိထားမိတယ်"

"ဟင် .."

"ဟုတ်တယ်၊ သူ့လက်ချက်ပဲဖြစ်မယ်"

"ဒါပေမယ့် ဒီလိုထိုးသုတ်ချီခဲ့တာတော့ မတွေ့ရ သေးဘူး"

"ဘာပဲဖြစ်ဖြစ် မျက်ခြည်ပြတ်လို့မရဘူး"

"မနက်ဖြန်ကစပြီး ကျွန်တော်မျိုးစောင့်ကြည့် သွားမယ်။ လာလုပ်ရင်တော့ ဟောဒီ အတက်နဲ့ အတွေ့ ပဲ"

"မင်းလည်း သတိထား။ ဒီကောင် ဉာဏ်များပုံ တော့ရတယ်"

"ဟုတ်ကဲ့"

× × ×

တစ်စတစ်စ လျော့ပါးသွားတဲ့ကြက်တွေကြောင့် ခုတော့ မျိုးတုံးမတတ် ရှိခဲ့ပါတော့တယ်။

ခုထိ စွန်ရဲမှာ အကင်းပါး ဣန္ဒြေကောင်းလှသူမို့ မသင်္ကာစရာ ဘာမှမတွေ့ရသေးပါ။

ဒါပေမယ့် မသမာမှုဟာ ထာဝရဖုံးလို့ ရရိုးပါရဲ့ လား။

လက်ကျန်ကြက်တွေကို လုံခြုံရာမှာ သိုဝှက်ထား ခဲ့ရတယ်။ ပြီး ကြက်မင်းကိုယ်တိုင် တောစပ်မှာထိုင်လို့ နေလိုက်ပါတယ်။

"ဗျို့ .. မိတ်ဆွေကြီး၊ မိတ်ဆွေကြီး"

ကောင်းကင်ပေါ်က အသံကြောင့် ကြက်မင်း မော်ကြည့်လိုက်ပါတယ်။

"ကျွန်တော်ပါ"

"သြော် .. စွန်ရဲပါလား"

"ကြက်မင်းတစ်ကောင်တည်းမို့ မေးမိတာပါ။ အဖော်တွေရော"

"သူတို့တွေကို ရန်သူရန်ကြောင့် ဘေးကင်းတဲ့ နေရာ ပို့လိုက်ရပြီလေ"

"ဟင် .. ဘယ်လိုရန်သူမျိုးပါလိမ့်ဗျာ။ အို ..



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ဒါပေမယ့် ကျွန်တော်ရှိပါတယ်ဗျာ၊ ကာကွယ်ပေးမှာပါ''

''သင်ရှိနေလို့ အကျွန်ုပ်အတွက် လုံခြုံရရောလား ဗျာ''

''အဟဲ .. ကြက်မင်းက ကျွန်တော့်ကို မသင်္ကာတာလား။ ကျွန်တော်က သူတော်ကောင်းစိတ် အပြည့်ရှိတဲ့ခွန်ပါဗျ''

''ခွန်သူတော်ကောင်းဆိုတာ မတွေ့ဖူးပါဘူး''

''ကျွန်တော်ကတော့ သီလစောင့်သူပါ။ သူတစ်ပါးကိုသတ်ဖို့ထား သူများပစ္စည်းလည်း ယူမသုံးစတတ်ပါဘူး''

''ဘာပဲဖြစ်ဖြစ် စိတ်မချတာဟာ ဘေးကင်းတာပဲလေ''

''ခင်ဗျားနဲ့ကျွန်တော်ဟာ အသက်ပေးချစ်ကြသူတွေပါ ယုံကြည်ပါဗျာ''

''အင်း .. စကားတော့ကောင်းပါတယ်။ လက်တွေ့ကတော့မလွယ်ပါဘူး။ ယုံလို့မဖြစ်ပါဘူး။ ကဲ .. သွားဦးမယ်ဗျာ''

ကြက်မင်းရဲ့ပြတ်သားတဲ့စကားကို တောင်စောင့်နတ်မင်းက အထူးချီးကျူးမိလိုက်ပါတယ်။

ကြက်မင်းရဲ့စိတ်ဓာတ်ကိုလည်း နတ်အပေါင်းကို သိစေလိုက်ပါတယ်။ ဒီလိုပါ ..

''အို .. နတ်အပေါင်းတို့ ဒီလောကမှာ မကောင်းသူနဲ့ အကျွမ်းမဝင်ရပါဘူး။ အကျွမ်းဝင်မိရင် ဘေးတွေ့ရတတ်ပါတယ် ဆိုတာပါပဲ''

ဒီစကားကို အားလုံး သာဓုခေါ်လိုက်ကြပါတယ်။

နတ်မင်းက ထပ်ဆင့်ပြီး တစ်ခါ ''အချင်းတို့ မုသားစကားပြောတတ်သူနဲ့ အကျွမ်းမဝင်ရာဘူး။ အကျိုးယုတ်သထက် ယုတ်တတ်ပါတယ်''

''မှန်ပါ''

''ဂုဏ်သရေမရှိဘဲ ရှိသယောင် သီလကြောင်နဲ့ ပေါင်းမိသွားရင် သွားရောပဲ''

''မှန်ပါ''

''နှုတ်ရေးနဲ့ စကားချိုချိုဆိုပြီး လက်တွေ့မပါသူနဲ့ မပေါင်းရာဘူး၊ အကျိုးမရှိရာဘူး''

''မှန်ပါ''

''မုန်းလွယ်၊ ချစ်လွယ်သူနဲ့ မပေါင်းရာဘူး။ ဘဝပျက်တတ်ပါတယ်''

''မှန်ပါ''

''မကောင်းမှုမှာ မွေ့လျော်သူနဲ့ မပေါင်းဖက်ရပါဘူး။ လေလွင့်ပျက်စီးရတတ်တယ်''

''မှန်ပါ''

''သတ္တဝါတွေအပေါ်မှာ ညှဉ်းဆဲသတ်ဖြတ်အခွင့်အရေးယူတတ်သူနဲ့ ပေါင်းမိပါက ကိုယ်ကျိုးနည်းတတ်တယ် မှတ်ထားကြ။ ရန်သူကို သတိထားကြ။ ဆင်ခြင်ကြ။ မုသားနဲ့ ပရိယာယ်ဝေဝုစ်သမားကို တွန်းလှန်ကြ၊ ဖယ်ရှားကြ''

တောင်စောင့် နတ်မင်းဟာ ကြက်မင်းရဲ့ အမြော်အမြင်စကားကို ချီးကျူးလိုက်ပါတယ်။

ပြီးမှ ခွန်ရဲရဲ့ စဉ်းလဲကောက်ကျစ်လုပ်ကြံမှုကို ဖွင့်ချပြလိုက်ပါတယ်။

ခုတော့လည်း အစာရေစာငတ်ပြီး ခွန်ရဲပြေးခဲ့ရပါတော့တယ်။

ဒါကြောင့် ခုတော့ အခွင့်အရေးမသာတော့တဲ့ ခွန်မင်းဟာ ဝေးရာကို ရှောင်ခွာသွားခဲ့ရပါတော့တယ်။ ကြက်အပေါင်းမှာ ဝမ်းသာပျော်ရွှင် သွားခဲ့ကြပါတယ်။

ခုတော့ မိုးလည်းမှန်ခဲ့ပါပြီ။

ရန်သူ့ဘေးဒဏ်လည်း ကင်းခဲ့ပါပြီ။

ခုတော့ သူတို့ကမ္ဘာ၊ သူတို့ရွာကို သူတို့ပိုင်ဆိုင်နိုင်ခဲ့ကြပါပြီ။

''ခွန်ရဲနဲ့တော့ တွေ့ကြဦးမယ်ကွာ .. တောက်''

ကြက်တစ်ကောင်က ဆိုလိုက်တော့ ခေါင်းဆောင်ကြက်မင်းက ခုလို ပြောလိုက်ပါတယ်။

''လဲသွားတဲ့ပြိုင်ဘက်ကို ဘယ်တော့မှ ထပ်မရိုက်ပါနဲ့။ (ဒါမှမဟုတ်) ပြန်လို့မတိုက်နိုင်တော့တဲ့ ဒုက္ခရောက်နေသူကို ဘယ်တော့မှ မတိုက်ခိုက်ပါနဲ့''

**ထွဏ်းအောင်ကျော်**

□



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com


အဘိုးက ဦးအောင်မြင့်ပါ.. အဘိုးကို ခေါ်မယ်ဆိုရင်တော့ အောင်မြင်မှုတွေ ရှိပြီး... ရောက်လာမှာပါကွယ်...
ဒီကြောင့် ကြိုက်တဲ့သူ ကိုသာ ငါ့မြေး ရွေးခဲ့ လေကွာ...
ဟုတ်ကဲ့.. ဒါဆိုလည်း ကျွန်တော် ဖိုးသားစွန်ရဲ့ တိုင်ပင် လိုက်ပါဦးမယ်..
အိမ်ပြန်ရောက်တော့ ရွှီးပြုံးမြသူက...
ကိုသိရယ်.. ကျွန်မတို့ မှာ ဆင်းရဲတော့ ဥစ္စာပစ္စည်း လိုတာပေါ့.. ဥစ္စာပစ္စည်း ပြည့်စုံမှုလည်း ကိုယ်နိုင်တန်နိုင် ကျေနပ်နိုင်မှာပေါ်...

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

စကားထာပဟေဠိ

# အဖြေညှိရအောင်

▪ဦးကောမိးထူး

ကလေးတို့ရေ . .

စကားထာပဟေဠိ အဖြေညှိဖို့ရာ အချိန်ကျရောက်လို့လာခဲ့ပြီပဲနော်။ အရင်လတွေတုန်းက ဖြေဆိုကြည့်တဲ့အခါ အဆင်ပြေကြပါရဲ့လား။ တကယ်တမ်း ဗဟုသုတလေ့လာလိုက်စားကြသူတွေဆိုရင် ဘာမျှ အခက်အခဲရှိမှာ မဟုတ်ပါဘူး။ သည်တော့ ကလေးတို့အနေနဲ့ ဗဟုသုတကြွယ်ဝကြရလေအောင် ပြင်ပစာပေတွေ လေ့လာဖတ်ရှုရမယ်။ မသိနားမလည်တာရှိရင် လူကြီးမိဘတွေ၊ ဆရာသမားတွေကို မေးမြန်းပြီး မှတ်သားထားဖို့လိုပါတယ်။ သည်လိုမျိုး အလေ့အကျင့်ကောင်းတွေ မွေးမြူထားမယ်ဆိုရင် ပညာရဲရင့် ပွဲလယ်တင့်ဆိုသလို ကလေးတို့အဖို့ ဘာဆိုဘာမျှ အခက်အခဲမရှိဘဲ အလွယ်တကူ ဖြစ်သွားပါလိမ့်မယ်။

ကိုင်း . . စကားထာဉာဏ်စမ်းကလေးတွေ စလိုက်ကြပါစို့ရဲ့ . .။

၁။ ဝမ်းနည်းလည်း ဓွေးဖြိုးရှာ
ဝမ်းသာတော့လည်း ရွှာသွန်းဖြိုး။
မျက်ဝန်းအိမ် ကမ်းရိုးတန်းမှာ
သွန်းရွာတဲ့ . . မိုး ။ ။

အဖြေ ။ ——————————။

၂။ အမှောင်ပယ်ခွင်း အလင်းဆောင်
အားလုံးချစ်တဲ့မောင်၊
အကျိုးဆောင်ရင်း သူ့ဘဝ
မီးလောင်ပြိုက်ခဲ့ရ ။ ။

အဖြေ ။ ——————————။

၃။ ပဲပြောင်းနှမ်းဝါ မစိုက်သာ
ယာတော့ ယာပဲကွာ၊
အဲသည်ယာကို ရှောင်ကာကွင်း
ခံတွင်းကောင်ဆာကာင်း ။

အဖြေ ။ ——————————။

၄။ ကိုယ့်ကိုယ်ကိုဖော် မသူတော်
သစ်ခေါင်းထဲမှာ ပျော်၊
သူနာမည်နော် ဘာတဲ့တုံး
စနေနံ နှစ်လုံး ။ ။

အဖြေ ။ ——————————။

၅။ 'ဇ'တွေထဲမှာ ထူးခြားစွာ
ဝတ်ဆင်မရပါ၊
အတတ်ပညာ လွှန်ထူးကဲ
ဘာလိုခေါ်သလဲ ။ ။

အဖြေ ။ ——————————။

၆။ ရပ်နီးရပ်ဝေး သွား-ပြန်သူ
ပေါင်းစုကြတူတူ၊
အဲသည်လူတွေ စုရပ်မြဲ
ဘယ်လို'ရှ'တဲ့လဲ ။ ။

အဖြေ ။ ——————————။

၇။ နွေဦးပေါက်မှာ အရောက်လာ
သူတွန်ကျူးတဲ့ခါ၊



www.burmeseclassic.com

www.burmeseclassic.com

ကြားရသူမှာ လွမ်းဆွတ်မြဲ
အဲဒါ ဘယ်ငှက်လဲ ။ ။
အဖြေ ။ ______________။

၈။ အရွယ်ရောက်သူ လူတိုင်းမှာ
မရှိမဖြစ်ပါ၊
ဘယ်ကိုလာလာ ဘယ်သွားသွား
သူ့ကိုဆောင်လို့ထား ။ ။
အဖြေ ။ ______________။

၉။ သစ်သားတွေကို ကိုက်စားတာ
တံစဉ်းကြမ်းပေါ့ကွာ၊
သူ့အမည်မှာ "လျှာ"ပါရဲ့
ဘာလဲဖြေပါကွဲ့ ။ ။
အဖြေ ။ ______________။

၁၀။ သူ့အမည်မှာ 'သစ်'ပါပေ
တောထဲမှာရှိနေ၊
ခုတ်လှဲဖို့လေ မတွေးနဲ့
အန္တရာယ်ကောင်ကွဲ့ ။ ။
အဖြေ ။ ______________။

၁၁။ ကောက်ညှင်းဆန်ကို ပေါင်းရှိသာ
ညက်အောင်ထောင်းရတာ၊
အပျဉ်လုပ်ကာ စားကြမြဲ
အဲဒါ ဘယ်မုန့်လဲ ။ ။
အဖြေ ။ ______________။

၁၂။ မြန်မာပြည်မှာ ပါတီတွေ
များလွန်းလှသလေ၊
အကြိုက်ညီပေ အားလုံးထဲ
ဘယ်ပါတီတဲ့လဲ ။ ။
အဖြေ ။ ______________။

၁၃။ တီးသံ,မှုတ်သံ မကြားသာ
အကလည်း မပါ၊
ပညာဆိုင်ရာ ဆုံးဖြတ်မြဲ
အဲဒါ ဘယ်လိုပွဲ ။ ။
အဖြေ ။ ______________။

၁၄။ ဆောင်းတွင်းကာလ ဝေလို့နေ
ရေခိုးရေငွေ့တွေ၊
အဆင်းဖြူပေ တဖွဲဖွဲ
ဘာလို့ခေါ်သလဲ ။ ။
အဖြေ ။ ______________။

၁၅။ ခြေဆန့်လို့လည်း မလျှောက်သာ
လမ်းမဟုတ်လို့ပါ၊
စာရေးဆရာ ဉာဏ်ကွန့်ထား
ဘယ်လမ်းတဲ့လဲဗျား ။ ။
အဖြေ ။ ______________။

ဦးကောင်းထူး

(အဖြေမှန်များကို စာအုပ်တစ်နေရာတွင် ဖော်ပြထားပါသည်။)

**Did you know**

## ရှေးအကျဆုံး သက်တမ်းရှည်သစ်ပင်

ကမ္ဘာပေါ်တွင် ရှေးအကျဆုံး သက်တမ်းရှည်သစ်ပင်ကြီးမှာ အမေရိကန်နိုင်ငံ၊ ကာလီဖိုးနီးယားပြည်နယ်တွင် ပေါက်ရောက်လျက်ရှိသော 'မီသူဆီလာ'အမည်ရှိ ထင်းရှူးပင်ကြီးဖြစ်ကာ သက်တမ်းငါးထောင်ခန့် ရှိပြီဖြစ်သည်။

[ I Know About စာအုပ်မှ • ]



www.burmeseclassic.com

www.burmeseclassic.com

# သူဌေးကလေး ဖောင်ဖောင်ကြွက်

■ အောင်ချစ်စိုး(လသာ)

မြို့တစ်မြို့၏ တစ်ခုသော နေ့ခင်းဖြစ်သည်။ ကုန်သည်ပွဲစားတစ်စုသည် သူတို့၏ရောင်းရေးဝယ်တာနှင့် ပတ်သက်ပြီး ကိုယ်ကျွမ်းကျင်ရာ လိမ္မာမှုကို ဝိုင်းဖွဲ့ဂုဏ်ယူ ပြောကြားနေကြသည်။ ကုန်သည်တစ်ဦးက သူ့ဘဝကို ဤသို့ ဂုဏ်ယူတင်ပြသည်။

ပစ္စည်းဥစ္စာ ကြွယ်ဝပြီး စီးပွားရေးလုပ်ငန်း လာဘ်မြင်သူတစ်ဦး ချမ်းသာလာတာကတော့ မထူးဆန်းလှဘူး ဆိုရမှာပေါ့။

တစ်ခါတုန်းက ကျုပ်ဟာ ငွေမရှိ၊ ကြေးမရှိတဲ့ ငမွဲတစ်ဦးပေါ့ဗျာ။ ဒါပေမယ့် ကံကောင်းတယ်ဆိုရမှာပေါ့။ ကျုပ်ကို မမွေးခင် အဖေက အရင်ဆုံးတယ်။ အမေ့ကို ဆွေမျိုးသားချင်းတွေက အနိုင်ကျင့်ပြီး ရှိတာ အကုန်ယူတယ်ပေါ့ဗျာ။

သူတို့ရန်ကို ကြောက်တာကတစ်မျိုး။ မမွေးသေးတဲ့ကလေး ဘေးကင်းအောင်တစ်သွယ်နဲ့ အမေးကို ထွက်ပြေးခဲ့ရတယ်။ ကျုပ်အဖေရဲ့ မိတ်ဆွေတစ်ဦးရဲ့ အိမ်မှာ နားခိုခွင့်ရခဲ့တယ်။ အဲဒီအိမ်မှာ အောက်ခြေသိမ်းအလုပ်တွေ လုပ်ရင်း ကျုပ်ကို အမေက လူဖြစ်အောင် မွေးမြူခဲ့တယ်။ အမေဟာ မရှိဆင်းရဲပေမယ့် ကျုပ်ကို ဆရာတစ်ယောက်ခေါ်ပြီး စာသင်စေတယ်။ အရေး အဖတ်၊ အတွက်အချက်တွေ တစ်စတစ်စ တတ်လာတယ်ဗျ။

"လူကလေး‥မင်းဟာ ကုန်သည်ပွဲစားတစ်ဦးရဲ့ သားဖြစ်တယ်။ အရောင်းအဝယ်လောကထဲ ဝင်ရမယ်။ ဒီဒေသမှာ 'ဝိသာစီလာ'ဆိုတဲ့ လူချမ်းသာ ကုန်သည်ကြီးရှိတယ်။ သူက ဆွေကြီးမျိုးကြီးထဲက ဒုက္ခရောက်နေသူတွေကို ကြေးနဲ့ သူ့ကုန်ပစ္စည်းတွေကို ရောင်းပေးတယ်။ ကဲ‥မင်းလည်း သူ့ဆီသွားပြီး အရောင်းအဝယ်လောကထဲရောက်အောင် အကူအညီတောင်း ကြိုးစားလုပ်ပေတော့"

အမေ့အားပေးတိုက်တွန်းမှုနဲ့ အဲဒီသူဌေးကြီးဆီကို ကျုပ်ရောက်သွားတယ်။ ကုန်သည်သားတချို့ကို ဝိသာစီလာ သူဌေးကြီးက ဒေါသပုန်ထပြီး ဆူပူကြိမ်းမောင်းပြောနေချိန်နဲ့ သွားတိုးနေတယ်။

"ဟောဒီကြမ်းပေါ်က ကြွက်သေတောင် ရောင်းတတ်၊ ဝယ်တတ်ရင် အရင်းအနှီးတစ်ခု ဖြစ်တာပဲ။ စွမ်းတဲ့လူဆိုရင် ကြွက်သေတစ်ခု အရင်းပြုပြီး ဝိုက်ဆံရှာနိုင်တာပေါ့။ မင်းတို့ကို ငွေကြေးများများစားစား ပေးပြီး ထောက်ပံ့တာတောင် မတိုးပွားတဲ့အပြင် အရင်းတောင်မပျောက်အောင် မလုပ်နိုင်ကြဘူး"

အဲဒီစကားကြားတာနဲ့ ဒေါသပွနေတဲ့ သူဌေးကြီးကို ခပ်သွက်သွက် ဖြတ်ပြောလိုက်တယ်။

"လူကြီးမင်းပေးတဲ့ ကြွေးအဖြစ် ဟောဒီကြွက်ကို ကျွန်တော်ယူပါမယ်"

ကြွက်သေကို ကောက်ယူပြီး သူဌေးကြီးရဲ့ လယ်ဂျာစာရင်းစာအုပ်မှာ ရေးသွင်းကာ ထွက်လာခဲ့တယ်။ ကျန်နေတဲ့လူတွေက ကျုပ်ကို လှောင်ပြောင်ရယ်မောခဲ့ကြတယ်။ နောက်တော့ ကုန်သည်တစ်ဦးရဲ့ ကြောင်စာအဖြစ် ကြွက်သေကို ပေးတယ်။ သူက ကုလားပဲလက်နှစ်ဖက်အပြည့် ပြန်ပေးတယ်။

ကုလားပဲစေ့ကို အမှုန့်ကြိတ်၊ ရေအေးကရား တစ်လုံးယူ၊ မြို့ပြင်လမ်းလေးခွရှိ သစ်ရိပ်ခိုပြီး ခြေကုန်လက်ပန်းကျပြန်လာတဲ့ ထင်းခုတ်သမားတစ်စုကို အမောပြေ ဒါနပြုကျွေးမွေးတယ်။ သူတို့က ကျေးဇူးတင်လွန်းလို့ တစ်ယောက်နှစ်ချောင်းကျ ကျုပ်ကို ထင်းတွေပေးတယ်။ အဲဒါတွေစုပြီး ဈေးတက်ရောင်းတယ်။ ရလာတဲ့ ငွေကြေးနဲ့ ပဲစေ့တွေဝယ်ပြီး နောက်ရက်တွေမှာလည်း အရင်အတိုင်း လုပ်တယ်။ ဒီလိုနဲ့ နေ့တိုင်း

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

လုပ်ရာက ငွေကြေးအရင်းအနှီး တဖြည်းဖြည်းစုမိလာတယ်။ ထင်းခုတ်သမားတွေဆီက သုံးရက်စာ ထင်းတွေ ဝယ်လှောင်တယ်။ ကံကောင်းချင်တော့ အဲဒီအချိန်မှာ မိုးကများ၊ ထင်းက ရှားလာတယ်။ ဒါနဲ့ နလှောင်ထားသမျှ ထင်းတွေရောင်းလိုက်တာ ငွေကြေးအမြတ်အစွန်း အတော်ရတယ်။ ဒီလိုနဲ့ ဆိုင်လေးတစ်ဆိုင်ဖွင့်ပြီး အရောင်းအဝယ်လုပ်ရာက လုပ်ငန်းကျွမ်းကျင်လာတာနဲ့အမျှ ကြီးပွားချမ်းသာလာတယ်။ သူဌေးဘဝရောက်တော့ ရွှေနဲ့ ကြွက်ရုပ်တစ်ကောင်လုပ်ပြီး သူဌေးကြီး 'ဝိလာစီလာ'ကို လက်ဆောင်ပေးတယ်။ ကျုပ်ရဲ့ လုပ်ရည်ကိုင်ရည် အဲဒီသဘောကျပြီး သူ့သမီးနဲ့ ကျုပ်ကို လက်ထပ်ပေးတယ်။ အဲဒီအချိန်ကစပြီး ကျုပ်ကို 'မောင်မောင်ကြွက်'လို့ ခေါ်ကြတယ်။ ကုန်းကောက်စရာမရှိတဲ့ဘဝက ဘုန်းတောက်လာတဲ့ မောင်ချမ်းသာဘဝရောက်လာတဲ့ ကျုပ်အကြောင်းပါပဲဗျာ။

ဤအဖြစ်အပျက်ကို ကြားသိပြီးနောက် အားလုံးသော သူဌေးကုန်သည်များ အံ့ဩတုန်လှုပ်သွားကြကုန်သည်။ သူတို့စိတ်မှာ လေထဲမှတစ်ဆင့် လူချမ်းသာ ပုံရိပ်ပါးပါးလေးက လွှမ်းမိုးသွားပေသည်။

**[ Mousey the Merchant by I.E.B. Gray (India tales) ]**

**အောင်ချစ်စိုး(လသာ)**

□

## ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ (၂)

ဖော်ပြထားသည့် A, B, C, D နှင့် E စက်ဝိုင်းတို့တွင် တခြားစက်ဝိုင်းများနှင့် မတူကွဲပြားခြားနားနေသည့် စက်ဝိုင်းတစ်ခုကို ရွေးထုတ်ပေးပါ။


| A | B | C | D | E |
|---|---|---|---|---|
| 144 | 361 | 576 | 256 | 288 |

[အဖြေမှန်သူကို ဆုအဖြစ် ဆုငွေ ၁၅၀၀ ကျပ်နှင့်အတူ Oxford Learner's Pocket Dictionary 2005 နှင့် ရတနာပန်းခင်းရုပ်စုံမဂ္ဂဇင်းတစ်အုပ်ဆုချီးမြှင့်မည်ဖြစ်ပါသည်။ အဖြေမှန်သူတစ်ယောက်ထက်များနေပါက အဖြေမှန်သူများထဲမှ တစ်ဦးကို မဲစနစ်ဖြင့် ရွေးချယ်ကာ ဆုချီးမြှင့်ပါမည်။ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းသူ၊ ကျောင်းသားများသာ ပါဝင်ယှဉ်ပြိုင်ခွင့်ရှိပါသည်။ ဖော်ပြပေးထားသည့် ပြိုင်ပွဲစင်ပုံစံဖြင့်သာ ပါဝင်ယှဉ်ပြိုင်ခွင့်ပြုပါမည်။ ပြိုင်ပွဲအဖြေလွှာများကို **ရတနာပန်းခင်းရုပ်စုံမဂ္ဂဇင်းတိုက်၊ အမှတ် ၈၀(A)၊ အပေါ်ဆုံးထပ်၊ ၁၂၄ လမ်း၊ သပြေကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့**သို့ လိပ်မူ၍ ၁-၂-၂၀၁၆ ရက်နေ့အရောက်ပေးပို့ရပါမည်။ ပြိုင်ပွဲဝင်ပုံစံကို စာအုပ်အနောက်ဘက်စာမျက်နှာတွင် ဖော်ပြပေးထားပါသည်။]



www.burmeseclassic.com

www.burmeseclassic.com



# ကလေးဟာသများ

ကျော်မြင့်အေး

## ကောင်းလိုက်တဲ့အဖြေ

သိပ္ပံဘာသာသင်ကြားသောအချိန်တွင် • •

ဆရာမ ။ ။ တကယ်လို့များ ကမ္ဘာကြီးမှာ လေထုလွှာလုံးဝမရှိတဲ့အခါ ဆရာမတို့က ဘာကြောင့် ဥက္ကာပျံတွေကို မမြင်ကြရတာလဲ။

ကျောင်းသားများ ။ ။ ကျွန်တော်/ကျွန်မတို့အားလုံး သေကုန်ကြလို့ပါ။

## တစ်ယောက်နှင့်တစ်ယောက် လေးစားမှု

ဒုတိယအတန်းတွင် ဖြစ်သည်။

ဆရာ ။ ။ တပည့်တို့ တစ်ယောက်နဲ့တစ်ယောက် လေးစားမှုကို ဘယ်လိုပြရင်ရမလဲ။ ဖြေကြစမ်းပါဦး။

တပည့်တစ်ယောက် ။ ။ ကျွန်တော့်မှာ အသားတုံးတစ်တုံးရှိလို့ အဲဒီအသားကို လျှာနဲ့လျက်ထားပြီးပြီဆိုရင် အခြားလူကို မပေးသင့်ပါဘူး။ အဲဒါက တစ်ယောက်ကိုတစ်ယောက် လေးစားမှုပါပဲ။

## သတိပေးပုံက

ကလေးများသည် လူမှုရေးသင်ခန်းစာအတွက် စီမံကိန်းပုံကို ရေးဆွဲနေကြရာ အချို့က ကြမ်းပြင်ပေါ်တွင် ရေးဆွဲကြသည်။ ကြမ်းပြင်ပေါ်တွင် ရေးဆွဲထားသည့်ပုံပေါ် တစ်စုံတစ်ယောက် အမှတ်တမဲ့ နင်းမိမည်စိုးသောကြောင့် ကျွန်တော်က ကျောင်းသားတစ်ယောက်ကို သတိထားဖို့ ပြောလိုက်သည်။

မိနစ်အနည်းငယ်ကြာသောအခါ ကြမ်းပြင်ပေါ်တွင် စာရွက်တစ်ရွက် ချထားသည်ကို တွေ့လိုက်ရလေ၏။ ၎င်းမှာ ဆော့ပင်ဖြင့် စာလုံးကြီးကြီးရေးထားသည့် "သတိပြုပါ"ဟူသော စာတန်းပင် ဖြစ်လေတော့သည်။

## မျက်မှန်ရဲ့အသုံးဝင်မှု

မိန်းကလေးတစ်ယောက် အင်္ဂလိပ်စာဘာသာရပ် ဖြေဆိုပြီးသောအခါ သူမ၏ မျက်မှန်ကိုချွတ်ပြီး သင်္ချာမေးခွန်းများကို စတင်ဖြေဆိုလေတော့၏။

"သမီး ဘာဖြစ်လို့ မျက်မှန်ချွတ်လိုက်ရတာလဲ" ဟု ဆရာမက မေးသည်။

သူမက "သမီးရဲ့မျက်မှန်က စာဖတ်ဖို့အတွက်ပါ၊ သင်္ချာတွက်ဖို့မဟုတ်ပါဘူး" ဟု ပြန်ဖြေလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com

## ကိုလံဘတ်(စ)ရဲ့ သင်္ဘောတစ်စင်း

ကျွန်မသည် တတိယတန်းကျောင်းသားကျောင်းသူများကို ခရစ်စတိုဖာကိုလံဘတ်(စ)၏ သင်္ဘောသုံးစင်းထဲက တစ်စင်းပုံကို ရေးဆွဲဖို့ အလုပ်ပေးလိုက်သည်။ ကျွန်မသည် စားပွဲခုံတွင် ထိုင်လိုက်ပြီး မကြာခင်မှာပင် ကျောင်းသားတစ်ယောက် စာရွက်တစ်ရွက်ကိုင်၍ ရောက်လာ၏။ စာရွက်ကိုကြည့်လိုက်ရာ စာရွက်၏အလယ်တွင် အစက်ကလေးတစ်စက်ကို တွေ့လိုက်ရသည်။

"အဲဒါဘာလဲ" ကျွန်မက မေး၏။

ကျောင်းသားလေးက ပြန်ဖြေသည်။ "အဲဒါ ကိုလံဘတ်(စ)ရဲ့ သင်္ဘောတစ်စင်းလေ။ ပင်လယ်ထဲမှာ ရွက်လွှင့်နေတာပေါ့"

---

## ကြေးမုံပြင်ပေါ်က နှုတ်ခမ်းနီ

ဖိလ်ဒဲဖီးယား ... 

ဖိရှင်တန်မြို့ရှိ ပုဂ္ဂလိက ကျောင်းတစ်ကျောင်းတွင် ပြဿနာကြီးတစ်ခုနှင့် ကြုံတွေ့နေရပါသည်။ အသက် ၁၂ နှစ်အရွယ် အလယ်တန်းကျောင်းသူများမှာ နှုတ်ခမ်းနီကို အသုံးပြုလာကြပြီး သန့်စင်ခန်းတွင် နှုတ်ခမ်းနီဆိုးကြ၏။

ယင်းအပြုအမူက ကောင်းသော်လည်း နှုတ်ခမ်းနီဆိုးပြီးနောက်တွင် သန့်စင်ခန်းရှိ ကြေးမုံပြင်တွင် နှုတ်ခမ်းနီရာများကို ချန်ထားတတ်လာကြသည်။ ညစဉ်ညတိုင်း ကျောင်းစောင့်မှာ ၎င်းတို့ကို ဖယ်ရှားရှင်းလင်းလည်း နောက်တစ်နေ့တွင် မိန်းကလေးများက ပြန်ပြီးထားရစ်ခဲ့ပြန်သည်။

နောက်ဆုံးတွင် ကျောင်းအုပ်ဆရာမမှာ တစ်ခုခုတော့ လုပ်ဖြစ်မည်ဟု ဆုံးဖြတ်လိုက်သည်။ သူမက မိန်းကလေးများကို သန့်စင်ခန်းထဲခေါ်သွား၍ ကျောင်းစောင့်နှင့် တွေ့မေးလိုက်၏။ ဆရာမက ထိုနှုတ်ခမ်းနီရာများမှာ ညတိုင်း ကြေးမုံပြင်ကို သန့်ရှင်းရသော ကျောင်းစောင့်အတွက် အဓိကပြဿနာကြီးဖြစ်နေသည်ဟု ရှင်းပြလိုက်သည်။ ထိုသို့ သန့်ရှင်းရာတွင် မည်မျှခက်ခဲသည်ဆိုတာကို ကျောင်းသူများရှေ့ ပြသဖို့ ဆရာမက ကျောင်းစောင့်ကိုခိုင်းလိုက်သည်။ ကျောင်းစောင့်က တံမြက်စည်းတစ်ချောင်းကိုထုတ်၍ အိမ်သာခွက်ထဲရှိ ရေထဲသို့ နှစ်လိုက်ကာ ကြေးမုံပြင်ကို သုတ်လှည်းသန့်ရှင်းပြလိုက်လေသည်။

ထိုအချိန်မှစ၍ သန့်စင်ခန်းထဲရှိ မည်သည့်ကြေးမုံပြင်ပေါ်မှာမှ နှုတ်ခမ်းနီရာများကို မတွေ့တော့ပါလေ။

ကျော်မြင့်အေး

□

## Did you know?

### လပေါ် ပထမဆုံးလမ်းလျှောက်ခဲ့သူ

အမေရိကန်အာကာသသူရဲကောင်း နီးလ်အမ်စထရောင်း Neil Armstrong သည် ၁၉၆၉ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်နေ့တွင် လပေါ်၌ ပထမဦးဆုံး လမ်းလျှောက်ပြခဲ့သည်။

[ Encyclopedia of Questions and Answers စာအုပ်မှ - ]



www.burmeseclassic.com

www.burmeseclassic.com



# စားသုံးသမှု သတိပြု

ကေမင်းညို

□ ကျောင်းမုန့်ဈေးတန်း ချေဖန်းခံ
ရောင်းတဲ့မုန့်တွေစုံ။

□ အမှိုက်ဖုန်ကင်း စားဖွယ်များ
ရွေးချယ်ကြစို့လား။

□ ယင်ကောင်နားတဲ့ အသုပ်ဆို
မစားကြဖို့လို။

□ စိမ်း,ပြာ,နီ,ညို မာတုဆေး
ခြယ်သထားရင် ဝေးဝေးပြေး။

□ အန္တရာယ်ဘေးကင်းစေရာ
ရက်လွန်မုန့်ဆို ရှောင်ကြပါ။

□ ရန်ဘေးဘယာ ဝေးကွာမှ
သက်ရှည်ကျန်းမာ ပျော်ရွှင်ရ
သားသား၊ မီးမီး မှတ်ထားကြ
ဆင်ခြင်စားသုံးရမယ်ဗျ။ ။

□



www.burmeseclassic.com

www.burmeseclassic.com

# လူငယ်နှင့် ကျန်းမာကြံ့ခိုင်ရေး

■ မောင်ဝင်းဟာန်

ကျွန်ုပ်တို့၏ခန္ဓာကိုယ်ကို သန်းပေါင်းများစွာသော ကလာပ်စည်းလေးများဖြင့် တည်ဆောက်ထားခြင်းဖြစ်သည်။ ယင်းကလာပ်စည်းကလေးများသည် ကျွန်ုပ်တို့ စားသုံးလိုက်သော အစားအစာများကို လောင်ကျွမ်းခြင်းမှတစ်ဆင့် 'ခွန်အား'ကိုရရှိသည်။ ကလာပ်စည်းကလေးများသည် ပျက်သွားသော ကလာပ်စည်းလေးများကို ပြုပြင်ရန်နှင့် ကလာပ်စည်းသစ်များတည်ဆောက်ရန် လောင်စာ အစဉ်လိုအပ်သည်။ ကျွန်ုပ်တို့စားသုံးလိုက်သော အစားအစာများမှာ ဝင်စပ်တွင် အသက်ရှင်ရန်နှင့် လှုပ်ရှားမြဲသွားနိုင်ရန် လောင်စာများပင်ဖြစ်သည်။

အစားအစာတစ်မျိုးတည်းတွင် လူ့ခန္ဓာကိုယ်အတွက် လိုအပ်သောအာဟာရ အစုံအလင်မပါဝင်နိုင်ချေ။ ထို့ကြောင့် အာဟာရပြည့်လောက်အောင် အစားအစာမျိုးစုံ စားသောက်ရန်လိုအပ်သည်။ အကယ်၍ ခင်သည့် အစားအသောက်တစ်မျိုးတည်းကိုသာ အစဉ်စားသောက်နေပါက မကျန်းမမာဖြစ်လာနိုင်သည်။ လိုအပ်သော အာဟာရအစုံအလင်မရသောကြောင့်ပင်ဖြစ်သည်။ အာဟာရအစုံအလင်ရရှိစေရန် အောက်ပါအုပ်စုလေးစုတွင် ပါဝင်သော အစားအစာများကို နေ့စဉ်စားသောက်ပေးရန် လိုအပ်သည်။

၁။ နို့အုပ်စု
နို့ ဒေါယာ၊ ဒိန်ခဲ..စသည်။

၂။ အသားအုပ်စု
အသားမျိုးစုံ၊ ငါး၊ ပုစွန်၊ မြေပဲနှင့် ပဲအမျိုးမျိုး

၃။ ထမင်းအုပ်စု
ဆန်၊ ဂျုံ၊ ပြောင်း၊ လူး၊ ခုတ်..စသည်

၄။ အသီးအရွက်အုပ်စု
လတ်ဆတ်သော သစ်သီးဝလံများနှင့် ဟင်းသီးဟင်းရွက်မျိုးစုံ။

ကျွန်ုပ်တို့ အဘယ့်ကြောင့် အိပ်စက်ရကြောင်းကိုမူ မည်သူမျှ တိတိကျကျ မသိသေးချေ။ သိပ္ပံပညာရှင်အများစုက "ကျွန်ုပ်တို့၏ခန္ဓာကိုယ်သည် အိပ်စက်နေစဉ်ကာလအတွင်း တစ်နေ့တာပြုပြင်ပြီးခဲ့ရသည့်လုပ်ငန်းများကို လုပ်ဆောင်သည်"ဟု ယူဆကြသည်။ အချို့သော သိပ္ပံပညာရှင်များကမူ "ကျွန်ုပ်တို့အိပ်စက်ရခြင်းမှာ ကျွန်ုပ်တို့၏ဦးနှောက်သည် နိုးကြားနေစဉ် ရရှိသော အချက်အလက်အသေးစိတ်များကို စနစ်တကျ သိုလှောင်သိမ်းဆည်းရန်ဖြစ်သည်"ဟု ယူဆကြသည်။ ထို့အပြင် သိပ္ပံပညာရှင်အားလုံးက "လူတစ်ယောက်သည် ကျန်းမာရေးအတွက် အိပ်ချိန် လုံလုံလောက်လောက်လိုအပ်ကြောင်း"ကိုမူ တညီတညွတ်တည်း သဘောတူကြသည်။ လူတစ်ဦးတစ်ယောက်သည် အိပ်ရေးပျက်ပါက အလွယ်တကူမောပန်းခြင်း၊ စိတ်တိုခြင်း၊ စိတ်ပျက်လွယ်ခြင်း၊ အာရုံစူးစိုက်၍မရခြင်း စသည့်တို့ဖြစ်လေ့ရှိသည်။

လူတစ်ဦးနှင့်တစ်ဦး အိပ်ချိန်လိုအပ်မှု အတိုင်းအတာချင်း မတူချေ။ ယေဘုယျအားဖြင့် လူငယ်လူရွယ်တစ်ဦးသည် အိပ်ချိန် ရှစ်နာရီမှ ၁၀ နာရီအထိ လိုအပ်သည်။ အရွယ်ရောက်ပြီးသူများမှာမူ အိပ်ချိန် ရှစ်နာရီခန့် လိုအပ်သည်ဟု ယူဆကြသည်။

ခဏတစ်ဖြုတ် မှေးစက်အနားယူခြင်းသည်လည်း ကျန်းမာရေးအတွက် ကောင်းသည်ဟုဆိုကြသည်။ သိပ္ပံပညာရှင် သောမတ်စ်အက်ဒီဆင်၊ ဝန်ကြီးချုပ် ဝင်စတန်ချာချီ စသော ပုဂ္ဂိုလ်ကြီးများသည် နေ့လယ်ပိုင်းတွင် ခဏတစ်ဖြုတ် မှေးစက်အနားယူတတ်ကြသည်။ ဤသို့ဖြင့် ပြန်လည်နိုးကြားလာသောအချိန်တွင် အလုပ်လုပ်ရန် ပိုမိုအားပြည့်နေသည်ဟုဆိုသည်။

အပြေးသမားများ၊ ဘောလုံးသမားများ၊ စက်ဘီးစီးသမားများ စသော တယင်တယန်း ကိုယ်လက်လှုပ်ရှား



www.burmeseclassic.com

www.burmeseclassic.com

သော အားကစားသမားများအဖို့ အာဟာရပြည့်ပြည့်စားသောက်ရန်၊ လုံလုံလောက်လောက်အိပ်စက်ရန်နှင့် ပြင်းပြင်းထန်ထန်လေ့ကျင့်ရန် လိုအပ်သည်။ တစ်နည်းအားဖြင့် အစား၊ ကစားနှင့် အအိပ်တို့ ဘက်ညီဖို့ လိုအပ်သည်။ အားကစားသမားများသည် ပြိုင်ပွဲဝင်ရန် လေ့ကျင့်ကွင်းဆင်းနေသော ကာလတွင် အထက်ပါ အစား၊ ကစားနှင့် အအိပ်တို့ကို အထူးဂရုစိုက်ကြရသည်။ ယင်းတို့ကို စည်းကမ်းအတိုင်း တစ်သဝေမတိမ်း တိကျစွာ လိုက်နာကြရသည်။

ဘဝတစ်လျှောက်လုံး ကျန်းမာကြံ့ခိုင်လိုသော လူတစ်ဦးအဖို့ လူငယ်ဘဝမှပင်စတင်၍ အစား၊ ကစားနှင့် အအိပ်တို့ကို နေ့စဉ် ဂရုစိုက်ကြရမည်ဖြစ်ပေသည်။ တစ်နည်းအားဖြင့် နေ့စဉ် ကွင်းဆင်းနေသည့်ပမာ ကျင့်သုံးကြရမည်ဖြစ်သည်။ ဤသို့ ကျင့်သုံးခြင်းအားဖြင့် ဘဝတစ်လျှောက်လုံး ကျန်းမာကြံ့ခိုင်မှုကို ပိုင်ဆိုင်နိုင်မည်ဖြစ်ပါသတည်း။


[ **Boys Life** စာစောင်မှ **Eat Right, Sleep Tight.** ]

**မောင်ဝင်းဟန်**

□

## ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ [၄]

**မေးခွန်းသင်္ကေတနေရာ၌ လိုနေသော ကိန်းကို ဖြည့်ပါ။**




[အဖြေမှန်သူကို ဆုအဖြစ် ဆုငွေ ၁၅၀၀ ကျပ်နှင့်အတူ Oxford Learner's Pocket Dictionary 2005 နှင့် ရတနာပန်းခင်းရုပ်စုံမဂ္ဂဇင်းတစ်အုပ်စီချီးမြှင့်မည်ဖြစ်ပါသည်။ အဖြေမှန်သူတစ်ယောက်ထက်များနေပါက အဖြေမှန်သူများထဲမှ တစ်ဦးကို မဲစနစ်ဖြင့် ရွေးချယ်ကာ ဆုချီးမြှင့်ပါမည်။ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းသူ၊ ကျောင်းသားများသာ ပါဝင်ယှဉ်ပြိုင်ခွင့်ရှိပါသည်။ ဖော်ပြပေးထားသည့် ပြိုင်ပွဲဝင်ပုံစံဖြင့်သာ ပါဝင်ယှဉ်ပြိုင်ခွင့်ပြုပါမည်။ ပြိုင်ပွဲအဖြေလွှာများကို **ရတနာပန်းခင်းရုပ်စုံမဂ္ဂဇင်းတိုက်၊ အမှတ် ၈၀(A)၊ အပေါ်ဆုံးထပ်၊ ၁၂၄ လမ်း၊ သပြေကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့**သို့ လိပ်မူ၍ ၁-၂-၂၀၁၆ ရက်နေ့အရောက်ပေးပို့ရပါမည်။ ပြိုင်ပွဲဝင်ပုံစံကို စာအုပ်အနောက်ဘက်စာမျက်နှာတွင် ဖော်ပြပေးထားပါသည်။]



www.burmeseclassic.com

www.burmeseclassic.com



# ဖေဖေနောင်တ သားနောင်တ

● ချစ်မှုန်းငြိမ်း

"ကျွီ . . ဝုန်း . ."

"ဘာတွေဖြစ်ကုန်ပြီလဲဟ"

လှမ်းကြည့်လိုက်တော့ ယခုမှ ရပ်သွားဟန်တူသော အုတ်သဲတင်သော ကားတစ်စင်း။ ကားနောက်နားမှာ တစ်စစီကျိုးပဲ့နေသော ဆိုင်ကယ်။ ခပ်လှမ်းလှမ်းမှာတော့ ဆယ့်လေးငါးနှစ်အရွယ်လောက်ရှိသည့် ကောင်လေးတစ်ယောက်၊ ပက်လက်အနေအထားနှင့် ရုပ်ပျက်ဆင်းပျက် ဖြစ်နေသည်။ ကတ္တရာလမ်းပေါ်မှာ သွေးတွေက မြင်မကောင်း၊ ရှုမကောင်း။

"ပွဲချင်းပြီးပဲဟေ့"

ဘေးနားမှ လူကြီးတစ်ဦးက မှတ်ချက်ချသည်။

"ဒီအရွယ်လေးကို မိဘတွေက ပေးမစီးသင့်ပါဘူး"

နောက်တစ်ယောက်က ဝင်ပြော၏။

"သားသမီးငယ်ငယ်ရွယ်ရွယ်ကို မော်တော်ဆိုင်ကယ် ဝယ်ပေးတာ ကိုယ့်သားသမီးကိုယ်သတ်တာနဲ့ အတူတူပဲ"

မိန်းမကြီးတစ်ယောက်က အပြစ်တင်သံနှင့် ပြောပြန်သည်။ မော်တော်ယာဉ်ရဲများ ရောက်လာကြသည်။ ကောင်လေး၏အလောင်းကို အနေအထားအမျိုးမျိုးမှ ဓာတ်ပုံရိုက်နေကြသည်။ အုတ်သဲကျောက်ကားမှ ယာဉ်မောင်းက . .

"ကျွန်တော်တိုက်တာ မဟုတ်ပါဘူး။ ကျွန်တော့်ကားဘေးကို အရှိန်နဲ့ လာတိုက်တာပါခင်ဗျာ"

အသံက တုန်ယင်လွန်းလှသည်။ ထိုစဉ် လူနာတင်ယာဉ်တစ်စင်း ထိုးဆိုက်လာ၏။ လမ်းတစ်ဖက်မှ အဘွားအိုတစ်ဦးနှင့် အသက်လေးဆယ်ခန့် အမျိုးသမီးတစ်ဦးတို့သည် အပြေးအလွှားလာနေကြသည်။ နှစ်ယောက်စလုံးမှာ ရင်ဘတ်ပေါ် လက်ကလေးများ ဖိထားကြသည်။ လမ်းပေါ်တွင် သေဆုံးနေသော ကောင်လေးနားသို့ ရောက်သည်နှင့် . .

"အမေရေ . . သားလေးမှ သားလေးအစစ်ပဲ အမေရေ။ ဘယ်လိုဖြစ်ကုန်ကြပြီလဲ။ အဖြစ်ဆိုးလှချည်လားသားရယ်။ အမေဘယ်လိုဖြေရတော့မှာလဲ . . ဟင်"

ပြောပြောငိုငိုဖြင့် ကောင်လေး၏အမေဖြစ်သူမှာ မေ့မြောသွားသည်။ အဘွားအိုမှာ ခံနိုင်ရည်ရှိဟန်တူ၏။ တရှုံ့ရှုံ့ ငိုနေရုံမှအပ ရုပ်ပျက်ဆင်းပျက် မဖြစ်။


တုန်လှုပ်စရာမြင်ကွင်းကို စိတ်ဝင်စားနေရာမှ တစ်ဖန် ပတ်ဝန်းကျင်ကို သတိထားကြည့်မိပြန်သည်။ ဝိုင်းကြည့်နေသည့် လူအုပ်မှာ မနည်းလှ။ ပြည်သူ့ရဲများက ရှင်းလင်းနေရသည်။ မေ့နေသော အမျိုးသမီးနှင့် သူ၏မိခင်ထံ စိတ်က ရောက်သွားသည်။

"ဟာ . . မေ့လဲနေတာ ငါ့မေမေပါလား။ ဘွားဘွားကလည်း ငိုလို့။ ဘာတွေဖြစ်ကုန်ကြပြီလဲ။ ဟော . . မေမေ့ကို လူနာတင်ယာဉ်ပေါ် တင်နေကြပြီ။ ဘွားဘွားက အပေါက်ဝမှာရပ်လို့။ သေဆုံးနေတဲ့ ကောင်လေးကိုလည်း မ,တင်နေကြပြီ။ ကောင်လေးဝတ်ထားတဲ့အဝတ်အစားတွေက ငါနဲ့ဆင်တူ ဖြစ်နေပါလား။ မဟုတ်သေးပါဘူး။ ကောင်လေးရဲ့ရုပ်ကလည်း ငါနဲ့ တစ်ထေရာတည်းပဲ။ ဒါဆို အဲဒီကောင်လေးက ဘယ်သူလဲ၊ ငါကရော . ."

အဘွားအို လူနာတင်ယာဉ်ပေါ်သို့ တက်ပြီးသောအခါ ယာဉ်နောက်လိုက်ပါတက်၍ တံခါးကို ပိတ်လိုက်သည်။ ထို့နောက် ဆူညံသောအသံကိုပြု၍ လူနာတင်ယာဉ် ထွက်ခွာသွားသည်။

"မေမေက သေနေတဲ့ကောင်လေးကို သားတဲ့။ ဘွားဘွားကလည်း ဖြစ်မှဖြစ်ရလေ မြေးရယ်တဲ့။ ဒါဆို ဘွားဘွား သားလည်းလိုက်ခဲ့မယ်။ မေမေရေ . . သား

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ကိုခေါ်ပါဦး''

ဆေးရုံသို့ရောက်လာချိန်တွင် ကားပေါ်တွင် ထိုင်လိုက်မလာရဘဲ မိမိပါ ဆေးရုံသို့ရောက်နေသည်ကို သတိထားမိသည်။ ဘွားဘွားကားပေါ်မှအဆင်းတွင် ဘွားဘွား၏လက်ကို ပြေး၍ကိုင်လိုက်သည်။

"အား . . ကိုင်လို့မရပါလား"

လေကို ဖမ်းဆုပ်ယူလိုက်သကဲ့သို့ ဖြစ်နေ၏။

"ဘယ်လိုဖြစ်တာပါလိမ့်။ ဟော . . ဟိုမှာ မေမေ သတိရလာပြီ။ မေမေ့ဆီသွားဦးမှ''

ကားပေါ်မှ ဆင်းလာသော မေမေ့ကို ပြေး၍ဖက်လိုက်သည်။ လေထဲမှာ လက်နှစ်ဖက်ဝိုင်းကာ ထိမိသွားသည်။ ဖက်၍ကားမရ။ လေထဲမှ မီးခိုးငွေ့ရုပ်ကို ကိုင်ကြည့်သကဲ့သို့ ဖြစ်နေသည်။

"ကြည့်ဖူးတဲ့ ဗွီဒီယိုကားတွေထဲကလို ဘွားဘွား ပြောပြဖူးတဲ့ ပုံပြင်ဇာတ်လမ်းတွေထဲကလို ဖြစ်နေပြီလား။ ဒါဆို ငါဟာ . . ဟုတ်ပါပြီ၊ သေနေတဲ့ကောင်လေးဟာ ဟိုတက်ဘဝဟောင်းက ငါပေါ့။ ခု ငါက ဘဝသစ်တစ်ခုမှာ . . စဉ်းစားစမ်း . . စဉ်းစားစမ်း''

× × ×

"ဟဲ့ . . မျိုးမြင့်၊ ကလေးကို ဘာကြောင့် ဆိုင်ကယ်စီးသင်ပေးရမှာလဲ။ အသက်လည်း ပြည့်သေးတာ မဟုတ်ဘူး။ ခုမှ ဆယ့်လေးနှစ်ရှိသေးတယ်။ အန္တရာယ်များလှသကွယ်''

"အမေတို့က စိုးရိမ်တတ်ရန်ကော။ ကျွန်တော် နောက်ကထိုင်ပြီး လိုက်မှာပါ။ အတတ်ပညာဆိုတာ တတ်ထားရင် ကောင်းတာပေါ့။ သားကို တစ်ယောက်တည်း ပေးမစီးပါဘူး။ စိတ်ချစမ်းပါ အမေရာ''

"မဟုတ်ဘူးလေကွယ်။ ဒီအရွယ်ဆိုတာ သိပ်ပြီး လက်တည့်စမ်းချင်ကြတာ မဟုတ်လား။ မတော်တဆဆိုတာ ပြောလို့ရတာမဟုတ်ဘူးဟဲ့။ မင်းတို့ခေတ်နဲ့ မင်းတို့ဆိုတော့လည်း ငါဘာမှ မပြောချင်ပါဘူး။ ကောင်းတယ်ထင်ရင် လုပ်ကြပေါ့''

× × ×

ဖေဖေက ဆိုင်ကယ်နောက်မှာ ထိုင်သည်။ မိမိကို ရှေ့မှာ ထိုင်ခိုင်းထားသည်။ ပါးစပ်က စက်၊ ဂီယာ၊ လီဗာ၊ ဘရိတ်၊ အချက်ပြမီး၊ လမ်းစည်းကမ်းအကြောင်းတို့ကို တတွတ်တွတ် ပြောပြနေသည်။ တစ်နာရီလောက်အတွင်းမှာ ဆိုင်ကယ်မောင်းတတ်သွားပြီ။ ဖေဖေ ထိန်းပေးစရာပင် မလိုတော့။ နောက်မှာထိုင်နေရုံသာ ရှိသည်။ အိမ်ပြန်ရောက်သောအခါ . .

"ကဲ . . သားကို ဆိုင်ကယ်စီးတတ်အောင် သင်ပေးထားပြီးပြီ။ ဒါပေမယ့် ဆယ့်ရှစ်နှစ်မပြည့်မချင်း မစီးရဘူးနော်။ သားဟာ ခုမောင်းတတ်ရုံပဲ ရှိသေးတယ်။ ယာဉ်မောင်းလိုင်စင် မရှိသေးဘူး။ ဆိုင်ကယ်ကို ထိန်းသိမ်းနိုင်တဲ့ အင်အားလည်း မရှိသေးဘူး။ တကယ်လို့ စီးချင်တယ်ဆိုရင် ဖေဖေ့ကိုပြောပါ။ လူရှင်းတဲ့နေရာမှာ ဖေဖေကိုယ်တိုင် လိုက်ပြီးမောင်းခွင့်ပြုမယ်၊ ဟုတ်ပြီလား''

"ဟုတ်ကဲ့''

ဖေဖေ့ကို ဟုတ်ကဲ့လိုက်ရသော်လည်း ဆိုင်ကယ်ကို လွတ်လွတ်လပ်လပ် မောင်းကြည့်ချင်စိတ်ကရင်ထဲမှာ ထိန်းမနိုင် သိမ်းမရတော့။ စိတ်ကူးထဲမှာ စီးကြည့်သည်။ အိပ်မက်ထဲမှာ စီးရသည်။ မျက်နှာကို တိုးဝှေ့ကျီစယ်သွားသော လေပြင်းများ။ ယာဉ်များ၊ လူများကို ကွေ့ဝိုက်ကျော်တက်သွားရသော စိတ်ခံစားမှုများ။ ဘယ်လောက်ပျော်စရာကောင်းလိုက်မည်နည်း။

× × ×

ဒီနေ့မနက်မှာ မျှော်လင့်ချက်များ ပြည့်ပေတော့မည်။ ဖေဖေက မင်္ဂလာဆောင်တစ်ခုသွား၏။ နေ့လယ်မှ ပြန်ရောက်မည်ဟု ပြောသွားသည်။ မေမေက အိမ်နောက်ဖေးမှာ ချက်ပြုတ်နေ၏။ ဘွားဘွားက ဘုရားခန်းထဲမှာ။

နံရံမှာ ချိတ်ထားသော ဆိုင်ကယ်သော့ကိုဖြုတ်၍ အိမ်ပေါ်မှ ဆင်းလိုက်သည်။ ဆိုင်ကယ်ဆီရောက်တော့ သော့တပ်ကာ စက်မနှိုးသေးဘဲ လမ်းပေါ်သို့ တွန်းယူခဲ့သည်။ အိမ်နှင့် ခပ်လှမ်းလှမ်းရောက်မှ ဆိုင်ကယ်ပေါ်အကျအနထိုင်ပြီး စက်နှိုးလိုက်သည်။ လီဗာကို တစ်ချက်၊ နှစ်ချက် ပုတ်လိုက်သည်။ တဖြဲဖြဲအသံကြောင့် လမ်းထဲမှ ကောင်မလေးနှစ်ယောက်က လှည့်ကြည့်သွား၏။ နောက်မှာတော့ ဖေဖေသင်ပေးထားသည့်အတိုင်း မောင်းထွက်ခဲ့သည်။ မိမိတို့ လမ်းဆုံရှေ့ရှင်



www.burmeseclassic.com

www.burmeseclassic.com

လမ်းကျယ်တစ်ခုကို ဖြတ်ရမည်။ လမ်းမ၏ ဟိုမှာဘက်တွင် ညီညာဖြောင့်တန်းသော ကတ္တရာလမ်းရှိသည်။ လူသွားလူလာ ရှင်းသည်။ ကားအသွားအလာနည်းသည်။

လီဗာကို နည်းနည်းချင်းဆွဲယူလိုက်သည်။ မိမိရှေ့ ဒိုင်ခွက်မှ လက်တံလေးသည် အပေါ်သို့တက်လာသည်။ နှစ်ဆယ်၊ သုံးဆယ်၊ လေးဆယ် .. ဟေး .. ဟိုးဟိုး။ ပျော်ရွှင်စွာ အော်လိုက်၏။ မျက်နှာပေါ်သို့ လေအေးများ ဖျန်းပက်လာသည်။ လီဗာကို နည်းနည်းထပ်တင်၍ လမ်းဟိုဘက်ခြမ်း၏သို့ ဖြတ်ကူးလိုက်သည်။

"ကျွီ .. ဝုန်း"

× × ×

"ဟော .. ဟိုမှာ ဖေဖေလာပြီ"

ဆေးရုံဝင်းထဲသို့ လူတစ်ယောက် အပြေးအလွှားဝင်လာ၏။ ဖေဖေ့ဆီ အပြေးသွားလိုက်သည်။

"သား တောင်းပန်ပါတယ် ဖေဖေ။ ဖေဖေ့စကားကို သားနားမထောင်ခဲ့ဘူး။ ဖေဖေ စိတ်ဆိုးနေမှာ သားသိပါတယ်။ သားကို စကားပြောပါဦး။ ဖေဖေပေးတဲ့အပြစ်ကို သားခံပါ့မယ်"

ထိုသူမှာ ဘာမှ ကြားပုံမရ။ ဆေးရုံထဲသို့ အပြေးအလွှားဝင်သွားသည်။

"ဖေဖေ သားကိုခေါ်ဦးလေ"

ထိုသူသည် အဘွားအိုနားရောက်လျှင် ..

"အမေ့စကား နားမထောင်မိလို့ ကျွန်တော့်သားကို ဆုံးရှုံးလိုက်ရပြီ။ ဒါဟာ ကျွန်တော့်အပြစ်ပါ။ လူကြီးသူမက ချင့်ချင့်ချိန်ချိန်နဲ့ ပြောတဲ့စကားကို နောင်ကို အမြဲခံယူပါတော့မယ် အမေရယ်"

ဖေဖေသည် ပြောပြောဆိုဆိုနှင့် ဘွားဘွားလက်မောင်းကို ကိုင်ကာ ငိုနေ၏။ ထိုစဉ် ဆေးရုံဝန်ထမ်းနှစ်ဦး ရောက်လာကာ သေဆုံးနေသော ကောင်လေး၏ ခန္ဓာကိုယ်ကို တွန်းလှည်းပေါ်သို့ ပြောင်းရွှေ့ကာ သယ်ဆောင်သွားလေသည်။ ဖေဖေက အပြေးကလေးလိုက်သွားသည်။ ဖေဖေ့ဘေးမှာ ကျွန်တော်လိုက်လာတာ ဖေဖေသိပုံမရ။ တစ်နေရာရောက်သောအခါ ကောင်လေးကို အေးစက်နေသော အခန်းထဲထည့်ကာ လူနှစ်ယောက် ပြန်ထွက်လာကြသည်။ ဖေဖေလည်း မေမေတို့ထံ ပြန်လာကာ အိမ်ပြန်ဖို့ ပြင်ကြလေပြီ။

"ဒါဆို .. ကျွန်တော်ကရော ဘယ်ကိုပြန်ရမှာလဲ။ ဘယ်မှာနေရမှာလဲ။ သားကို ဘယ်သူတွေက ခေါ်ကြမှာလဲဗျာ"


ချစ်မုန်းငြိမ်း

□

## တူတဲ့ပန်းနှစ်ပွင့်ကို ရွေးပေးပါ

ကလေးတို့ရေ ..

ဖော်ပြထားတဲ့ ပန်း ၆ ပွင့်မှာ တူတာဆိုလို့ ပန်းနှစ်ပွင့်ပဲ ရှိပါတယ်။ ကလေးတို့က အဲဒီ ဆင်တူတဲ့ ပန်းနှစ်ပွင့်ကို ရွေးပေးရမယ်။ အဖြေကို စာမျက်နှာ ၁၆၀ မှာ ဖော်ပြပေးထားပါတယ်။






www.burmeseclassic.com

www.burmeseclassic.com

[ မြ င် သ စ် ပုံ ပြ င် ]

# ဗစ်တာဟူးဂိုးပြောတဲ့ ပုံပြင်တစ်ပုဒ်

## ဝေလင်းထွန်း



ကမ္ဘာကျော် ပြင်သစ်စာရေးဆရာကြီး ဗစ်တာဟူးဂိုးဟာ ကလေးများကို အလွန်ချစ်ခင်သူဖြစ်ပါတယ်။ သူ့ရဲ့စာအုပ်တစ်အုပ်ကို သူ့ရဲ့အချစ်ဆုံးမြေးမလေးဖြစ်တဲ့ (ဂျင်းနီ)အတွက် ရေးသားခဲ့ပါတယ်။ ဂျင်းနီဟာ လှပပြီးချစ်စရာကောင်းသလို သွက်လက်ဖျတ်လတ်ပြီး အမြဲတမ်း ကျီစယ်လေ့ရှိပါတယ်။ တစ်နေ့မှာတော့ စာရေးဆရာကြီးရဲ့အခန်းထဲကို ဂျင်းနီနဲ့ သူ့မရဲ့မောင်လေးဂျော့တို့ တွားသွားဝင်လာကာ သူ့နောက်ကနေ ဖက်တွယ်လိုက်ကြပါတယ်။ ကစားရတာကို ပင်ပန်းလာတဲ့ဂျင်းနီက -

"ဘိုးဘိုး · ·အခုပဲ သမီးတို့ကို ထိုင်ပြီးတော့ အကောင်းဆုံးပုံပြင် ပြောပြပါလား"

"အခုအခါ ပုံပြင်ပြောရတာ သိပ်ခက်တယ်ကွဲ့"

"ဘိုးဘိုးအတွက်တော့ မခက်ပါဘူး" ဂျင်းနီကပြောကာ သူ့မအဘိုးရင်ခွင်ထဲ ဝင်ထိုင်လိုက်တယ်။

"ဘိုးဘိုးဟာ ပုံပြင်တော်တော်များများရေးခဲ့တယ်။ ဒါပေမယ့် သမီးတို့ကို ဘိုးဘိုးစာအုပ်ထဲမှာမပါတဲ့ ပုံပြင်ပြောပြပါနော်။ ဘိုးဘိုး"

"အဲဒီလိုပြောပြီးနောက် ဂျင်းနီနဲ့ ဂျော့တို့ဟာ သူတို့အဘိုးဘေးမှာ ကပ်ခါဝင်ထိုင်လိုက်ကြတယ်။ ဗစ်တာဟူးဂိုးက ဒီကောင်းတဲ့ဘုရင်ကြီးပုံပြင်ကို စတင်ပြောပြပါတော့တယ်။

ဟိုးရှေးတုန်းက အလွန်ကောက်ကျစ်တဲ့ဘုရင်ကြီးဟာ သူ့ရဲ့တိုင်းပြည်က ပြည်သူတွေကို စိတ်ဆင်းရဲအောင် ပြုလုပ်ခဲ့တယ်။ ဒါပေမယ့် သူဟာ အလွန်ကြွယ်ဝချမ်းသာပြီး သူ့ကိုကာကွယ်ပေးဖို့ စစ်တပ်ကြီးလည်း ထားရှိတဲ့အတွက် ပြည်သူတွေက သူ့ကိုထုတ်မပြစ်နိုင်ခဲ့ကြပါဘူး။

သူဟာ မနက်ခင်း အိပ်ယာကနိုးထလာတိုင်း အရင်နေ့ကထက် ပိုမိုကောက်ကျစ်လာပါတယ်။ နောက်ဆုံးတော့ ကြင်နာတတ်တဲ့သန်းလေးတစ်ကောင်ဟာ သူ့ရဲ့နားအနီး ရောက်ရှိလာခဲ့တယ်။ သူဟာ အခြားသန်းတွေနဲ့မတူပါဘူး။ ဒီသန်းလေးကတော့ ကောင်းကျိုးဖြစ်စေလိုတဲ့ စေတနာတွေရှိပါတယ်။ သူဟာ လူတွေရဲ့သွေးကို

www.burmeseclassic.com

တကယ်တော့လောင်းမှတ်သိမ်းမှသာ ကိုက်ပါတယ်။ ပြီးတော့ သူဟာ လူတွေကို နာကျင်မှုမရှိအောင် ဂရုစိုက်တယ်။ ဒီသန်းလေးက သူ့ဘာသာသူ ခုလိုပြောလိုက်ပါတယ်။

"ဒီဘုရင်ကြီးရဲ့ခန္ဓာကိုယ်ကို ထိခိုက်အောင်လုပ်ဖို့ရာ ခဲရာခဲယဉ်ကြီးနိုင်တယ်။ ဒါပေမယ့် အခုတော့ ငါကြိုးစားကြည့်မယ်"

အဲဒီညမှာ ဘုရင်ကြီးဟာ ခါတိုင်းလိုပဲ အမြန်အိပ်ပျော်သွားပါတယ်။ သူဟာ အပ်ဖျားနဲ့ထိုးခံရသလို ရုတ်တရက် နာကျင်တဲ့ဝေဒနာ ခံစားလိုက်ရတယ်။

"အို··ဒါက ဘာဖြစ်တာပါလိမ့်"သူအော်လိုက်တယ်။

"သေးငယ်တဲ့ သန်းလေးတစ်ကောင်က အသင်မှားနေတာ မြင်စေချင်လို့လုပ်တာပါ"

"သန်းလေးတစ်ကောင် ခုထလောက်အောင်ပါ။ မီးမင်းကိုကြည့်ချင်လို့"

ဘုရင်ကြီးဟာ တုန်လှုပ်စွာနဲ့ အိပ်ရာပေါ်က ခုန်ချလိုက်တယ်။ သူ့အိပ်ရာပေါ်က အဝတ်တွေအားလုံး ပုတ်ခါလိုက်ပါတယ်။ ဒါပေမယ့် သူဟာ သန်းတစ်ကောင်မှ မတွေ့ပါဘူး။ ခေါင်းအုံးရဲ့အချုပ်က သန်းလေးဟာ ဘုရင်ကြီးရဲ့ ပုတ်ခတ်မှုကြားမှာ အန္တရာယ်ကင်းစွာ ပုန်းနေပါတယ်။

ဘုရင်ကြီးဟာ အိပ်ရာထဲပြန်ဝင်လှဲနေလိုက်ပြီး သန်းဟာ ကြောက်လန့်ကာ ထွက်ပြေးသွားပြီလို့ တွေးလိုက်ပါတယ်။ သူ့ရဲ့ ဦးခေါင်းဟာ ခေါင်းအုံးပေါ်ရောက်ပြီး မကြာမီမှာပဲ သန်းလေးက ထပ်ပြီးကိုက်လိုက်ပြန်ပါတယ်။

"မင်းဟာ ပြန်လာခဲ့တယ်ပေါ့။ မင်းဟာ ပုံမှန်မဟုတ်တဲ့ ပိုးကောင်မျိုးပဲ" သူအော်ဟစ်လိုက်တယ်။ "မင်းဟာတကယ်တော့ သိမှုန်လောက်ရှိတဲ့အကောင်က ကမ္ဘာ့အကြီးမြတ်ဆုံးဘုရင်ကို တိုက်ခိုက်တာပဲ"

သန်းလေးက ပြန်မဖြေခြင်းနဲ့ ပြဿနာမဖြစ်စေပါ။ ဒါပေမယ့် ဘုရင်ကြီးကို ဆက်ပြီးကိုက်နေခဲ့ပါတယ်။ ဘုရင်ကြီးဟာ တစ်ညလုံး တစ်မှေးမှ ကောင်းကောင်းအိပ်ခွင့်မရခဲ့ပါ။ ဒီလိုနဲ့ မနက်အိပ်ရာကထတော့ အလွန်ဆိုးဝါးတဲ့ အိပ်ပျက်မှုခံစားရပါတယ်။ သူက နန်းတော်ရဲ့အောက်ခြေကနေ အပေါ်ဆုံးအထိ သန့်ရှင်းစေပါတယ်။ ပညာရှင်နှစ်ဆယ်လောက်ကို အထူးကြည့်မှန်ဘီလူးတွေနဲ့ သူ့အိပ်ခန်းနဲ့ပစ္စည်းတွေကို စစ်ဆေးကြည့်ရှုစေပါတယ်။ ဒါပေမယ့် သူတို့ဟာ သန်းတစ်ကောင်မှ ရှာမတွေ့ပါဘူး။ သန်းလေးဟာ ဘုရင်ကြီးဝတ်ဆင်ထားတဲ့ ကုတ်အင်္ကျီရဲ့ ကော်လာကြားမှာ ပုန်းအောင်းနေခဲ့ပါတယ်။ အဲဒီညနေခင်းမှာ ဘုရင်ကြီးဟာ စောစောပဲ အိပ်ရာဝင်ပါတယ်။ ကောင်းကောင်းအိပ်စက်အနားယူမယ် သဘောပေါ့။ သူအိပ်တာနဲ့ စူးရှတဲ့ ကိုက်ခဲမှုကြောင့် လန့်ပြီးအော်လိုက်တယ်။

"အား··ဒါက ဘယ်သူကိုက်တာလဲ"

"သန်းတစ်ကောင်ပါ"

"အသင်က ဘာအလိုရှိလို့လဲ"

"ကျွန်တော့်စကားကို သင်မင်းကြီး နားထောင်စေချင်တယ်။ ပြီးတော့ သင်မင်းကြီးရဲ့ ပြည်သူတွေပျော်ရွှင်အောင် လုပ်စေချင်ပါတယ်"

"ငါ့ရဲ့စစ်သားတွေ ဘယ်မှာလဲ။ ငါ့ရဲ့ဗိုလ်ချုပ်ကြီးတွေ ဘယ်မှာလဲ။ ငါ့ရဲ့ဝန်ကြီးတွေရောဘယ်မှာလဲ"ဘုရင်က ကျယ်လောင်စူးရှစွာ အော်လိုက်တယ်။ "သူတို့တစ်တွေကို ချက်ချင်းအမြန်လာဖို့ ပြောလိုက်စမ်း"

သူ့ရဲ့ စစ်သားတွေ ဗိုလ်ချုပ်ကြီးတွေဟာ သူ့အိပ်ခန်းဆီကို အမြန်ပြေးလာကြတယ်။ သူတို့ဟာ အိပ်ရာခင်းတွေကို အပိုင်းပိုင်းဖြတ်တောက်ပစ်ကြတယ်။ အောက်က ကြမ်းပြင်ကိုခွဲကြတယ်။ ဒါပေမယ့် သေးငယ်တဲ့ သန်းလေးဟာ ဘုရင့်ခေါင်းက ဆံပင်တွေကြားမှာ အန္တရာယ်ကင်းစွာ အသိုက်လုပ်ကာနေပါတယ်။ ဘုရင်ကြီးဟာ တခြားအခန်းထဲသွားပြီး ပြန်အိပ်ဖို့ ကြိုးစားတယ်။ ဒါပေမယ့် သန်းလေးက ထွက်လာပြီး သူ့ကိုကိုက်လိုက်ပြန်တယ်။ သူဟာ နိုးလာပြန်တယ်။

မနက်မိုးလင်းတဲ့အခါ မကြည်မသာဖြစ်နေတဲ့ ဘုရင်ကြီးက ရှိရှိသမျှသန်းတွေကို အမြန်ဆုံးရှာဖွေသုတ်သင်ဖို့ အမိန့်ထုတ်လိုက်ပါတယ်။

ဒါပေမယ့် သူဟာ သူ့အပေါ် နှိပ်စက်တဲ့ ဆိုးဝါးတဲ့ ပိုးကောင်ငယ်ရဲ့ဆီက မလွတ်မြောက်နိုင်ပါဘူး။ သူ့ရဲ့ ခန္ဓာကိုယ်ဟာ သွေးကြောတွေမှာ အကိုက်ခံရတဲ့ ဒဏ်ရာတွေနဲ့ အညိုအမည်းကွက်တွေစွဲပြီး သေးငယ်တဲ့သတ္တဝါရဲ့ နှိပ်စက်တာခံရပါတယ်။ သူဟာ အိပ်မရတဲ့အတွက်



www.burmeseclassic.com

www.burmeseclassic.com

ပိန်လိုလာကာ ဖြူဖပ်ဖြူရော်ဖြစ်နေပါတယ်။ ဒီလိုနဲ့ သူဟာ သန်းလေးတစ်ကောင်ရဲ့စကားကို မလိုက်နာရင် သေဆုံး သွားစေနိုင်ပါတယ်။ နောက်ထပ် သန်းကကိုက်တဲ့အခါ သူက -

"ငါ လက်လျှော့လိုက်ပါတော့မယ်။ အသင်ဘာ လိုချင်တာပဲဖြစ်ဖြစ် ငါလုပ်ပေးပါတော့မယ်။ အဲဒါက ဘာလဲ"

သူက ညည်းတွားကာမေးလိုက်တယ်။

"အသင်မင်းကြီးရဲ့ ပြည်သူတွေ ပျော်ရွှင်စေအောင် လုပ်ပေးရပါမယ်"

သန်းလေးက ပြောလိုက်တယ်။

"ဒီတော့ ဒီအတွက် ငါက ဘာလုပ်ပေးရမလဲ"

"ဒီတိုင်းပြည်ကို ချက်ချင်းစွန့်ခွာလိုက်ပါ"

"ငါပိုင်ဆိုင်တဲ့ပစ္စည်းတစ်ချို့ကို ယူဆောင်သွားလို့ ရမလား"

"မရပါဘူး"

သန်းလေးက ပြန်ဖြေလိုက်တယ်။

ဒါပေမယ့် သေးငယ်တဲ့ သန်းလေးက သိပ်မပြင်းထန်ပါ။ သူက ကောက်ကျစ်တဲ့ဘုရင်ကို သူ့ရဲ့အိတ်ထဲသို့ ရွှေတွေထည့်ကာယူစေပြီး ထွက်သွားစေပါတယ်။ တိုင်းသူပြည်သားတွေဟာ အလွန်အလွန် ပျော်ရွှင်သွားကြကာ အေးချမ်းစွာ နေထိုင်သွားကြလေတယ်။

ဂျင်းနီနဲ့ ဂျော့တို့ဟာလည်း ဘိုးဘိုးပြောပြတဲ့ပုံပြင်ထဲက ကောက်ကျစ်တဲ့ဘုရင်ကြီးကို ကောင်းမွန်းတဲ့ သေးငယ်တဲ့သန်းလေးက အနိုင်ယူလိုက်နိုင်တာကို အလွန်သဘောကျကျေနပ်သွားကြပါတယ်။ ဘိုးဘိုးက သူ့ရဲ့ ကုလားထိုင်ကိုခေါက်ပြီး ရယ်ရွှင်ဖွယ်လုပ်ရားပြတဲ့အခါ တဟားဟားနဲ့ ကလေးတွေဟာ ရယ်မောလိုက်ကြပါတယ်။

[The Children's Encyclopedia မှ The Stories of Victor Hugo ၏ The Good Flea and The Bad King. ကို မြန်မာပြန်ပါသည်။]

**ဝေလင်းထွန်း**

□

## Did You know?

### သားပိုက်ကောင်သား

ရှေးဦးလူများသည် လုံဖြင့် သားပိုက်ကောင်ကို ပစ်ဖမ်းကာ သူတို့အစာအဖြစ် စားသုံးကြသည်။

### ကံကောင်းသည့် ရွက်သင်္ဘော

စူးစမ်းရှာဖွေရေးသမား မက်ဂျလန် Magellan သည် ရွက်သင်္ဘော ငါးစီးဖြင့် ဥရောပတိုက်မှ ထွက်ခွာလာခဲ့ရာ ပြန်လည်ရောက်ရှိချိန်၌ ဗစ်တိုးရီးယား Victoria ရွက်သင်္ဘောတစ်စီးသာ ကျန်ရှိတော့သည်။

### ဟိုလီနွေဦးပွဲတော်

ဟိန္ဒူကလေးငယ်များသည် ဟိုလီနွေဦးပွဲတော် Spring Festival of Holi တွင် ရောင်စုံအမှုန့်များဖြင့် တစ်ဦးနှင့်တစ်ဦး ပက်ဖျန်းကြလေသည်။

[ Encyclopedia of Questions and Answers စာအုပ်မှ • • ]

www.burmeseclassic.com

# ပါရမီရှင် ပန်းချီဆရာမလေး

## မြင့်မြင့်ရီ




နာဒရာသည် အနုပညာမြွတ်နိုးသော မိသားစုမှ ဆင်းသက်လာသူဖြစ်သည်။ မိခင်မှာ ဘဲလေးအကသင် ဆရာမတစ်ဦးဖြစ်ပြီး အဘိုးဖြစ်သူမှာလည်း ပြဇာတ်အဆို တော်ပေါင်းကြီးတစ်ဦးဖြစ်သည်။

နာဒရာရေးဆွဲသောပုံများမှာ စုံလင်လှသည်။ စိတ်ကူးယဉ်ပုံပြင်များမှ ဇာတ်ကောင်များ၊ နာမည်ကျော်ဝတ္ထုများမှ ဇာတ်ကောင်များ၊ တိရစ္ဆာန်အမျိုးမျိုးပုံပြင်များအပြင် အသက် ၁၂ နှစ်အရွယ်တွင် အမျိုးသမီးသမိုင်းဝင် သူရဲ

ဆိုဗီယက်ပြည်ထောင်စုမှ နာဒရာရူရှိဗာ ဆိုသူ မိန်းကလေးများမှာ ပန်းချီဆွဲရာတွင် အရွယ်နှင့်မလိုက် အောင် ထူးချွန်သော ပါရမီရှင်လေးတစ်ဦးဖြစ်သည်။ သူမ ၏ ပထမဆုံးအကြိမ် တစ်ကိုယ်တော် ပန်းချီပြပွဲကို အသက် ၁၁ နှစ်အရွယ်တွင် ကျင်းပနိုင်ခဲ့သည်။ အဆိုပါ တစ်ကိုယ်တော်ပန်းချီပြပွဲ ဧည့်သည်မှတ်တမ်းစာအုပ်၌ ပန်းချီပညာရှင်ကြီးတစ်ဦးက "ဤကလေးမှာ အရွယ်နှင့် မလိုက်အောင် ပန်းချီထူးချွန်လှသူဖြစ်သည်။ သူမ၏ အနု ပညာစွမ်းရည်မှာ လူကြီးပန်းချီဆရာအချို့ထက်ပင် သာ သည်ဟုဆိုနိုင်သည်" ဟူ၍ မှတ်ချက်ရေးသားခဲ့သည်။

နာဒရာသည် အသက်ငါးနှစ်အရွယ်တွင် စာမဖတ် တတ်သေးသော်လည်း ပန်းချီဆွဲတတ်နေပြီဖြစ်၏။ လူ ကြီးများပြောပြသော ပုံပြင်များထဲမှ ဇာတ်ကောင်များကို သူမ၏စိတ်ကူးအတိုင်း သရုပ်ဖော်ကာ ရေးဆွဲခဲ့သည်။ ရောင်စုံခဲတံများနှင့်သာမက ခဲဆေးနှင့် စုတ်တံကိုပါသုံး၍ ရေးဆွဲသည်။ အသက် ၁၂ နှစ်အရွယ်တွင် သူမရေးဆွဲ သော ပန်းချီကားစုစုပေါင်း ငါးထောင်ကျော်ရှိနေပြီဖြစ်၏။




စစ်နှင့် ငြိမ်းချမ်းရေး ဝတ္ထုကြီးမှ ဇာတ်ဆောင် နာတာရှာနှင့် ပီယာတို့၏ပုံ



www.burmeseclassic.com

www.burmeseclassic.com



နာဒရာ ရေးဆွဲသော မြောက်နှင့် ဒရယ်များ

ကောင်းများ၏ ပုံများကိုပါ ရေးဆွဲခဲ့သည်။ အသက် ၁၆ နှစ်အရွယ်တွင် နံရံကပ်သတင်းစာတစ်စောင်ကို ဦးစီးထုတ်ဝေခဲ့သည်။ အယ်ဒီတာမှာ သူမကိုယ်တိုင်ဖြစ်၏။

နာဒရာ အနှစ်သက်ဆုံးစာရေးဆရာများမှာ လီယိုတော်စတွိုင်းနှင့် ပွတ်ရှကင်တို့ဖြစ်ကြသည်။ ထို့ကြောင့် အဆိုပါ စာရေးဆရာများရေးသားသော ဝတ္ထုများပါ ဇာတ်ကောင်ပုံများနှင့် ဇာတ်ကွက်သရုပ်ဖော်ပုံများကို သရုပ်ဖော်ရေးဆွဲခဲ့သည်။ လီယိုတော်စတွိုင်ရေးသားသော ကမ္ဘာကျော် စစ်နှင့်ငြိမ်းချမ်းရေးဝတ္ထုကြီးမှ သရုပ်ဖော်ပုံပေါင်းလေးရာကျော်ကို သူမ၏စိတ်ကူးဖြင့် ထုတ်နုတ်ရေးဆွဲခဲ့သည်။

ပါရမီရှင် နာဒရာလေးမှာ အနုပညာစွမ်းရည်ထက်မြက်သလောက် သက်ဆိုးကား မရှည်ရှာပေ။ အသက် ၁၇ နှစ်အရွယ်တွင် ဦးနှောက်အတွင်း သွေးယိုစီးသော



နာဒရာ၏ အာဒံနှင့် အေဝ သရုပ်ဖော်ချက်



အမျိုးသမီးတစ်ဦး၏ပုံ

ရောဂါဖြင့် ငယ်ငယ်ရွယ်ရွယ် ကွယ်လွန်ရှာသည်။ မကွယ်လွန်မီအထိ တစ်ကိုယ်တော်ပန်းချီကား ပြိုင်ပွဲပေါင်း ၁၅ ကြိမ် ကျင်းပခဲ့ရပြီး ပန်းချီကားပေါင်း တစ်သောင်းကျော် ရေးဆွဲသွားခဲ့လေသည်။

[ ၁၉၇၇ ခုနှစ်၊ စက်တင်ဘာလထုတ် Sputnik စာစောင်မှ A Brilliant School girl ဆောင်းပါးကို ဆီလျော်အောင် ပြန်ဆိုပါသည်။ ]

မြင့်မြင့်ရီ

www.burmeseclassic.com



# ကောင်းကင်၌ ပြည့်သော

□ ရှုပါမင်း

ယင်းသောအခါ တပ်မှူးစစ်ကဲအပေါင်းတို့ကို ခေါ်တော်မူ၍ ဤသို့ မိန့်တော်မူသည်။

"ယခုပင် မြစ်ကိုကူး၍ မိုင်းစံမြို့ကို လုပ်ကြံတော်မူသော်လည်း သင့်မည်လော။ တပ်တောင်တာတည်၍ လူနာလူဖျား၊ မစွမ်းမမာ သသူတို့ကို နေစေပြီးမှ လုပ်ကြံတော်မူရသော် သင့်မည်လော"

မင်းတရားကြီး စိုင်းပြင်းခင်းကျင်းတော်မူသည်ကို မင်းမဟာလျှောက်၏။

"လင်းစင်းမင်းသည် ကျွန်တော်တို့နှင့်တွေ့၍ တိုက်လေသမျှပင် မည်သည့်ကာလတွင်မျှ အရေးမရရှုံးလေတော့သည်သာ။ ယင်းသို့ကို ယခု မိုင်းစံတွင် ရေတပ်၊ ကြည်းတပ်ဖက်၍ တင်းတင်းကျပ်ကျပ်နေသည့်အရာသည် အနေထူးလှသည်။ သူတို့အရပ်လည်း ဖြစ်သည်။ အကြောင်းရှိမည်"

မင်းမဟာ၏လျှောက်ထားချက်သည် အရေးယူဖွယ်၊ စဉ်းစားဖွယ်ဖြစ်ပေသည်။ ဤသည်ကိုပင် မင်းမဟာ ဆက်လက်လျှောက်ထားပြန်၏။

"ယင်းသို့ဖြစ်သောကြောင့် မစုံမစမ်းဦးဘဲ အမှတ်မဲ့လုပ်ကြံတော်မူ၍ မသင့်ချေ။ သူတို့မှာလည်း ကြည်းတပ်သာမဟုတ်၊ ရေတပ်လည်း အားကြီးလှသည်။ ညီတော်၊ သားတော်တို့ လက္ကွန်းကလောက်သို့ ချီလေသည်လည်း ယခုမရောက်ကြသေး ဖြစ်သည်။ ကျွန်တော်တို့မှာလည်း ကြည်းတပ်သာ အားကြီးချေသည်။ လှေတပ်မရှိချေသေးသည်ဖြစ်သည်။ ယင်းသို့ဖြစ်သောကြောင့် သစ်ဝါးခုတ်ပြီး တိုက်လှေစီရင်မှ သင့်မည်ထင်သည်"

ဆင်ဖြူများသခင် ဘုရင့်မင်းတရားကြီးဘုရားလည်း မင်းမဟာလျှောက်သောအရေးကို ကြိုက်တော်မူ၍ အတပ်တပ်သားတို့ကို ချောင်းတစ်သို့ဝင်၍ သစ်တောများကို ရှာဖွေစစ်ဆေးရန် စေလွှတ်တော်မူသည်။ ထိုသူတို့လည်း လက်ပံတောတစ်ခုကို တွေ့လေ၍ အကြောင်းကို လျှောက်သော် နတ်ဖန်ဆင်းသကဲ့သို့ တပ်တိုင်း စီရင်ခန့်ရန်တော်မူ၍ သစ်ခုတ်ရလေသည်။ သစ်ရောက်လျှင် လွှခွဲစေ၍ တိုက်လှေကြီး အစင်းသုံးရာ၊ လှော်ကားကြော့လှေ နှစ်ရာ ဒနည္ဍိမသိ လုပ်ရသည်။

ပြီးလျှင် ဟသ်ပဒါး သုတ်ကောင်းသည့် လှေများကို သုတ်ရသည်။ ရွှေထည့်ကောင်းသော ကြော့လှေလှော်ကားတို့ကိုလည်း ရွှေထည့်ရသည်။ ယင်းသို့ နတ်စီရင်သကဲ့သို့ စီရင်တော်မူလျှင် နှစ်ဆယ့်တစ်ရက်ဖြင့် ပြီးသည်။

ပြီးလျှင် ရွှေလှေမှူးတို့က လှော်ကားကြော့လှေတို့ကို စီရင်ရသည်။ တိုက်လှေကြီးများကိုလည်း ကြည်းတပ်က သူရဲသူခက်နှင့် အမှူးအမတ်တို့ကို နတ်ယူတော်မူ၍ တပ်မှူးစစ်ကဲ ခန့်တော်မူသည်။ ဗညားကျန်းတော့ကို လှေတပ်ဝန် ခန့်တော်မူသည်။

လင်းစင်းကခံသော လှေတပ်ကိုတိုက်ရသည်။ ကြည်းတပ်ကလည်း မြင်းတစ်သောင်းငါးထောင်ခန့် လိုက်၍မ,ရသည်။ လင်းစင်းသားတို့လည်း ကြုံးဝါးသံပ၍ 'ဗညားခွာ'မည်သော စစ်သူကြီးခံနှင့်သည်ကို ရဲမက်တော် လှေသားအပေါင်းတို့ အကြောက်မရှုံ့ မရှိ ရှုပ်ရှုပ်ရွံရွံတိုက်လျှင် မြစ်ညာကပစ်သည်နှင့် လင်းစင်းသားတို့ မခံနိုင်၍ အကုန်ပျက်လေ၏။

စစ်သူကြီး ဗညားခွာကိုလည်း သတ်ရသည်။ လူလည်း သုံးထောင်ကျော်ခန့် သေလေသည်။ တိုက်လှေနှစ်ရာကျော်နှင့် လူနှစ်ထောင် ရတော်မူသည်။ ယင်းသို့ လှေတပ်ပျက်လျှင် 'လင်းစင်းမင်းလည်း ကြောက်ရွံ့ခြင်းပြင်းစွာ ဖြစ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ဆင်ဖြူများသခင် ဘဝရှင်မင်းတရားကြီး ဘုရားလည်း တိုက်လှေအပေါင်းကို တံတားဖွဲ့၍ မြစ်ကို ကူးတော်မူသည်။ မြစ်တစ်ဖက်သို့ ရောက်တော်မူလျှင် လင်းခင်းမင်းလည်း ကြောက်ရွံ့ခြင်း ပြင်းစွာဖြစ်၍ မိုင်းစံတွင် မခံဝံ့သဖြင့် အလုံးအရင်းနှင့် တကွ ဇတာသို့ပြေးလေ၏။

လင်းခင်းမင်းပြေးပြီးဟု ကြားလျှင် မင်းတရားကြီးသည် မိုင်းစံသို့ဝင်၍ နေတော်မူသည်။ တပ်မှူးစစ်ကဲအပေါင်းတို့လည်း အားရဝမ်းသာ ပတ်၊ စည်၊ ခေါင်း၊ ငြင်း တီးမှုတ်၍ ထုပ်တိုးပွဲလမ်းခံကုန်သည်။ သားတော် မဟာဥပရာဇာ၊ ညီတော် ပြည်မင်း၊ အင်းဝမင်းတို့လည်း လကွန်းကလောက်ကြောင်း သုံးဆယ့်သုံးတပ်ချီရာမှာ ဆင်မြင်းမိုလ်ပါများသည်နှင့် အစားအသောက်ရှားပါး၍ တဖြည်းဖြည်းချီရသည်။

လကွန်းကလောက်သို့ရောက်လျှင် ချောင်းကြီးတစ်ခုကိုတွေ့၍ ရေတိမ်သည်၊ နက်သည် စမ်းစေသော် ဆကျောက်ကုန်း နစ်ရုံသာဖြစ်သည်။ တံတားမဖွဲ့မူ၍ မြစ်ကသာ ကူးကြသည်။ မြစ်တစ်ဖက်သို့ ရောက်လျှင် လကွန်းကလောက်တွင် စံ၍နေသော လင်းခင်းမင်းအမတ် သုံးရာကျော်နှင့် စစ်သည်သူရဲ ငါးသောင်းကျော်သည် မခံဝံ့၍ ဇတာသို့ပြေးလေ၏။

မဟာဥပရာဇာလည်း လကွန်းကလောက်မြို့ကို ရတော်မူလျှင် ဗညားပရံတစ်တပ်ကို အစောင့်အနေ ခန့်ထားတော်မူခဲ့၍ ဆင်ဖြူများသခင် ဘဝရှင်မင်းတရားကြီးဘုရား သတင်းစကားကို သုံးလခန့် မကြားရသည်နှင့် လင်းခင်းမင်း မည်သည့်အရပ်တွင် စံ၍နေကြောင်းကို မသိရသောကြောင့် လကွန်းကလောက်ကသည် မိုင်းစံသို့ စစ်မျက်နှာဖြန့်၍ ချီတော်မူသည်။

ဆင်ဖြူများသခင် ဘဝရှင်မင်းတရားကြီးဘုရားလည်း မိုင်းစံကို အလိုတော်ပြည့်၍ ငါးရက်ခန့်ရှိလျှင် လူနာ၊ လူဖျား၊ ခြေလက်ကုန်သသူတို့ကို မိုင်းစံမြို့တွင် နေရသည်။ ညီတော် တောင်ငူဘုရင်မင်းခေါင်ကိုလည်း ရဲမက်တော် ငါးသောင်းခန့်နှင့် အစောင့်အနေ ခန့်တော်မူခဲ့ပြီး တပ်မတော်နှင့်တကွ တပ်နှစ်ဆယ်၊ လင်းခင်းမင်းပြေးလေရာသို့ လိုက်တော်မူသည်။

မိုင်းစံကချီတော်မူ၍ သုံးစခန်းတွင် အင်းကြီးတစ်ခုကို တွေ့တော်မူသည်။ ထိုအခါ လင်းခင်းမင်းအမတ် ဗညားသေသည်လုံ ဤသို့ နားတော်လျှောက်သည်။

"ဘုန်းတော်ကြီးလှသော ဘဝရှင်မင်းတရားကြီးဘုရားသည် ကျွန်တော်ကို လင်းခင်းမြို့တွင် အသိအမြင်ဟူ၍ ထားတော်မူသည်။ အဆောင်အရွက်သနားတော်မူရာမှာလည်း ကေရာဇ်အဆောင်အရွက်ကိုထား၍ ထိုမှတစ်ပါး ကြီးသောအဆောင်အယောင် အခမ်းအနားကို သနားတော်မူသည်။ ထိုသို့သော ကျေးဇူးတော်ကိုလည်း မည်သည့်ကာလတွင်မျှ တစ်စုံတစ်ခုသော အမှုတော်ကို ထမ်း၍ မဆပ်ပါရသေး။

"ယခု ရန်သူတော်ကိုတွေ့လျှင် အသက်ကိုစွန့်၍ ဆင်စီးချင်းတိုက်ရမှ ကျေးဇူးတော်ကို ဆပ်ရာမည်သည်။ ယခုလည်း ရန်သူတော်ဖြစ်သော လင်းခင်းမင်းသည် နေလနှင့်တူသော အရှင် ဘုန်းတော်ကြီးမြတ်လှသောကြောင့် အတိုက်အလန် မခံဝံ့။ ဇတာသို့ပြေးလေသည်။ သို့ရာတွင်မူကား လင်းခင်းမင်းသည် ပရိယာယ်သည် များလှသည်။ ဤအင်းတွင် သူရဲသူခက် ထားမြဲဖြစ်သည်။ ဘုန်းကြီးသည့်အရှင်၊ ဘုန်းတော်လွှန်ကဲသောကြောင့် မထိပါးဝံ့သေးသည်။ ဘုန်းကြီးသည့်အရှင် ပြန်တော်မူသောအခါ အမေ့အလျော့ကိုကြည့်၍ တိုက်မည်မချွတ်"

ဆင်ဖြူများသခင် ဘဝရှင်မင်းတရားကြီးဘုရားလည်း ဗညားသေသည်လုံ လျှောက်သောစကားကို ကြားတော်မူလျှင် ထိုအရပ်၌ တပ်ချတော်မူ၍ လှေကိုရှာစေသော် မရသောကြောင့် ဖောင်ပန်းအများဖွဲ့စေတော်မူကာ အမြောက်သေနတ် တင်စေပြီးလျှင် အင်းသို့ဝင်၍ အကွဲကွဲရှာရလေသည်။

အင်းအလယ်တွင် ကျွန်းတစ်ခု၌ ယောက်ျား၊ မိန်းမ အကြီးအငယ် သုံးထောင်ခန့်ရှိခဲ့၍ ဆင်းသည်။



www.burmeseclassic.com

www.burmeseclassic.com

ယင်းသို့မှ ထိုအင်းကိုခွာ၍ ချီတော်မူသည်။ လေးစခန်းခန့် ရောက်တော်မူလျှင် သားတော် မဟာဥပရာဇာတို့ ချီလာသည်နှင့် တွေ့တော်မူကြသည်။

လင်းစင်းမင်းလည်း ချောင်း၍တိုက်မည်ဟု တောထဲဝုန်း၍နေသည်။ သားတော် မဟာဥပရာဇာတို့ ချီလာကြောင်းကိုသိလျှင် မစံဝံ့။ တောသို့ဝင်၍ ပြေးလေသည်။ မဟာဥပရာဇာတို့မှုကား ချောင်းနားခရီးကို ချီတော်မူကြသောကြောင့် တောခြားနေ၍ လင်းစင်းမင်းကို မတွေ့လိုက်ရချေ။

ဘဝရှင်မင်းတရားကြီးဘုရားလည်း ညီတော်၊ သားတော် အရောက်ညီကြလျှင် တပ်ပေါင်း ငါးဆယ့်နှစ်တပ်သားနှင့်အတူ မြေပြင်ပြည့်မျှ လင်းစင်းမင်းပြေးရာသို့ လိုက်တော်မူသည်။ လင်းစင်းမင်းလည်း အလုံးအရင်းနှင့်တကွ တောအုံတောင်ကမ်းကို တက်သက်၍ မြေအိုးကျယ်သည့်အတိုင်းပြေးလေ၏။

ဆင်ဖြူများသခင် ဘဝရှင်မင်းတရားကြီးဘုရားလည်း စစ်မျက်နှာဖြန့်၍ လိုက်တော်မူသည်။ ခရီးပြင်းလှလေသည်နှင့် ရံခါ ရွာပြည်တွေ့သည်ဖြစ်၍ မျိုးရိက္ခာရသောကြောင့် စားရသည်။ ရံခါ တောသာဖြစ်၍ မျိုးရိက္ခာမရသောကြောင့် ရဲမက်တော်အပေါင်းတို့လည်း ငတ်မွတ်ရှားပါး၍ ပင်ပန်းညှိုးနွမ်းချေသည်။

ယင်းသို့ အပင်ပန်းခံကာ လိုက်တော်မူသော်လည်း လင်းစင်းမင်းပြေးလေသည့်အရပ်ကို မသိသောကြောင့် မတွေ့၊ မရချေ။ ရှည်လတ်သော် ဆင်မြင်းမိုလ်ပါ များနာငတ်မွတ်၍ လျော့ပါးယိုယွင်းချေသည်။ ခပေါင်းဟူသောအရပ်သို့ ရောက်တော်မူလျှင် စစ်သည်တစ်ယောက်သည် မျိုးရိက္ခာရှာမည်ဟူ၍ သွားလေသည်ကို လင်းစင်းမင်းစစ်သည်တို့ တွေ့လျှင် ဖမ်း၍ လင်းစင်းမင်းထံ ဆက်လေ၏။

ထိုသူကို စစ်မေးသော် ရဲမက်တော်အလုံးသည် မျိုးရိက္ခာ ဆွဲ့ရှားသည်နှင့် နာဖျားငတ်မွတ်၍ အများဖိတ်စင် ယိုယွင်းချေသည်ဟူ၍ လျှောက်လေ၏။ လင်းစင်းမင်းလည်း ဝမ်းမြောက်ဝမ်းသာ လက်ရုံးလက်မောင်းကို တန်းလျက် ဤသို့ဆိုလေ၏။

"ငါ့အရပ်သို့ မင်းတရားကြီး ရောက်လာသည်ကို ငါအလျှင်ဆီးကြို၍ မတိုက်ဘဲနေသည်ကား ကြောက်ရွံ့၍ နေသည်မဟုတ်။ အရေးကို မြော်တင်းလျက် ပင်ပန်းနာဖျား၍ ခြေလက်ကုန်မှ တိုက်မည်ဟူ၍ ငါကြံလျက် နေသည်။ ယခုမူကား ငါ့အကြံသို့ရောက်ပြီဖြစ်သောကြောင့် ငါတိုက်တော်မူမည်"

လင်းစင်းမင်းသည် ထိုသို့ ကြုံးဝါးပြီးလျှင် ခပေါင်းဟူသော အရပ်နှင့် ငါးတိုင်ခန့်ခြားသော အရပ်တွင် အခိုင်အလုံ သစ်တပ်တည်၍ ကျုံးမြောင်းလည်းတူးကာ ဆင်လုံးမြင်းရင်း၊ တိုက်ဆင်လေးရာ၊ စစ်သည်သူရဲ ရှစ်သောင်းခန့်ဖြင့် ခံ၍နေ၏။

ဆင်ဖြူများသခင် ဘဝရှင်မင်းတရားကြီးဘုရားလည်း တောအရပ်တစ်ခုတွင် လင်းစင်းမင်း ခံ၍နေသည့်အကြောင်းကို ကြားတော်မူလျှင် ညီတော်၊ သားတော်၊ မှူးတော်မတ်ထားအပေါင်းသို့ ဤသို့ မိန့်တော်မူသည်။

"ယခုပင် ငါချီတော်မူမည်။ တပ်မှူးစစ်ကဲအပေါင်းတို့ ယခုပင် ထွက်လေ"

ယင်းသို့သောအခါ ရဲမက်တော်အပေါင်းတို့မှာ မျိုးရိက္ခာကုန်၍ တော၌ စားကောင်းသော သစ်သီး၊ သစ်ပွင့်တို့ကိုသာ စားရချေသည်။ နောက်လျှင် စားကောင်းသော သစ်သီးသစ်ရွက်မရသောကြောင့် အချို့ကား သုံးရက်၊ လေးရက် ထမင်းမစားရ။ ပန်းပျားပင်၊ ဖောင်းပင်တို့ကို ယူ၍ စားကုန်လျက် အရှင့်အမှုတော်ကို ထမ်းကုန်သည်။

ယင်းသို့ ရဲမက်တော်အပေါင်းတို့ ငတ်မွတ်လျက်ပင် ချီတော်မူ၍ လင်းစင်းမင်းနေသည်နှင့် တစ်တိုင်ကျော် နေ့အရပ်သို့ရောက်လျှင် အတပ်တပ်တွင်ပါသော တိုက်ဆင်အပေါင်းတို့ကို အနီချည်းသုတ်စေလျက် စစ်မျက်နှာကွင်း၍ အသင့်နေကုန်သည်။

ယင်းသောအခါ မင်းတရားကြီးက ညီတော်၊ သားတော်အပေါင်းတို့ကို ဤသို့ အမိန့်တော်ရှိသည်။

"အစ်ကိုတို့သည် လူပျိုလူရွယ်ဖြစ်သောကြောင့် ရှေးသို့ပွဲလမ်း တွေ့မည်များလေသည်။ ယခုမူ



www.burmeseclassic.com

www.burmeseclassic.com

ကား အသက်အရွယ် ကြီးရင့်တော်မူပြီ။ ယခုအခါ၌သာ ငါ့ပွဲဖြစ်တော့သည်။ ယင်းသို့ဖြစ်သောကြောင့် လင်းစင်းမင်းကို ငါစီးချင်းတိုက်တော်မူမည်”

ထိုအမိန့်တော်ကို ညီတော်၊ သားတော်တို့ ကြားလျှင် ဤသို့ နားတော်လျှောက်ကုန်သည်။

“ဘုန်းတော်ကြီးလှသော ဘဝရှင်ဘုရား။ ကျွန်တော်တို့ရှိလျက်ကို သူနှင့် ဆင်စီးချင်းယှဉ်၍ တိုက်တော်မူမည်ကို အမိန့်တော်ရှိသည်မှာ ကျွန်တော်တို့မျက်နှာ ထားစရာမရှိပြီ။ သည်အရာသည် ဘုန်းတော်ကြီးလှသော ဘဝရှင့်အရာတော်မဟုတ်။ ကျွန်တော်တို့အရေးသာ ဖြစ်သည်”

ယင်းသို့မှ ညီတော်၊ သားတော် အစရှိသော တပ်မှူးစစ်ကဲအပေါင်းသည် လင်းစင်းမင်းကို ဆင်စီးချင်းတိုက်ရန် အားသန်လျက် နေကုန်၏။ ထိုအခါ ဗညားဒလသည် ပြည်ဘုရင်တပ်သို့ ဆင်စီး၍သွားသည်။ ရောက်လျှင် ဤသို့လျှောက်သည်။

“ယခုအခါ ရဲမက်အပေါင်းတို့ ထမင်းမစားရသည်မှာ သုံးလေးရက်ရှိ၍ မိမိတို့ လက်နက်ကိုမျှ မစွဲမကိုင်နိုင်ရှိသည်။ အချို့သော ရဲမက်တော်တို့လည်း ငတ်မွတ်ပင်ပန်းလှသောကြောင့် မီအောင် မလိုက်နိုင်၍ မရောက်ကြသေး။ သို့ကို အလျင် တိုက်တော်မူမည်။ ယခု စီရင်သည်မှာ သင့်မည် မထင်”

ထိုအခါ သတိုးဓမ္မရာဇာက ဤသို့မိန့်တော်မူသည်။

“ဗညားဒလဆိုသော စကားသည် အမှန်ဖြစ်တော့သည်။ သူများမစားရသည်ကိုထား၍ ငါမှု စားတော်မခေါ်ရသည်မှာ တစ်နပ်ရှိပြီ။ ထမင်းငတ်သောကြောင့် စားတော်ချက်ကို ငွေငါးဆယ်ပေး၍ ဆန်ဝယ်စေရသည်။ ဆန်တစ်စလယ်ကို ငွေငါးဆယ်ပေး၍ မရသောကြောင့် စားတော်ချက်တို့ကို ငါအပြစ်တော်တင်သည်။ ‘ဆန်မရှိကြောင်းကို ယမန်နေ့က နင် ငါ့ကိုမလျှောက်။ မရှိကြောင်းကို သိတာပြီကား မဟာဥပရာဇာ၊ ညီတော်အင်းဝမင်းတို့သို့ မှာစေ၍ မတောင်းရလော။ ယခု ငါဆင်စီးချင်းတိုက်တော်မူမည်ပြုမှ ထမင်းမစားရသည်’ဟုဆိုကာ စားတော်ချက်ကို ကွပ်မျက်သည်”

ပြောပြောဆိုဆို စားတော်ချက်ကို ကွပ်မျက်ပြီးမှ ဤသို့ ဆက်လက်မိန့်တော်မူသည်။

“ငါတို့မှ ထမင်းမစားရရှိသည်။ ဆင်းရဲသားတို့မှာကား အဘယ်ဆိုဖွယ်ရာ ရှိအံ့နည်း”

ပြည်ဘုရင်သည် တုရင်သိဒ္ဓိအမည်ရှိသော အမတ်တစ်ယောက်ကို ဗညားဒလနှင့် အတူထည့်လိုက်၍ ဘဝရှင်ဘုရားတပ်တော်သို့ သွားလေသည်။ ဆင်ဖြူများသခင် ဘဝရှင်မင်းတရားလည်း ဗညားဒလလာသည်ကို မြင်တော်မူလျှင် အပါးသို့ခေါ်ပြီး မေးတော်မူသည်။

“ယခု ငါတိုက်တော်မူမည်ကို ပသို့ထင်သနည်း”

ဗညားဒလသည် သုံးကြိမ်ဦးချပြီးမှ တင်လျှောက်သည်။

“လင်းစင်းမင်း ဤအရပ်၌ တပ်တောင်တာ တည်၍နေခြင်းကား အကြောင်းသုံးပါးဖြင့် ပြည့်စုံလေသည်။ ဘုန်းတော်ကြီးလှသော ဘဝရှင်ဘုရား ဤအရပ်၌ နေတော်မူခြင်းသည်ကား တစ်ပါးသော အကြောင်းကိုမျှ ကျွန်တော်မမြင်”

“လင်းစင်းမင်းနေခြင်း၌ အကြောင်းသုံးပါးဟူသည် အဘယ်နည်း”

မင်းတရားကြီးက မေးတော်မူသည်။

“လင်းစင်းမင်း သည်အရပ်မှာ တပ်ခိုင်တပ်လုံ တည်၍နေခြင်းသည်ကား ဘုန်းတော်ကြီးလှသော ဘဝရှင်ဘုရား ချီတော်မူစက ရဲမက်တော်အပေါင်းတို့သည် ကောင်းကင်၌ပြည့်သော ဆီးနှင်းပေါက်ကဲ့သို့ အလွန်များလှသည်။ ဆီးနှင်းပေါက်ကို နေရောင်ရောက်သည်ရှိသော် လွင့်ပျောက်သကဲ့သို့ ဆင်မြင်းဗိုလ်ပါ ယိုယွင်းလေပြီတည်းဟူ၍ အမှတ်ရှိရလေသည်လည်း အကြောင်းတစ်ပါး ဖြစ်ပါတော့သည်ဘုရား”

ရှုပါမင်း

□

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# နှာချေသံတစ်ချက်က မယားတစ်ယောက်ရ

## အောင်ချစ်မိုး(လသာ)

တစ်ခါက ဘုရင်ကြီးတစ်ပါးမှာ သားတော်တစ်ဦး ရှိသည်။ သူက အိမ်နီးချင်းနိုင်ငံမှ ဘုရင့်သမီးတော်လေးနှင့် မေတ္တာမျှနေသည်။ သို့သော် ဘခင်ဘုရင်ကြီးက သူ့ကို သဘောမတူ၍ သမီးတော်အား တစ်ပင်တိုင်မြန်နန်းမှာ ယင်ဖိုပင်မသန်းရအောင် အစောင့်အရှောက်များဖြင့် လုံခြုံစွာထားသည်။

တစ်ပြည်သူမရွှေထားကို အရခိုးဖို့ မင်းသားလေးက နည်းမျိုးစုံရှာဖွေလျက်ရှိသည်။ နည်းလမ်းတစ်စုံတစ်ခုမျှ မရရှိသေးချေ။

တစ်နေ့တွင် ဘခင်ဘုရင်ကြီး၏ ဓားလက်နက်စစ်ဆေးရေးမှူးကြီးအား စိတ်ဝင်စားခဲ့သည်။

ဓားလက်နက်လုပ်ကိုင်ရာ ပန်းပဲဌာနမှ ဓားမှန်သမျှ ဓားစစ်ဆေးရေးကြီးက စစ်ဆေးရသည်။ ဓားတစ်ချောင်း အသစ်ထွက်လာလျှင် သူက ဓားကို သူ့နှာခေါင်းပေါ်တင်၍ အနံ့ခံစစ်ဆေးသည်။ ဓားဌာနက သူ့ကို လာဘ်ငွေများများပေးလျှင် ဓားကောင်းတစ်လက်အဖြစ် သူက ထောက်ခံသည်။ လာဒ်ငွေမရခဲ့လျှင် သူစစ်ဆေးသောဓားကို တော်ဝင်ဓားအဖြစ် မထောက်ခံတော့ချေ။

တစ်ရက်တွင် ဓားစစ်ဆေးရန် ဓားသစ်တစ်လက် ရောက်လာသည်။ စစ်ဆေးနိုင်သူက ဓားစစ်ဆေးရေးမှူးအား လာဘ်ငွေတစ်ပြားတစ်ချပ်မျှပင် ပေးမထားခဲ့ပေ။ ထို့ကြောင့် ဓားညံ့ကြောင်း စစ်ဆေးရေးမှူးက ကြေညာသည်။

ဓားလုပ်သူက မကျေနပ်၍ ပန်းပဲဌာနပြန်ပြီး ဓားသစ်တစ်လက်ကို ဒုတိယမွှိပြုလုပ်သည်။ ဓားသစ်ကို ဓားအိမ်မှာထည့်သည်။ ဓားအိမ်ထဲသို့ ငရုတ်ကောင်းမှုန့်များ ပက်ထားသည်။ ထို့နောက် လက်နက်စစ်ဆေးရေးမှူးထံ ဓားသစ်ကို စစ်ဆေးခိုင်းသည်။

စစ်ဆေးရေးမှူးက ဓားသွားဘက်ကို ဂရုစိုက်ပြီး ဓားအိမ်မှထုတ်ကာ အနံ့ခံရန် သူ့နှာခေါင်းပေါ်တင်သည်။ သို့ရာတွင် ဓားမှာကပ်ပါလာသည့် ငရုတ်ကောင်းမှုန့်များကြောင့် နှာချေလိုက်ရာ ဓားသွားမှာ သူ့နှာခေါင်းထိပ်များ တီခနဲပြတ်ပါသွားသည်။

ထို့ကြောင့် သူ့နှာခေါင်းထိပ်မှာ ရွှံ့ဖြင့် နှာခေါင်းအတုလုပ်တပ်ထားခဲ့ရသည်။ နှာခေါင်းတုက ဆေးကြောင့် နှာခေါင်းအစစ်နှင့် မခြားနားပေ။ သို့ရာတွင် ဓားသွားစမ်းသပ်ရေး စစ်ဆေးမှူးတာဝန်ကို ရာသက်ပန်စွန့်လွှတ်ခဲ့သည်။

ဓားစစ်ဆေးရေးမှူး၏ နှာခေါင်းကိုမြင်ပြီးနောက် မင်းသားလေးမှာ အကြံကောင်းတစ်ချက်ရရှိခဲ့သည်။ သူသည် ရွှေ၊ ငရုတ်ကောင်းမှုန့်နှင့် အပြေးသန်သည့်မြင်းကောင်းတစ်စီးဖြင့် ချစ်သူမင်းသမီးလေး၏တိုင်းပြည်သို့ ထွက်ခွာခဲ့သည်။ သူ့ကြောင့် အကျဉ်းစံဖြစ်ရသည့် တစ်ပြည် သူထိပ်ထားအား ကယ်တင်သိမ်းပိုက်မည့်ခရီးဖြစ်သည်။

အမျိုးသမီးများ ရေခပ်ဆင်းရာမြစ်ဆိပ်မှာ မင်းသားလေးက စိတ်ရှည်စွာထိုင်စောင့်သည်။ မကြာခင် ထိပ်ထားလေး၏ အထိန်းတော်ကြီးသည် ရေခပ်ဆင်းလာသည်။

သူရေခပ်ရန် ဓားအညွှတ်တွင် မင်းသားကပိုက်ဆံအိတ်ထဲမှ တစ်စုံတစ်ရာကို ထုတ်ပေးသည်။ ကြိုးလေးတစ်ချောင်းပါတည်း။ ရွှေဆွဲကြိုးကုံးလေးတစ်ကုံး ဖြစ်နေသည်။

"ဒါ ဘာလုပ်ရမှာလဲရှင်"

"ကျွန်ုပ်ကို သေသေချာချာကြည့်ပါဦး။ မသိဘူးလား"

အထိန်းတော်ကြီးက စူးစိုက်ကြည့်ပြီးဖြေသည်။

"ထိပ်ထားလေးနဲ့ မေတ္တာမျှနေတဲ့ ဟိုဘက်နိုင်ငံက မင်းသားလေးပဲ။ ခက်တာက အသင်မင်းသားလေး



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

ကြိုးစားသလောက် အရာမထင်နိုင်ဘူး။ ထိပ်ထားကိုမြင်ဖို့တောင် မလွယ်ဘူးလေ။ ခမည်းတော်ဘုရင်ကြီးက သူ့ကို အကျဉ်းချပြီး လုံခြုံအောင်ထားတာ"

"မင်းကူညီရင် သူ့ကိုပါတွေ့နိုင်မှာပါ။ မင်းတို့တိုင်းပြည်မှာ အပမှီရင် အဲဒီမကောင်းဆိုးဝါးကို ဘယ်လိုမောင်းထုတ်မလဲ"

"လူနာကို ဘုရင်မင်းမြတ်ရဲ့ပန်းခြံထဲ ညကြီးမင်းကြီးမှာခေါ်ပြီး တံခါးဝနားက ကျောက်တုံးထိုင်ခုံပေါ် လဲလျောင်းစေတယ်။ သူ့အပေါ် ဂါထာမန္တန်တွေရွတ်ပြီး မကောင်းဆိုးဝါးကို နှင်ပစ်တာပဲ"

"တို့နိုင်ငံနဲ့ အတူတူပါပဲကွယ်။ မင်းက ဘုရင့်သမီးတော်ကို နာမကျန်းဟန်ဆောင်ခိုင်းပါ။ နောက်ဘုရင်ကြီးကို မကောင်းဆိုးဝါးဝင်ပြီး အပမှီနေကြောင်း သံတော်ဦးတင်ပါ"

"ဒါက သင်မင်းသားလေးကို အထောက်အကူဖြစ်နိုင်မယ် မထင်ဘူး။ သမီးတော်ကို ဘုရင့်နန်းတော်ထဲ လွှတ်ခဲ့ရင်တောင် ဘုရင့်လူတွေ အများကြီးပါမှာ"

"ဥယျာဉ်ခြံထဲက ကျောက်တုံးနေရာအောက်မှာပါ ပုန်းနေမယ်။ ငါ့ဆီက နှာချေသံကြားတာနဲ့ ဖိနပ်ချွတ်ပေတော့။ ကျန်ဘုရင့်လူတွေပါ နှင့်လိုလုပ်ခိုင်းပေါ့"

"ဪ··သိပြီ သိပြီ။ ကောင်းလိုက်တဲ့အကြံပဲ။ ကျွန်မ လုပ်နိုင်ပါတယ်"

အထိန်းတော်ကြီးသည် ရေအိုးကို ရေအပြည့်ဖြင့် ရွက်ပြီး ခုန်တော်ထက်ပြန်သွားသည်။

× × ×

အထိန်းတော်ကြီးက သမီးတော်ထံ ချက်ချင်းသွားသည်။

"ထိပ်ထားလေးဘုရား မောင်တော်နဲ့ တွေ့ခဲ့ပါတယ်ဘုရား။ ထိပ်ထားကို အဝေးကို တစ်ပါတည်းခေါ်မလို့တဲ့ဘုရား"

"ဟဲ့···ဘယ်လို ဘယ်လို"

သမီးတော်က ခပ်ကျယ်ကျယ်ပြန်မေးသည်။

"နာချေမယ့်စိတ်ကူးနဲ့ပါ အရှင်မ"

သမီးတော်ကို မင်းသားလေး၏ စိတ်ကူးစိတ်သန်းများအား ပြောပြသည်။

"ကဲ···ငါ နာမကျန်းဘူးကွယ့်။ အိပ်ရာထဲပို့ပေတော့ အထိန်းတော်ကြီး"

မင်းသမီးလေးက ပျော်ရွှင်စွာမိန့်ကြားသည်။

သမီးတော်ကို အိပ်ရာထဲပို့ပြီး အထိန်းတော်ကြီးသည် ဘုရင့်ထံဆက်သွားသည်။

"အရှင်မင်းကြီးဘုရား သမီးတော်လေး နာမကျန်းဖြစ်နေပါတယ်ဘုရား။ အိပ်ယာထဲလဲနေပါတယ်ဘုရား။ သူ့ကို မကောင်းဆိုးဝါးဝင်ပူးမှာ စိုးရိမ်ရပါတယ်ဘုရား"

"အေး···ငါကိုယ်တိုင်လိုက်ကြည့်မယ်"

သမီးတော်လေးအိပ်ရာနား ရပ်ကြည့်သည်။ ဘုရင်ကြီး နန်းတော်ထဲအဝင် သမီးတော်လေးကို ဂနာမငြိမ်စွာ လူးလှိမ့်ရှားနေတာမြင်ရသည်။

"အင်း···အထိန်းတော်ကြီးပြောတာမှန်တယ်။ သမီးတော်လေးမှာ ပယောဂတွေ ဝင်ပူးနေတာပဲ။ မှောင်တာနဲ့ နန်းတွင်းဥယျာဉ်တော်ထဲခေါ်ပြီး ထုံးစံအတိုင်း အစွဲပြုတ်အောင်ချွတ်ကြ"

"ဒါပေမယ့် သမီးတော်လေး အဲဒီကိုခေါ်ဖို့ရာ လုံခြုံမှုရှိပါ့မလားဘုရား"

"လုံခြုံရေး၊ ဘာလို့မလုံခြုံရမှာလဲ။ မင်းတို့နောက်ကို ငါ့လူတွေပါ ခေါ်သွားပေါ့"

အထိန်းတော်ကြီးက ဘုရင့်အမိန့်ဖြင့် ဘုရင့်လူတွေကိုခိုင်းသည်။

"ဥယျာဉ်ခြံထဲကို နေ့စဉ် မောင်မင်းတို့ ဂရုစိုက်ကြနော်။ သမီးတော်ရဲ့ကိုယ်ခန္ဓာထဲက အပ ပယောဂထွက်ရင် ချောင်းမြုံးကြားမယ်။ အပက တွေ့ရာလူထဲဝင်တတ်တယ်။ အဲဒီပယောဂကောင် ထွက်နိုင်အောင် လမ်းရှင်းပေးထားကြ"

"အဲဒီလိုလုပ်ဖို့ ခင်ဗျားအကြံပြုတာ လိုက်နာရုံပေါ့"

လူတွေက အထိန်းတော်ကြီးကို ပြန်ဖြေသည်။

ညမှောင်သည်နှင့် ချက်ချင်း ကျောက်တုံးထိုင်ခုံအောက်မှာ မင်းသားကဝင်ပုန်းသည်။ ထိုင်ခုံက ဥယျာဉ်ခြံတံခါးနားမှာရှိသည်။ မလှမ်းမကမ်းသစ်ပင်တွေကြားမှ မြင်းကိုဖွက်ထားသည်။ သူနှင့်အတူ ရေတကေားမှန်



www.burmeseclassic.com

www.burmeseclassic.com

ဆောင်ယူခဲ့သည်။

မကြာမီ ဘုရင့်လူတွေသည် သမီးတော်လေးကို ဆောင်ယူလာကြသည်။ ပလ္လင်ပေါ်မှာ အထိန်းတော်ကြီးပါ လိုက်လာသည်။ ကျောက်ပလ္လင်ထက်ဝယ် သမီးတော်ကို လဲလျောင်းစေပြီး သူ့ဘေးမှာ အထိန်းတော်ကြီးရပ်နေသည်။

"အားလုံးနောက်ဆုတ်ကြ။ ပယောဂကောင်ရဲ့ နှာချေသံကြားတာနဲ့ မင်းတို့ ဂရုစိုက်ကြ၊ ကြားလား"

လူတွေကို အမိန့်ပေးပြီး လဲလျောင်းနေသည့်သမီးတော်အပေါ်မှာ ရောဂါပျောက်စေမည့် ဂါထာမန္တရားများ ရွတ်ဖတ်သည်။ ရွတ်သံဆုံးသောအခါ ထိုင်ခုံအောက်ရှိ မင်းသားက ငရုတ်ကောင်းမှုန့်ကို သူ့နှာခေါင်းထဲထိုးထည့်သည်။ သူ၏နှာချေသံကြီးက ဟိန်းထွက်လာသောအခါ ဘုရင့်လူများ တုန်လှုပ်ပြီး အသက်ဘေးမှ ဝေးအောင်ပြေးထွက်ကြသည်။

ကျောက်တုံးခုံအောက်မှ မင်းသားထွက်လာသည်။

"မြန်မြန် မြင်းရှိရာပြေးကြ"

အထိန်းတော်ကြီးက အော်သတိပေးသည်။

"အသင်တို့နဲ့အတူ ကျွန်တော်မျိုးမပါလိုက်မယ်။ ဘုရင့်မြင်းကောင်းတစ်စီးယူထားတယ်"

မင်းသမီးလေးကို မင်းသားက မြင်းပေါ်တင်သည်။ တစ်ညလုံး မြင်းစီး၍ပြေးထွက်လာကြသည်။ အရုဏ်လင်း မိုးလင်းခါနီးချိန် မင်းသားလေး၏နန်းတော်ရောက်၍ လက်ထပ်ထိမ်းမြားမင်္ဂလာပွဲ ကျင်းပခဲ့ကြသည်။

အချိန်မီဟု ဆိုရပေမည်။ ဘုရင်အိုကြီးနတ်ရွာစံသွား၍ မင်းသားလေးမှာ ဘုရင်အဖြစ် အထွတ်အထိပ်ရောက်ရှိသည်။ ဓားလက်နက်စစ်ဆေးရေးမှူးအား နေရာကောင်းပေး၍ သူ့ကောင်းပြုသည်။ တစ်ခါတစ်ရံ ရာသီဥတု အပူရှိန်ကြောင့် ဓားစစ်ဆေးရေးမှူး၏ နှာခေါင်းအတွက် အရည်ပျော်လာတတ်ရာ သူက ရှက်ရှက်နှင့် သူ့ခေါင်းငုံ့ထားသည်။

သို့သော် မင်းသားက အော်ဟစ်အားပေးသည်။

"ဘာမှ အားမငယ်ပါနဲ့။ နှာချေသံကြောင့် ကံဆိုးမိုးမှောင်ကျပေမယ့် တချို့ နှာချေသံက ကံကောင်းခြင်းလက်ဆောင်ဖြစ်တယ်။ နှာချေသံက ခင်ဗျားနှာခေါင်းပြတ်သွားပေမယ့် ကျွန်ုပ်အတွက် မယားတစ်ယောက်ရလို့ ကံကောင်းတယ်။ သင့်ကျေးဇူးရှိပါတယ်။ သင့်နှာချေသံက ကျွန်ုပ်အဖို့ ကံကောင်းမှုဖြစ်တယ်"

ဘုရင်က ထပ်မိန့်သည်။

"တစ်ခုပဲရှိတယ်။ နောက်ထပ် လောဘမထားနဲ့ ပေါ့နော်"

ဓားစစ်ဆေးရေးမှူးသည် လာဘ်စားမှုကို လုံးဝရှောင်ကြဉ်ခဲ့ရမှ ရိုးသား၍ ပညာရှိလူသူတော်ကောင်းဘဝရောက်ခဲ့ပေသည်။

**[ The Sneeze that won a wife by Isabel Wyatt. ]**

**အောင်ချစ်စိုး(လသာ)**

□

## Did you know?

### <u>မော်စီတုံး၏ ယဉ်ကျေးမှုတော်လှန်ရေး</u>

မော်စီတုံးသည် ယဉ်ကျေးမှုတော်လှန်ရေးကို ၁၉၆၆ ခုနှစ်တွင် စတင်ခဲ့သည်။

### <u>ကာဘူကီ ဂျပန်က ဇာတ်</u>

ကမ္ဘာကျော် ကာဘူကီ ဂျပန်ကဇာတ်သည် ယောက်ျားသရုပ်ဆောင်များချည်းသာ ကပြသည့် ဇာတ်ဖြစ်ပြီး တချို့သည် အမျိုးသမီးကဲ့သို့ လှပစွာ ဝတ်စားဆင်ယင်ကာ ကပြကြသည်။

**[ Encyclopedia of Questions and Answers ဇာအုပ်မှ •]**



www.burmeseclassic.com

www.burmeseclassic.com

# ရှင်ဦးကောင်း



ရှီးရှီး ၁၀ တန်းစာမေးပွဲကို နှစ်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့လေ၏။

ရှီးရှီးသည် မူလတန်းမှ အလယ်တန်း၊ အထက်တန်းအထိ ဘာသာရပ်အတော်များများနှင့် ထိတွေ့ခဲ့ရဖူးလေ၏။

အရွယ်နှင့်မလိုက်အောင်ပင် သင်ခန်းစာများကို ကျက်မှတ်ရသည့် ဘာသာရပ်များကြောင့် စာက လူကိုနိုင်သည့်အတွက် လပတ်စာမေးပွဲများတွင်လည်း မင်နီကွင်းများဖြင့် ရိပို့စ်ကတ်ထွက်လာရာ မိဘတို့၏ ဆူပူကြိမ်းမောင်းခြင်းကို မကြာခဏခံရရှာလေ၏။

စာကျက်သော်လည်း ကျက်နည်း၊ မှတ်နည်းမမှန်သောကြောင့် အရာမထင်၍ မထိရောက်သောကြောင့် စာမေးပွဲကျသည့်အခါ မိခင်ဖြစ်သူက စာသင်သားများနှင့် သာမက အရွယ်မရွေး ကျင့်သုံးဆောင်ရွက်သင့်သော အကြောင်းအရာများကို လမ်းညွှန်ခဲ့ဖူးလေ၏။

ထို့ကြောင့် ရှီးရှီးသည် မိခင်လမ်းပြခဲ့မသွန်သင်သင်သည့်အတိုင်း တစ်သဝေမတိမ်း လိုက်နာဆောင်ရွက်နိုင်သည့်အတွက် အလယ်တန်းမှ အထက်တန်းအထိ သင်ခန်းစာများကို အလွယ်တကူကျက်မှတ်၍ ဘာသာတိုင်းကို အမှတ်ကောင်းကောင်းဖြင့် ဖြေဆိုအောင်မြင်ခဲ့ရလေ၏။

▲▲▲

တစ်ခါက မြစ်ကမ်းနံဘေးရှိ ကျေးရွာကလေးတစ်ရွာမှ တံငါသည်တစ်ဦးသည် ညနေ နေဝင်ရီရောအချိန်တွင် ငါးဖမ်းပိုက်ကွန်တစ်လက်နှင့် မြစ်ရိုးတစ်လျှောက်

www.burmeseclassic.com

ငါးဖမ်းထွက်ခဲ့လေ၏။

တစ်ခဏကြာသောအခါ ရွှယ်တူ ငါးသုံးကောင်ကို ဖမ်းမိရာ ထိုငါးသုံးကောင်ကို လှေဝမ်းအတွင်း ချထားလိုက်လေ၏။

ထိုငါးသုံးကောင်အနက် တစ်ကောင်သောငါးက

"ငါသည် ဝီရိယကို စိုက်ထုတ်၍ လှေဝမ်းအတွင်းမှ ခုန်ထွက်ပါက တစ်ကြိမ်ကြိမ်တွင် မြစ်ပြင်ရေနက်ထဲသို့ ရောက်မည်"

ဟု ဆိုကာ စဉ်းစားကြံဆကာ လှေဝမ်းအတွင်းမှ မရပ်မနား ဝီရိယအားစိုက်ပြီးလျှင် တဖျတ်ဖျတ်ဖြင့် ခုန်လေတော့၏။

ထိုငါးပြုလုပ်နေသည်ကို တံငါသည်က မြင်တွေ့သွားရာ ငါးလွတ်မည်ကို လွန်စွာမှ စိုးရိမ်သဖြင့် လှော်တက်ဖြင့် ငါး၏ ဦးခေါင်းကို ရိုက်ခွဲသတ်လိုက်လေတော့၏။

ထိုဖြစ်စဉ်ကို မြင်တွေ့လိုက်ရသည့်အခါ ကျန်ငါးနှစ်ကောင်အနက် တစ်ကောင်သောငါးက -

"ကံကို အကြောင်းပြု၍ ကံအကျိုးပေးကောင်းနှင့်ကြုံသည့်အခါ လှေဝမ်းအတွင်းမှ လွတ်မြောက်အံ့"

ဟု ဆိုကာ မလှုပ်မယှက်နေလေတော့၏။

တစ်ကောင်သော ငါးသည်မှာကား -

"ငါ့အရင် ငါးသည် ဖျတ်ဖျတ်လူးခုန်ထသဖြင့် တံငါသည်၏ လှော်တက်စာမိသွားပြီး ခေါင်းတစ်ခုလုံး မွမွကြေကာ သေပွဲဝင်ရလေပြီ။ နောက်တစ်ကောင်သော ငါးသည် မလှုပ်မယှက် ကံကို ယိုးမယ်ဖွဲ့၍ ဆုံးပုံနှင်းလေပြီ။ ငါသည်ကား အခွင့်ကိုကြည့်၍ ဝီရိယနှင့် ဉာဏ်ကို အားစိုက်ထုတ်၍ ကံပေးမည့်အချိန်ကို စောင့်မည်"

ဟု ဆိုကာ ကြံစည်၍ တဖြည်းဖြည်းချင်း လှုပ်ရှားလျက်ရှိလေတော့၏။

ထိုအချိန်မှာပင် တံငါသည်၏ လှေသည် တစ်ဖက်သို့အတွေ့တွင် အနည်းငယ်စောင်းသွားသဖြင့် ထိုအခွင့်ကိုမျှော်နေသော ငါးသည် -

"ကံတော့ပေးလေပြီ။ ဝီရိယအားစိုက်ထုတ်ပြီး ဉာဏ်ဖြင့် စောင့်ရမည်"

ဟုဆိုကာ ရုတ်တရက် လှေအတွင်းမှ ခုန်ထွက်လိုက်သည့်အတွက် မြစ်ပြင်ကျယ်ရေဇလာထဲသို့ ရောက်ရှိလွတ်မြောက်သွားလေတော့၏။

ထိုအချင်းအရာကိုမြင်သော တံငါသည်က လွန်စွာမှငြိမ်သက်နေသောငါးကို စိတ်ချရစေရန် ခေါင်းကို လှော်တက်ဖြင့် ထုချလိုက်ရာ ကံကိုပုံ၍ ငြိမ်နေသည့် ငါးသည်လည်း သေပွဲဝင်ရပြန်လေတော့၏။

မိခင်ပြောပြသည့် 'တံငါသည်နှင့် ငါးသုံးကောင်' ၏ ပုံပြင်ကိုသိရသော ရိုးရိုးမှာ ထိုအချိန်မှစ၍ ကံ၊ ဉာဏ်၊ ဝီရိယ သုံးပါးတို့ကို လိုက်လျောညီထွေ သူနေရာနှင့်သူ ကိစ္စကြီးငယ်တိုင်း အသုံးချခဲ့သဖြင့် အရာရာသည် အောင်မြင်ပြီးမြောက်ရလေ၏။

▲▲▲

သားတို့၊ သမီးတို့ရေ • •အထက်က ပုံပြင်တွေ့လေးကို မှတ်သားကြပြီး မည်သည့်ကိစ္စအကြောင်းအရာမဆို ကံ၊ ဉာဏ်၊ ဝီရိယတွေကို တွေးခေါ်မြော်မြင်ပြီးလျှင် အောင်မြင်မှုပန်းတိုင်ကို လှမ်းကိုင်နိုင်မည်ဖြစ်ကြောင်း ဘဘအောက်တိုဘာအောင်ကြီးက မေတ္တာရည်လျက် ထပ်လောင်းဖော်ပြပေးလိုက်ရလေတော့သတည်း။

သမီးနှင့် သူ၏သူငယ်ချင်းများအတွက် • •

**အောက်တိုဘာအောင်ကြီး**

□



www.burmeseclassic.com



# ESSAY WRITING

**Outlines**

1. Almost everyone possesses a mobile phone
2. Advantages and disadvantages of this tool
3. Advantages for children
4. Disadvantates for children
5. Mobile phone technoligy for children is needed to use properly

## Mobile Phone For Children

Nowadays, almost everyone possesses a mobile phone. Here still there are many advantates and disadvantage of this tool. For Children if we provide mobile it will help them when they are in class. It means that if they are being late from the classess they can send message at home by using phone or they can also call.

With the increasing numbers of crimes such as rape and kidnapping in modern times, it is good for children to have a mobile phone. If ever they are in such a situation, they can transfer the news by means of text messaging or authorities can locate the place. Even if they want some general knowledge they can search on cell phone by using INTERNET in it.

However, there are some disadvantages. Children are not concentrating on their studies or listening to teachers as they are sending message to their friends or their boyfriend or girlfriend. They are even not doing the homework they have been given. As a result, there is an increase in the number of failures at school. This is not good for children or their future as they need good marks for university or a good job. Nevertheless, mobile phone technology for children definitely has its advantages if the negative aspect is duly recognized and neutralized.

**Glossary**

1. Nowadays, almost everyone possesses a mobile phone. = ယနေ့ခေတ်မှာ လူတိုင်းလိုလိုဟာ မိုဘိုင်းဖုန်းပိုင်ဆိုင်နေကြပြီဖြစ်တယ်။
2. For Children if we provide mobile it will help them when they are in class. = ကလေးများအတွက် ကျွန်တော်တို့က မိုဘိုင်းဖုန်းကို စီစဉ်ပေးထားရင် သူတို့တစ်တွေ စာသင်ခန်းမှာ ရှိတဲ့အချိန်မှာ ၎င်းက အထောက်အကူပေးပါလိမ့်မယ်။
3. It means that if they are being late from the classess they can send message at home by using phone or they can also call. = ဆိုလိုတာကတော့ သူတို့တစ်တွေ ကျောင်းပြန်နောက်ကျတဲ့အခါ ဖုန်းကိုအသုံးပြုပြီး အိမ်ကို မက်ဆေ့တွေ ပို့ပေးနိုင်တယ်၊ ဒါမှမဟုတ် ဖုန်းခေါ်နိုင်ပါတယ်။
4. With the increasing numbers of crimes such as rape and kidnapping in modern times, it is good for children to have a mobile phone. = ယနေ့ခေတ်အချိန်အခါမှာ မုဒိမ်းမှုနဲ့ ပြန်ပေးဆွဲတဲ့အမှု



www.burmeseclassic.com

www.burmeseclassic.com

တို့ကို ပြစ်မှုအရေအတွက်များစွာ တိုးပွားလာတာကြောင့် မိုဘိုင်းဖုန်းရှိတာဟာ ကလေးတွေအတွက် ကောင်းပါတယ်။

5. If ever they are in such a situation, they can transfer the news by means of text messaging or authorities can locate the place. = ကလေးတွေဟာ ထိုကဲ့သို့သော အခြေအနေမျိုးမှာ ကျရောက်နေရင် မက်ဆေ့တွေ ရိုက်ပို့တဲ့နည်းလမ်းနဲ့ သတင်းတွေကို လွှဲပြောင်းပေးနိုင်တယ်၊ ဒါမှမဟုတ်ရင်လည်း တာဝန်ရှိသူတွေက တည်နေရာကို သိနိုင်ပါတယ်။
6. Even if they want some general knowledge they can search on cell phone by using INTERNET in it. = သူတို့တစ်တွေဟာ အထွေထွေဗဟုသုတတွေကို သိချင်ရင်တောင် ဖုန်းထဲမှာပါတဲ့ အင်တာနက်ကို အသုံးပြုခြင်းဖြင့် ဖုန်းကနေတစ်ဆင့် ရှာဖွေနိုင်ပါတယ်။
7. Children are not concentrating on their studies or listening to teachers as they are sending message to their friends or their boyfriend or girlfriend. = ကလေးတွေဟာ သူတို့ရဲ့သူငယ်ချင်းတွေ ဒါမှမဟုတ် ချစ်သူရည်းစားတွေဆီ မက်ဆေ့တွေပို့နေရင်တော့ သူတို့ရဲ့ သင်ခန်းစာတွေမှာ အာရုံစူးစိုက်တော့ခြင်းမရှိသလို၊ သို့မဟုတ် ဆရာတွေ စာသင်နေတာကို နားထောင်နေကြတော့မှာ မဟုတ်ပါ။
8. They are even not doing the homework they have been given. = သူတို့ကိုပေးလိုက်တဲ့ အိမ်စာကိုတောင် လုပ်ကြတော့မှာ မဟုတ်ပါဘူး။
9. As a result, there is an increase in the number of failures at school. = ရလဒ်ကတော့ ကျောင်းမှာ ကျရှုံးမှုအရေအတွက်တွေ တိုးပွားလာတာပဲ ဖြစ်ပါတယ်။
10. This is not good for children or their future as they need good marks for university or a good job. = ဒါဟာ ကလေးတွေအတွက်၊ သို့မဟုတ် သူတို့ရဲ့အနာဂတ်အတွက် မကောင်းပါဘူး။ အကြောင်းကတော့ သူတို့ဟာ တက္ကသိုလ်တက်ဖို့အတွက်၊ အလုပ်ကောင်းကောင်းရဖို့အတွက် အမှတ်ကောင်းကောင်း လိုအပ်နေလို့ပါ။
11. Nevertheless, mobile phone technology for children definitely has its advantages if the negative aspect is duly recognized and neutralized. = ဘယ်လိုပဲဖြစ်ပါစေ ကလေးများအတွက် မိုဘိုင်းဖုန်းနည်းပညာမှာ ၎င်းရဲ့အားသာချက်တွေရှိပါတယ်။ အဆိုးမြင်မှုကို မှန်မှန်ကန်ကန်အသိအမှတ်ပြုပြီး လျော့နည်းသွားအောင်လုပ်မယ်ဆိုရင်ပေါ့။

**ဦးဦးကျော်**

❏

## Did you know?

### ပန်းချီဆရာ၏ စက်ဘီးဒီဇိုင်း

ရှေးအကျဆုံး စက်ဘီးတစ်စီးမှာ ကမ္ဘာကျော်ပန်းချီဆရာကြီး 'လီယိုနာဒိုဒါဗင်ချီ' ရေးဆွဲခဲ့သော ဒီဇိုင်းပုံဖြစ်သည်။

[ I Know About စာအုပ်မှ • ]



www.burmeseclassic.com

www.burmeseclassic.com

# ဒါတွေသိပါသလား

ကျော်စည်ငြိမ်း


## ကားမောင်းကြမ်း၍ ဒဏ်ဆောင်ရသူ

တစ်ခါက ဂျော့သွန်းတန် George Thornton ဆိုသူသည် ၁၉၀၁ ခုနှစ်က တစ်နာရီလျှင် ၁၀ မိုင်နှုန်း ကားအမြန်မောင်းနှင်မှုဖြင့် ဒဏ်ငွေထမ်းဆောင်ခဲ့ရသည် ဟုဆိုသည်။




## ငါးပိုမိုဖမ်းဆီးရရှိနိုင်သည့် သမုဒ္ဒရာ

ကမ္ဘာ့တိုက်ကြီးများ၏ ကမ်းခြေရေပြင်တွင် ဖမ်းဆီးရသမျှ ငါးအားလုံးသည် သမုဒ္ဒရာရေပြင်ယာအတွင်း ဖမ်းဆီးရသမျှ ငါးများထက် ၁၀ ရာခိုင်နှုန်းလျော့နည်းလေသည်။



## နာကျင်မှုမရှိသည့် ဦးနှောက်

ဦးနှောက်သည် နာကျင်မှုကို မခံစားနိုင်ပေ။ ခေါင်းကိုက်ခြင်းသည် ဦးနှောက်က ဖြစ်ပေါ်လာခြင်းမဟုတ်ဘဲ ဦးနှောက်သွေးရှိကြွက်သားနှင့် နာဗ်ကြောများမှ ဖြစ်ပေါ်လာခြင်း ဖြစ်သည်။




## လူဦးရေထူထပ်သည့် မြို့တော်

မက္ကဆီကိုမြို့တော်တွင် နေထိုင်သည့် လူဦးရေသည် နော်ဝေနိုင်ငံတွင် နေထိုင်သည့်လူဦးရေထက် သုံးဆနီးပါး များပြားလေသည်။






www.burmeseclassic.com

www.burmeseclassic.com

## အသုံးဝင်သည့် ပဲပိစပ်

ပဲပိစပ် Soya beans ကို ကော် (glue)၊ ဆိုးဆေး (paint) ပလတ်စတစ်နှင့် ပေါက်ကွဲပစ္စည်းများ ပြုလုပ်ရာတွင် ထည့်သွင်းအသုံးပြုကြသည်။



## နောက်ပြန်မကူးနိုင်သည့်ငါး

သမုဒ္ဒရာ၏ ရွှေ့လျားမှုအရှိန်အဟုန် သဘာဝတရားကြောင့် ပင်လယ်ရေငန် ငါးသတ္တဝါများသည် နောက်ပြန်မကူးခပ်နိုင်ကြချေ။

[ Illustrated Fascinating Facts you wouldn't know! စာအုပ်မှ • •]

ကျော်စည်ငြိမ်း

□

## မတူတဲ့အချက်တွေကို ဖော်ပြပေးပါ

ကလေးတို့ရေ • •

ဖော်ပြထားတဲ့ ပုံရှစ်ပုံမှာ လက်ဝဲဘက်ထိပ်ဆုံးက ပုံမှလွဲပြီး ကျန်ပုံခုနစ်ပုံစလုံးဟာ အနည်းငယ်စီ လွဲနေကြပါတယ်။ လက်ဝဲဘက်ထိပ်ဆုံးပုံက ပြီးပြည့်စုံတဲ့ပုံဖြစ်ပြီး ယင်းပုံကို စံထားကာ တစ်ပုံချင်းစီအလိုက် ဘာတွေကွဲပြားနေကြသလဲဆိုတာ ဖော်ပြပေးရမယ်။ အဖြေကို စာမျက်နှာ ၁၆၀ မှာ ဖော်ပြပေးထားပါတယ်။






www.burmeseclassic.com

www.burmeseclassic.com

လွန်ခဲ့သောနှစ်သန်းပေါင်းများစွာ ကမ္ဘာဦးခေတ်တုန်းက ဒိုင်နိုဆောမျိုးနွယ်ဝင် အပါတိုဆောရပ်မျိုးစိပ်မှ လယ်သမားမောင်နှံ အိုင်ဒါနှင့်ဟင်နရီတို့မှာ လစ်ဘီ၊ ဘတ်နှင့် အာလို အမည်ရှိသော ကလေး သုံးယောက်ရှိသည်။ လစ်ဘီနှင့် ဘတ်တို့က မိဘလယ်ယာလုပ်ငန်းကို တာဝန်ကျေပွန်စွာလုပ်ကြသော်လည်း သူရဲဘောကြောင်သော အာလို့အတွက် သူ့တာဝန်များမှာ ခက်ခဲကြသည်။ ဖခင်ဖြစ်သူ ဟင်နရီက အာလို့အား ပိုးမွှားသတ္တဝါများ မဖျက်ဆီးစေရန် ရိက္ခာသိုလှောင်သော မြေမြှုပ်ကျီကို စောင့်ကြပ်စေပြီး ထောင်ချောက်များထောင်ရာ၌ ဝင်ကူခိုင်းသည်။


တစ်နေ့၌ ဂူအောင်းလူသားကောင်လေးတစ်ယောက်ကို ထောင်ချောက်ထဲမိသော်လည်း အာလိုက မသတ်ချင်သောကြောင့် ၎င်းလွတ်သွားရာ ဟင်နရီက လျှိုကြီးတစ်ခုကိုဖြတ်၍ အာလိုနှင့်အတူ ၎င်းကို ခြေရာခံလိုက်ရာစဉ် မိုးများရွာချသည်။ မိုးက ပိုကြီးလာပြီး ရေကြီးရေလျှံမှုကြောင့် ဒဏ်ရာရထားသော အာလို့ကို ကယ်တင်လိုက်သော ဟင်နရီမှာ ရေထဲမျောပါပြီး သေဆုံးသွားသည်။

ဖခင်ကြီးမရှိတော့၍ အာလိုက ဆောင်းရာသီမဝင်ခင် ကောက်ပဲသီးနှံများကို မိခင်နှင့်အတူ ရိတ်သိမ်းပေးရသည်။ မြေမြှုပ်ကျီကြီးအတွင်း၌ ဂူအောင်းလူသားလေးကိုပြန်တွေ့ရသောအခါ အာလိုက လိုက်ဖမ်းရာ ၎င်းတို့နှစ်ဦးစလုံး မြစ်ထဲပြုတ်ကျပြီး အာလို့ဦးခေါင်း ကျောက်တုံးကြီးနှင့်ဆောင့်မိ၍ သတိလစ်သွားသည်။ သတိရလာသောအခါ အိမ်မပြန်တတ်သော အာလို့အား ကောင်လေးက ဘယ်ရီသီးအချို့ လာကျွေးပြီး ထိုအပင်ဆီကို လိုက်ပို့စဉ် မြွေတစ်ကောင်တိုက်ခိုက်သဖြင့် ကောင်လေးက မြွေကိုခုခံတိုက်ခိုက် အနိုင်ယူရာ အာလို့အံ့အားသင့်သွားသည်။ အနီးရှိ စတိုင်ရာဆောရပ်(စ်)မျိုးစိတ်ဝင် 'ဖောရက်(စ်)'ကလည်း ကောင်လေး ဖျတ်လတ်ပုံမြင်လိုက်၍ သဘောကျသွားသည်။

အာလိုက ၎င်းကို 'စပေါ့'ဟု နာမည်ပေးပြီး ၎င်းတို့နှစ်ဦး ခရီးဆက်ကြရာ အာလိုက သူ့မိဘတွေအကြောင်း ပြောပြသလို စပေါ့ကလည်း သူ့မိဘနှစ်ပါးသေဆုံးသွားပြီဟု ဖွင့်ပြောသည်။ ၎င်းတို့ တစ်ညနားပြီး မိုးလင်းသောအခါ မုန်တိုင်းကျသဖြင့် အာလိုက သူ့ဖခင်သေဆုံးပုံကို ပြန်သတိရပြီး လွတ်ရာကျွတ်ရာသို့ ရှောင်ပြေးသည်။ မုန်တိုင်းစဲပြီး နောက်နေ့မနက်တွင် အာလိုက စပေါ့ကို သူ့နံဘေး၌တွေ့ရပြီး 'သန်းဒါးကလက်(ပ်)'



www.burmeseclassic.com




ဆိုသူ ဦးဆောင်သည့် အသားစားတဲရီ့ ဒက်တိုင်း(လ်) ငှက်ကြီးအုပ်စုနှင့် ပက်ပင်းတိုးကြသည်။ စိတ်ထား ကောင်းသော နက်(ရှ်)နှင့် ရမ္မဆေး ဆိုသည့် 'တီ-ရက်(စ်)' သတ္တဝါစုံတွဲက ထိုငှက်များကို မောင်းထုတ်၍ အာလိုတို့အား ကယ်တင်လိုက်ကြသည်။

ငင်းတို့စုံတွဲက ရမ္မဆေး၏ဖခင်ကြီး ဘွတ်(ချ်)ထံ အာလိုနှင့်စပေါ့တို့ကို ခေါ်သွားသောအခါ ဘွတ်(ချ်)က ပျောက်ဆုံးနေသော ၎င်း၏နွားအုပ်ကိုကူညီရှာဖွေခိုင်းသည်။ နွားအုပ်ကို စပေါ့က ရှာတွေ့သော်လည်း အပြေးသန်သော ဗဲလိုစီရက်(ပ်)တာသတ္တဝါကောင်အုပ်က ဘွတ်(ချ်)နွားအုပ်ကို ခိုးယူဖို့ကြံစည်နေကြောင်း အာလိုရိပ်မိ၍ ၎င်းတို့ကို ဝေးရာသို့ ဖြားယောင်းခေါ်ဆောင်သွားသည်။ ဘွတ်(ချ်)နှင့် သူ့ကလေးများကို ရန်မူသည့် 'ဗဲလို'များကို အာလိုကက အောင်မြင်စွာ တိုက်ခိုက်လိုက်သည်။ ဘွတ်(ချ်)မိသားစုက အာလိုကို လေးစားသွားပြီး ၎င်းတို့နေရပ်တည်ရှိရာ နယ်မြေသို့ လမ်းပြပို့ဆောင်ပေးကြသည်။

လမ်းခုလတ်၌ မုန်တိုင်း ထပ်မံကျခါနီးတွင် တဲရီဒက်တိုင်း(လ်)ငှက်ကြီးများက လာတိုက်ခိုက်ပြန်ရာ ယခု





www.burmeseclassic.com

www.burmeseclassic.com





တစ်ကြိမ်၌ စပေါ့ကို သုတ်ချီသွား၍ အာလိုကျန်ရစ်ခဲ့သည်။ အာလိုက လက်လျှော့မည်အပြု သူ့ဖခင်ဟင်နရီက အိမ်ပြန်ပို့ပေးပုံကို သူ အာရုံရသည်။ သို့သော် အာလိုက စပေါ့ကိုချစ်၍ သွားကယ်ရန် ဆုံးဖြတ်ချက်ချရာ ဟင်နရီ့ဝိညာဉ် ပျောက်ကွယ်သွားသည်။

ထို့နောက် စပေါ့ကို မြစ်အနီး၌ချောင်ပိတ်ဖမ်းထားသော ငှက်များကိုတိုက်ခိုက်ပြီး ရေထဲပစ်ချကာ ၎င်းတို့လည်း ရေစီးထဲမျောပါသွားလေသည်။ ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများဖြစ်ပြီး လှိုင်းထန်လာသဖြင့် အာလိုနှင့်စပေါ့တို့ ရေတံခွန်ကြီးဆီ မျောပါသွားပြီး အောက်ပြုတ်ကျသည်။ စပေါ့ကို အာလိုက ကမ်းခြေပေါ် ပွေ့ချီပို့ပေးပြီးနောက် ၎င်းသတိရလာသည်။ အာလိုနှင့်စပေါ့တို့ ခရီးဆက်သောအခါ ဂူအောင်းလူသားတစ်ဦး၏ မိသားစု အော်ခေါ်သံများကြားရပြီး အာလို၏လယ်တောကို တွေ့ကြရသည်။

အာလိုနှင့်စပေါ့တို့ မျက်ရည်ဝဲလျက် နှုတ်ဆက်လမ်းခွဲကြပြီး အာလိုလည်း သူ့မိခင်နှင့်မွေးချင်းများထံ ပြန်ရောက်သည်။ မကြာမီ မြေမြုပ်ကျိုကြီးပေါ်ရှိ သူ့မိခင်နှင့် ဖခင်တို့၏ခြေရာများကြား ရွှံ့ပေါ်၌ အာလို့ခြေရာ ဖိနှိပ်၍မှတ်တမ်းတင်ခွင့်ရရှိသွားလေတော့သည်။

*

*Megan Fauve ဇာတ်ညွှန်းကို ဒါရိုက်တာ Peter Sohn ရိုက်ကူးပြီး Raymond Ochoa, Anna Paquin နှင့် Sam Elliottတို့က အသံဖြင့် သရုပ်ဆောင်ထားသည့် ဤဇာတ်ကားမှာ ယခင်က တစ်နှစ်တစ်ကားသာ ထုတ်လုပ်ဖြန့်ချိသော Pixar ကာတွန်းရုပ်ရှင်ကုမ္ပဏီမှ ၂၀၁၅ အတွင်း ဖြန့်ချိသော ဒုတိယမြောက် ကာတွန်းဇာတ်ကားဖြစ်သည်။ ၁၉၈၈ ခုနှစ်က ဒွန်ဘွန်၏ 2-D ကာတွန်းဇာတ်ကား The Land Before Time ကို ပြန်သတိရစေမည့် ဤဇာတ်ကားကို ကာတွန်းချစ်သူအားလုံး နှစ်သက်ဖို့ ကျိန်းသေပါသည်။*

*(ကြာမြင့်ချိန် မိနစ် ၁၀၀ ရှိ ဤဇာတ်ကားကို Disney, Pixar က ရုံတင်ပြီးနောက် ဒီဗွီဒီအဖြစ် ထုတ်လုပ်ဖြန့်ချိထားသည်။)*

ဧရာ



www.burmeseclassic.com

www.burmeseclassic.com




ကလေးတို့ရေ.. ဆူးကလေးဟာ စာတော်တဲ့ ကျောင်းသားတစ်ယောက်ဖြစ်သလို ဆရာ.ဆရာမ မေးသမျှ ကပ်သီးကပ်သပ် မေးတတ်တဲ့သူတစ်ဦးပေါ့ကွယ်..










www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

# သူ့လက်ရာ

ဤသူ့လက်ရာ..ကလေးကဏ္ဍအတွက် ကလေးများကိုယ်တိုင်ရေးဆွဲသည့် တစ်မျက်နှာစာ ကာတွန်းများ ပေးပို့နိုင်ပါသည်။ ကာတွန်းဆရာသစ်များ ပေါ်ထွက်လာစေရန် ရည်ရွယ်ပါသည်။ ကာတွန်းရွေးချယ်ခံရပါက စာမူခနှင့် လက်ဆောင်မဂ္ဂဇင်း ပေးပို့ပါမည်။

မောင်ရဲဝင်းမောင်၊ အောင်ချမ်းသာရပ်၊ မြို့သစ်(၁)လမ်း၊ ရေဦးမြို့။ C/O ဦးနိတာ

## ဒေါသကြီးသူ






www.burmeseclassic.com

www.burmeseclassic.com

## ဂုဏ်ယူဝမ်းမြောက်ကြောင်း ဖော်ပြအပ်ပါသည်

ရတနာပန်းခင်းရုပ်စုံမဂ္ဂဇင်းတွင် အစဉ်ရေးသားလျက်ရှိကြသော မဲခေါင်စာပေဆု(ကဗျာ) ရရှိခဲ့သည့် **ဆရာမင်းရွှေမင်း(အင်းစိန်)** ၂၀၁၄ ခုနှစ် အမျိုးသား စာပေဆုရရှိခဲ့ကြသည့် 'ပန်းစုံရွှေပြည် ကလေးကဗျာများ'ဖြင့် အမျိုးသားစာပေဆု(ကလေးစာပေ) ရရှိခဲ့သူ **ဆရာဇော်မျိုးသန့်(ငါးသိုင်းချောင်း)၊** 'ကိုယ့်ကိုယ်ကိုတိုး တိုး၍သာဝင်' စာအုပ်ဖြင့် အမျိုးသားစာပေဆု(ဘာသာပြန်သုတ) ရရှိသူ **ဆရာမ နတ်မောက်အနိချိုတို့**အားလည်းကောင်း၊ ၂၀၁၄ ခုနှစ်၊ စာပေဗိမာန်စာမူဆုအတွက် 'ချိုးကူသံပေး ပလွေတေးနှင့် ငှါမွေးရုပ်ရှာကဗျာများ' စာမူဖြင့် ၂၀၁၄ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု (ကဗျာ ပေါင်းချုပ်)ရရှိသူ **ဆရာမောင်သာလင်း၊** 'ကျူရှင်နှင့် အခြားကလေးဝတ္ထုတိုများ'စာမူဖြင့် စာပေ ဗိမာန်စာမူဆု(ကလေးစာပေ) ပထမရရှိသူ **ဆရာရဲဘော်မြသိန်း(ဟိုပုန်း)၊** 'မင်္ဂလာရှိသောနေ့ ကလေးကဗျာများ'စာမူဖြင့် စာပေဗိမာန်စာမူဆု(ကလေးစာပေ) ဒုတိယရရှိသူ **ဆရာနန္ဒာမိုးကြယ်** တို့အားလည်းကောင်း ဆုများအသီးသီးဆွတ်ခူးရရှိခဲ့ကြ၍ ဝမ်းမြောက်ဂုဏ်ယူပါကြောင်း မှတ်တမ်း တင် ဖော်ပြအပ်ပါသည်။

*ရတနာပန်းခင်းရုပ်စုံမဂ္ဂဇင်း*

## စာမူရှင်များသို့ မေတ္တာရပ်ခံခြင်း

ရတနာပန်းခင်းရုပ်စုံမဂ္ဂဇင်းတွင် တချို့စာမူရှင်များသည် စာမူပါရှိသော်လည်း စာမူခများ မထုတ်ယူကြသေးသည်ကို တွေ့ရပါသည်။ သို့ပါ၍ မိမိစာမူပါရှိသည့် နှစ်၊ လကို ဖော်ပြကာ စာမူခ နှင့် လက်ဆောင်စာအုပ်များ ထုတ်ယူကြပါရန်နှင့် ကိုယ်စားလှယ်ဖြင့် ထုတ်ယူလိုပါက ကိုယ်စားလှယ် လွှဲစာ ရေးသား၍ ထုတ်ယူနိုင်ပါကြောင်း ဖော်ပြအပ်ပါသည်။

ရတနာပန်းခင်း ရုပ်စုံမဂ္ဂဇင်းသို့ စာမူများပေးပို့ရာတွင် စာမူရှင်၏လိပ်စာကို စာမူ၏ နောက် ဆုံးစာမျက်နှာတွင် **တိကျမှန်ကန်ရှင်းလင်းစွာ** ရေးသားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ လိပ်စာကို စာအိတ်ပေါ်တွင်သာ ရေးသားပါက စာမူရှင်သို့ဆက်သွယ်ရန် အခက်အခဲနှင့် ကြုံတွေ့ရပါသည်။ စာမူခနှင့် လက်ဆောင်စာအုပ်ပေးပို့ရာတွင် လိပ်စာရှာမတွေ့မှုနှင့် မကြာခဏကြုံတွေ့ရ၍ စာမူ၏ နောက်ဆုံးစာမျက်နှာ အောက်ဆုံးတွင်လည်း လိပ်စာရေးထိုးပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

*ရတနာပန်းခင်းရုပ်စုံမဂ္ဂဇင်း*



www.burmeseclassic.com

www.burmeseclassic.com

ရတနာပန်းခင်း
ရုပ်စုံမဂ္ဂဇင်း
အတွဲ ၂၀၊ အမှတ် ၈၊ ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ။

## ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ [၁]

**[အဖြေမှန်သူများစာရင်း]**

၁။ နန်းခမ်းသဝင်ဖူး (လဲချားမြို့) ၂။ မောင်မင်းဖြိုးဇော် (တောင်ကြီးမြို့)

[ဤပြိုင်ပွဲတွင် အဖြေမှန်သူ ၂ ဦးရှိရာ အဖြေမှန်သူများထဲမှ တစ်ဦးကို မဲစနစ်ဖြင့် ရွေးချယ်ခဲ့ရာ အမှတ်စဉ် ၁။ မောင်မင်းဖြိုးဇော်၊ ဆဋ္ဌမတန်း(A)၊ အ. မ. တ(၄) (အ. လ. က-ခွဲ)၊ တောင်ကြီးမြို့သည် ကံထူးရှင်အဖြစ် ရွေးချယ်ခံရကြောင်း ကြေညာအပ်ပါသည်။

ဆုရသူအား ဆုအဖြစ် ဆုငွေ ၁၅၀၀ ကျပ်နှင့်အတူ Oxford Learner's Pocket Dictionary 2005 နှင့် ရတနာပန်းခင်းရုပ်စုံမဂ္ဂဇင်းတို့ကို ချီးမြှင့်မည်ဖြစ်ပါသည်။]

## ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ [၂]

**[အဖြေမှန်သူများစာရင်း]**

၁။ မောင်မင်းဖြိုးဇော် (တောင်ကြီးမြို့) ၂။ နန်းခမ်းသဝင်ဖူး (လဲချားမြို့)

[ဤပြိုင်ပွဲတွင် အဖြေမှန်သူ ၂ ဦးရှိရာ အဖြေမှန်သူများထဲမှ တစ်ဦးကို မဲစနစ်ဖြင့် ရွေးချယ်ခဲ့ရာ အမှတ်စဉ် ၂။ နန်းခမ်းသဝင်ဖူး၊ ပဉ္စမတန်း(A)၊ အ. ထ. က၊ လဲချားမြို့သည် ကံထူးရှင်အဖြစ် ရွေးချယ်ခံရကြောင်း ကြေညာအပ်ပါသည်။

ဆုရသူအား ဆုအဖြစ် ဆုငွေ ၁၅၀၀ ကျပ်နှင့်အတူ Oxford Learner's Pocket Dictionary 2005 နှင့် ရတနာပန်းခင်းရုပ်စုံမဂ္ဂဇင်းတို့ကို ချီးမြှင့်မည်ဖြစ်ပါသည်။]

## ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ [၃]

**[အဖြေမှန်သူများစာရင်း]**

အဖြေမှန်သူ တစ်ဦးမျှ မရှိပါ။

## ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ [၄]

**[အဖြေမှန်သူများစာရင်း]**

အဖြေမှန်သူ တစ်ဦးမျှ မရှိပါ။

## ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ [၅]

**[အဖြေမှန်သူများစာရင်း]**

မောင်ဝေယံမင်းသူ၊ ဒသမတန်း၊ အ. ထ. က၊ ရေကြည်မြို့။


[ဤပြိုင်ပွဲတွင် အဖြေမှန်သူ တစ်ဦးသာရှိရာ အဖြေမှန်သူအား ဆုငွေ ၁၅၀၀ ကျပ်နှင့်အတူ Oxford Learner's Pocket Dictionary 2005 နှင့် ရတနာပန်းခင်းရုပ်စုံမဂ္ဂဇင်းတို့ကို ချီးမြှင့်မည်ဖြစ်ပါသည်။]

## ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ [၆]

အဖြေမှန်သူ တစ်ဦးမျှ မရှိပါ။

ရတနာပန်းခင်း
အတွဲ ၂၀၊ အမှတ် ၈၊ ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ။

## ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ[၁]အဖြေ






www.burmeseclassic.com

www.burmeseclassic.com

## ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ(၂)အဖြေ



## ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ(၃)အဖြေ

**Dwight, Woodrow, Zachary, Cleveland, Ulysse**

<u>သက်သေပြချက်</u>

Cleveland သည် အမေရိကန်သမ္မတတစ်ဦး၏ မျိုးရိုးအမည်ဖြစ်၍ ကျန်အားလုံးသည် အစပထမ အမည်များဖြစ်ကြပါသည်။ (It is the surname of an American President and the others are first name)

## ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ(၄)အဖြေ

**130, 215, 300, 345, ?**

အဖြေ - 430

<u>သက်သေပြချက်</u>

ဖော်ပြပါ ကိန်းများသည် နာရီအချိန်များ ဖြစ်ကြသည်။ 1:30 နာရီ 2:15 နာရီ 3:00 နာရီ 3:45 နာရီ တစ်ချိန်နှင့်တစ်ချိန် 45 မိနစ်စီ ကွာခြားကြသည်။ အစက်များကို ဖျောက်ထားခြင်း ဖြစ်ကြသည်။

1:30 + 45 မိနစ် = 2:15 နာရီ


2:15 + 45 မိနစ် = 3 နာရီ

3 နာရီ + 45 မိနစ် = 3:45 နာရီ

ထို့ကြောင့်

3:45 နာရီ + 45 မိနစ် = 4:30 ဖြစ်ရာ မေးခွန်းသင်္ကေတနေရာ၌ လိုနေသောကိန်းမှာ 430 ဖြစ်ပါသည်။

## ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ(၅)အဖြေ




အဖြေ - 20

<u>သက်သေပြချက်</u>

$(7 \times 6) \div 3 = 42 \div 3 = 14$

$(9 \times 8) \div 3 = 72 \div 3 = 24$

ထို့ကြောင့်

$(12 \times 5) \div 3$

$60 \div 3 = 20$ ဖြစ်ရာ မေးခွန်းသင်္ကေတနေရာ၌ လိုနေသောကိန်းမှာ 20 ဖြစ်ပါသည်။

## ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ(၆)အဖြေ

၁။ **အန္တာတိကတိုက်တွင် သစ်ပင်များ ရှိပါသလား။**
အန္တာတိကတိုက်တွင် သစ်ပင်အနည်းငယ်သာ ရှိပါသည်။

၂။ **ဝက်ထီးနှင့် ဝက်မတို့ကို မည်သို့ ခေါ်ဆိုပါသနည်း။**
ဝက်ထီးကို Boar တောဝက်နှင့် ဝက်မကို Sow ဝက်မကြီးဟူ၍ ခေါ်ဆိုပါသည်။

၃။ **ပစိဖိတ်သမုဒ္ဒရာတွင် အနက်ဆုံးနေရာမှာ မည်မျှအနက်ရှိသနည်း။**
ပစိဖိတ်သမုဒ္ဒရာတွင် အနက်ဆုံးနေရာမှာ



www.burmeseclassic.com

www.burmeseclassic.com

၁၀,၉၀၀ မီတာ အနက်ရှိပါသည်။

၄။ **ဥသြငှက်နာရီများ Cuckoo Clocks ဖြင့် ထင်ရှားကျော်ကြားသည့် တိုင်းပြည်မှာ မည်သည့်တိုင်းပြည်ဖြစ်သနည်း။**

ဥသြငှက်နာရီများ Cuckoo Clocks ဖြင့် ထင်ရှားကျော်ကြားသည့် တိုင်းပြည်မှာ ဆွစ်ဇာလန်တိုင်းပြည် ဖြစ်ပါသည်။

၅။ **ဖျံသတ္တဝါများတွင် အသက်အငယ်ဆုံး ဖျံမှာ မည်သည့်ဖျံ ဖြစ်သနည်း။**

ဖျံသတ္တဝါများတွင် အသက်အငယ်ဆုံး ဖျံမှာ ringed seal ဖြစ်ပါသည်။

၆။ **ပျားတစ်ကောင်တွင် မျက်လုံးမည်မျှရှိသနည်း။**

ပျားတစ်ကောင်တွင် မျက်လုံးငါးလုံး ရှိပါသည်။

၇။ **ဒုတိယကမ္ဘာစစ်အတွင်းက အသုံးပြုခဲ့သော 'ဟော်ဆာ' Horsa အမည်ရှိ ယာဉ်မှာ မည်သည့်ယာဉ် ဖြစ်သနည်း။**

ဒုတိယကမ္ဘာစစ်အတွင်းက အသုံးပြုခဲ့သော 'ဟော်ဆာ' Horsa အမည်ရှိ ယာဉ်မှာ လေအဟုန်ဖြင့် သွားသည့် စက်မဲ့လေယာဉ် glider ဖြစ်ပါသည်။


၈။ **မြန်မာ–ယိုးဒယား(ထိုင်း)နိုင်ငံကို ဆက်သွယ်သော အရှေ့တောင်အာရှ၏ သေမင်းတမန် မီးရထားလမ်းဖောက်လုပ်မှုကို မည်သည့်နှစ်တွင် မည်သူက စီမံကိန်းရေးဆွဲကာ စတင်ဖောက်လုပ်ခဲ့သနည်း။**

မြန်မာ–ယိုးဒယား(ထိုင်း)နိုင်ငံကို ဆက်သွယ်သော အရှေ့တောင်အာရှ၏ သေမင်းတမန် မီးရထားလမ်းဖောက်လုပ်မှုကို ၁၉၄၂ နှစ်တွင် ဂျပန်ဘုရင့်တပ်မတော် စစ်ဝန်ကြီး ဂျင်နရယ် တိုကျိုက မီးရထားဖောက်လုပ်ရန်အတွက် စီမံကိန်းရေးဆွဲပြီး ၁၉၄၂ ခုနှစ်မှ ၁၉၄၅ ခုနှစ်အထိ ဖောက်လုပ်ခဲ့ပါသည်။

*[ယိုးဒယား(ထိုင်း)နိုင်ငံရှိ ဘန်းပလား၊ ကချနပူရီနှင့် ဆန်ပေါ်ဘူတာမှ စတင်၍ မြန်မာနိုင်ငံရှိ ကွေ့မဖြစ်ကို ဖြတ်သန်းကာ မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့အထိ မီးရထားလမ်းအရှည် ၁၇၅ မိုင်ဖောက်လုပ်ခဲ့ခြင်းဖြစ်ကာ မီးရထားလမ်းဖောက်လုပ်ရာတွင် အကြောင်းအမျိုးမျိုးကြောင့် မြန်မာနိုင်ငံမှ ချွေးတပ်သားပေါင်း ၈၀၀၀၀ ကျော်အပါအဝင် စစ်သုံ့ပန်း ချွေးတပ်သားပေါင်း ၁၃၅၀၀ ကျော် သေကျေပျက်စီးခဲ့သည်။]*

၉။ **မြန်မာ့သမိုင်းတွင် ဒုတိယမြန်မာနိုင်ငံကို ထူထောင်ခဲ့သူမှာ မည်သူဖြစ်၍ မည်သည့်အရပ်ဒေသတွင် ကြီးကျယ်ခမ်းနားသော နန်းတော်ကြီးကို တည်ဆောက်ခဲ့သနည်း။**

မြန်မာ့သမိုင်းတွင် ဒုတိယမြန်မာနိုင်ငံကို ထူထောင်ခဲ့သူမှာ ဆင်ဖြူရှင်မင်းတရားကြီးအမည်ရ ဘုရင့်နောင်ကျော်ထင်နော်ရထာဖြစ်၍ ပဲခူး၊ ဟံသာဝတီဒေသတွင် ကြီးကျယ်ခမ်းနားသော ကမ္ဘောဇသာဒီနန်းတော်ကြီးကို တည်ဆောက်ခဲ့လေသည်။





www.burmeseclassic.com

www.burmeseclassic.com

# ရတနာပန်းခိုင်

ရုပ်စုံမဂ္ဂဇင်း

## အတွဲ ၂၀၊ အမှတ် ၁၁၊ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ

## ဗဟုသုတဉာဏ်စမ်းပဟေဠိပြိုင်ပွဲ [၆]

၁။ ကမ္ဘာ့သစ်ခေါ် မြောက်အမေရိကတိုက်ကို ၁၄၉၂ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်နေ့တွင် တွေ့ရှိခဲ့သော ဂန္တဝင်နယ်မြေသစ်ရှာဖွေသူ ခရစ္စတိုဖာကိုလံဘတ်၏ ကမ္ဘာ့သစ်ခရီးစဉ်မတိုင်မီ ကျူးရင့်လိုက်သော ဥဒါန်းစကားမှာ မည်သည့်စကား ဖြစ်သနည်း။

၂။ ၁၇၀၈ ခုနှစ်၊ ဖွန်လအတွင်းက ဗြိတိသျှရေတပ်၏ တိုက်ခိုက်မှုကြောင့် ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြားလက်ဝတ်ရတနာများကို စုစည်းတင်ဆောင်လာသည့် 'ဆန်ဟိုဆေး' စပိန်ရွက်သင်္ဘောကြီးသည် မည်သည့်နေရာတွင် နစ်မြုပ်ခဲ့ကာ ယခုအခါ၌ သင်္ဘောပျက်ကို မည်သည့်နေရာတွင် ပြန်လည်တွေ့ရှိခဲ့သနည်း။

၃။ ၁၉၄၄ ခုနှစ်၊ မေလ ၈ ရက်တွင် ပညာတံခွန်အသင်းက ပုဂ္ဂိုလ်ကြီးများ၊ မြန်မာနိုင်ငံစာ စာရေးဆရာအသင်းက ပုဂ္ဂိုလ်များသည် စာဆိုတော်နေ့ကျင်းပရေး အစည်းအဝေးတစ်ရပ် ကျင်းပကာ 'ဦးပုည်နေ့' ၏ အစား နှစ်စဉ် နတ်တော်လဆန်း ၁ ရက်နေ့ ရောက်တိုင်း မည်သည့်နေ့အဖြစ် သတ်မှတ်၍ ကျင်းပရန် ဆုံးဖြတ်ခဲ့ကြသနည်း။

၄။ ကမ္ဘာ့လူဦးရေ၏ မည်သည့်ရာခိုင်နှုန်းသည် ဒိုင်လူကြီးများ၊ နည်းပြများနှင့် အားကစားနှင့် အသက်မွေးဝမ်းကျောင်းပြုသူများ ဖြစ်ကြသနည်း။

၅။ အာကာသအတွင်း ပထမဆုံး နေထိုင်ခဲ့သည့် သက်ရှိသတ္တဝါမှာ မည်သည့်သတ္တဝါ ဖြစ်ပါသနည်း။

၆။ သမိုင်းမတင်မီခေတ်က အကြီးဆုံး ပင်လယ်နို့တိုက်သတ္တဝါကြီးမှာ မည်သည့်သတ္တဝါဖြစ်ပါသနည်း။

၇။ ပင်လယ်ရေမှ တစ်နှစ်လျှင် ဆားတန်ချိန် မည်မျှထုတ်လုပ်ရရှိသနည်း။

၈။ ကမ္ဘာ့ဘာသာစကားများတွင် စကားလုံးအများဆုံး ဘာသာစကားမှာ မည်သည့်ဘာသာစကားဖြစ်သနည်း။

၉။ မြန်မာ့သမိုင်းတွင် တူရိယာပစ္စည်းများကို မည်သည့်ခေတ်ယဉ်ကျေးမှုမှ စတင်သုံးစွဲခဲ့သနည်း။

[ အဖြေမှန်သူကို ဆုအဖြစ် ပထမ ၅၀၀၀ ကျပ်၊ ဒုတိယ ၃၀၀၀ ကျပ်၊ တတိယ ၂၀၀၀ ကျပ်နှင့် Oxford learner's Pocket Dictionary 2005 နှင့် ရတနာပန်းခိုင်ရုပ်စုံမဂ္ဂဇင်းတစ်အုပ် ချီးမြှင့်မည်ဖြစ်ပါသည်။ အဖြေမှန်သူတစ်ယောက်ထက်များနေပါက အဖြေမှန်သူများထဲမှတစ်ဦးကို မဲစနစ်ဖြင့်ရွေးချယ်ကာ ဆုချီးမြှင့်ပါမည်။ အလယ်တန်းနှင့် အထက်တန်းကျောင်းသူ၊ ကျောင်းသားများသာ ပါဝင်ယှဉ်ပြိုင်ခွင့်ရှိသည်။ ဖော်ပြပေးထားသည့် ပြိုင်ပွဲဝင်ပုံစံဖြင့်သာ ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ပြိုင်ပွဲအဖြေလွှာများကို **ရတနာပန်းခိုင် ရုပ်စုံမဂ္ဂဇင်းတိုက်၊ အမှတ်-၈၀(A)၊ အပေါ်ဆုံးထပ်၊ ၁၂၄ လမ်း၊ သပြေကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့**သို့ လိပ်မူ၍ ၁-၂-၂၀၁၆ ရက်နေ့ အရောက်ပေးပို့ရပါမည်။ ပြိုင်ပွဲဝင်ပုံစံကို စာအုပ်အနောက်ဘက်တွင် ဖော်ပြပေးထားပါသည်။ ]



www.burmeseclassic.com

www.burmeseclassic.com

ရုပ်စုံမဂ္ဂဇင်း

အတွဲ ၂၀၊ အမှတ် ၁၁၊ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ

## ဗဟုသုတ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ-၁ (ပြိုင်ပွဲဝင်ပုံစံ)

ပြိုင်ပွဲဝင်သူ၏အမည် ............................................................

အတန်းနှင့်ကျောင်းလိပ်စာ ............................................................

မွေးသက္ကရာဇ် ............................................................

မိဘအမည် ............................................................

မှတ်ပုံတင်အမှတ်(ရှိပါက) ............................................................

နေရပ်လိပ်စာအပြည့်အစုံ ............................................................

အဖြေ

(ဤပုံစံဖြည့်စွက်ချက်နှင့်အတူ အဖြေများကို သီးခြားစာရွက်တွင် ဖြေဆိုကာ ပူးတွဲ၍ပေးပို့ရပါမည်။)

ရုပ်စုံမဂ္ဂဇင်း

အတွဲ ၂၀၊ အမှတ် ၁၁၊ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ

## ဗဟုသုတ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ-၂ (ပြိုင်ပွဲဝင်ပုံစံ)

ပြိုင်ပွဲဝင်သူ၏အမည် ............................................................

အတန်းနှင့်ကျောင်းလိပ်စာ ............................................................

မွေးသက္ကရာဇ် ............................................................

မိဘအမည် ............................................................

မှတ်ပုံတင်အမှတ်(ရှိပါက) ............................................................

နေရပ်လိပ်စာအပြည့်အစုံ ............................................................

အဖြေ

(ဤပုံစံဖြည့်စွက်ချက်နှင့်အတူ အဖြေများကို သီးခြားစာရွက်တွင် ဖြေဆိုကာ ပူးတွဲ၍ပေးပို့ရပါမည်။)

ရုပ်စုံမဂ္ဂဇင်း

အတွဲ ၂၀၊ အမှတ် ၁၁၊ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ

## ဗဟုသုတ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ-၃ (ပြိုင်ပွဲဝင်ပုံစံ)

ပြိုင်ပွဲဝင်သူ၏အမည် ............................................................

အတန်းနှင့်ကျောင်းလိပ်စာ ............................................................

မွေးသက္ကရာဇ် ............................................................

မိဘအမည် ............................................................

မှတ်ပုံတင်အမှတ်(ရှိပါက) ............................................................

နေရပ်လိပ်စာအပြည့်အစုံ ............................................................

အဖြေ

(ဤပုံစံဖြည့်စွက်ချက်နှင့်အတူ အဖြေများကို သီးခြားစာရွက်တွင် ဖြေဆိုကာ ပူးတွဲ၍ပေးပို့ရပါမည်။)



www.burmeseclassic.com

www.burmeseclassic.com

ရုပ်စုံမဂ္ဂဇင်း

အတွဲ ၂၀၊ အမှတ် ၁၁၊ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ

## ဗဟုသုတ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ-၄ (ပြိုင်ပွဲဝင်ပုံစံ)

ပြိုင်ပွဲဝင်သူ၏အမည် ..........................................

အတန်းနှင့်ကျောင်းလိပ်စာ ..........................................

မွေးသက္ကရာဇ် ..........................................

မိဘအမည် ..........................................

မှတ်ပုံတင်အမှတ်(ရှိပါက) ..........................................

နေရပ်လိပ်စာအပြည့်အစုံ ..........................................

အဖြေ

(ဤပုံစံဖြည့်စွက်ချက်နှင့်အတူ အဖြေများကို သီးခြားစာရွက်တွင် ဖြေဆိုကာ ပူးတွဲ၍ပေးပို့ရပါမည်။)

ရုပ်စုံမဂ္ဂဇင်း

အတွဲ ၂၀၊ အမှတ် ၁၁၊ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ

## ဗဟုသုတ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ-၅ (ပြိုင်ပွဲဝင်ပုံစံ)

ပြိုင်ပွဲဝင်သူ၏အမည် ..........................................

အတန်းနှင့်ကျောင်းလိပ်စာ ..........................................

မွေးသက္ကရာဇ် ..........................................

မိဘအမည် ..........................................

မှတ်ပုံတင်အမှတ်(ရှိပါက) ..........................................

နေရပ်လိပ်စာအပြည့်အစုံ ..........................................

အဖြေ

(ဤပုံစံဖြည့်စွက်ချက်နှင့်အတူ အဖြေများကို သီးခြားစာရွက်တွင် ဖြေဆိုကာ ပူးတွဲ၍ပေးပို့ရပါမည်။)

ရုပ်စုံမဂ္ဂဇင်း

အတွဲ ၂၀၊ အမှတ် ၁၁၊ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ

## ဗဟုသုတ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ-၆ (ပြိုင်ပွဲဝင်ပုံစံ)

ပြိုင်ပွဲဝင်သူ၏အမည် ..........................................

အတန်းနှင့်ကျောင်းလိပ်စာ ..........................................

မွေးသက္ကရာဇ် ..........................................

မိဘအမည် ..........................................

မှတ်ပုံတင်အမှတ်(ရှိပါက) ..........................................

နေရပ်လိပ်စာအပြည့်အစုံ ..........................................

အဖြေ

(ဤပုံစံဖြည့်စွက်ချက်နှင့်အတူ အဖြေများကို သီးခြားစာရွက်တွင် ဖြေဆိုကာ ပူးတွဲ၍ပေးပို့ရပါမည်။)

www.burmeseclassic.com

www.burmeseclassic.com

# SOLUTIONS

ဦးနောက်ရှင်ကြည်လန်းစေဖို့ ဉာဏ်စမ်း ကလေးတွေ ဖြေကြည့်စို့မှ အဖြေမှန်များ

၁။ ကိုယ့်ရဲ့နာမည်
၂။ လျှပ်စစ်
၃။ တော်သလင်း
၄။ ဝက်ထီးကန်
၅။ ကလေးဝမြို့
၆။ လေးမျက်နှာမြို့
၇။ တိမ်တိုက်
၈။ ရန်ကင်းမြို့နယ်
၉။ ဂေါက်သီး
၁၀။ ဝမ်းတွင်းမြို့
၁၁။ မှန်တိုင်း
၁၂။ လှရမ်းကား
၁၃။ နွားကျောင်းသား
၁၄။ သေနေ့
၁၅။ ပိုက်လုံး

**Answer**

1. The official tested the honesty of his houseboy by leaving a pound note on the table.
2. The official repeated this test at irregular interval.
3. The houseboy proved his honesty by returning the money to his master.
4. The official rewarded the houseboy by paying the money for his honesty.
5. When the official unwittingly left his wallet on the table, it disappeared.

အဖြေညှိကြည့်လိုက်ပါလားမှအဖြေ

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| လိပ် | ကျောက် | မြီး | | | ရွေး | ချယ် | တင် | မြှောက် | ပွဲ |
| သည်း | | ညှောင့် | | ကြွပ် | | | ပါး | | ကြီး |
| ကျောက် | | ရိုး | တိုး | ရှု | တ | | လွှဲ | ပြောင်း | ပွဲ |
| | စာ | | တိုး | | ရား | | ထိုင် | | ကောင်း |
| ကိုယ့် | ကိုယ် | ကို | ဖော် | မ | သူ | တော် | | မြောင် | |
| အ | | ရှင် | | ဦး | ကြီး | | မြိုင် | | နက် |
| ကြောင်း | လမ်း | | မောင်း | မ | | | ထ | မ | နဲ |
| နဲ့ | | | မ | ရှုတ် | ခ | ကန် | | ဆုတ် | |
| ကိုယ် | ရုံ | | မီ | | က | | | မ | |
| | ပိုင် | | သံ | | သီ | တာ | ရ | နစ် | တန် |

စကားထာပဟေဠိ အဖြေညှိရအောင်မှအဖြေ

၁။ မျက်ရည်
၂။ ဖယောင်းတိုင်
၃။ ကွမ်းယာ
၄။ တောက်တဲ့
၅။ ဝိဇ္ဇာ
၆။ ဘူတာရုံ
၇။ ဉာဉ်
၈။ မှတ်ပုံတင်
၉။ ကျားလျှာ
၁၀။ ကျားသစ်
၁၁။ ခေါ်ပျဉ်
၁၂။ ချာပါတီ
၁၃။ စာမေးပွဲ
၁၄။ ဆီးနှင်း
၁၅။ ဓာတ်လမ်း

မတူတဲ့အချက်တွေကို ဖော်ပြပေးပါမှအဖြေ



(မတူတဲ့အချက်တွေကို အမည်းဝိုင်းဖြင့် ဖော်ပြပေးထားပါတယ်။)

အရသာအမည်တွေကိုရှာပါမှ အဖြေ



စကားလုံးတွေကို မှန်အောင်ဖြည့်ပါမှ အဖြေ

1. House 2. Cheat 3. Ashes
4. Eight 5. Peach

တူတဲ့ပန်းနှစ်ပွင့်ကို ရွေးပေးပါမှ အဖြေ

ပန်းပွင့် 3 နှင့် 5



www.burmeseclassic.com